# အခြေခံစီးပွားရေး

## ဆရာလမ်းညွှန်











အရွယ်ရောက်သူပညာရေးစာစဉ် လူမှုရေးသိပ္ပံ

# သင်ရိုးစာအုပ်ကို အသုံးပြုခြင်း
# အခြေခံစီးပွားရေးစာအုပ်မှ သင့်ကို ကြိုဆိုနှုတ်ဆက်ပါတယ်

စာအုပ်အား သမာရိုးကျမဟုတ်သော ပညာရေးစနစ်တွင် ငယ်ရွယ်သူများနှင့် လူငယ်များကို သင်ကြားရန် စီစဉ်ရေးသားထားသည်။

## ၁။ ပြင်ဆင်ခြင်း

တချို့လူများကဲ့သို့သင်ဟာ စီးပွားရေးပညာရပ်ကို ကျွမ်းကျင်မှု ရှိချင်မှရှိလိမ့်မည်။ စာမသင်မီ ကျောင်းသားသုံးစာအုပ် နှင့် ဆရာသုံးစာအုပ်ကို စေ့စပ်သေချာစွာဖတ်ပါ၊ စာအုပ်က သင့်ကို အကူအညီများစွာ ပေးပါလိမ့်မယ်။ အရေးကြီးသည်မှာ ဆရာကိုင်စာအုပ်ထဲက အယူအဆများ။ စကားလုံးများ။ သင်ကြားရေးပုံစံနှင့် လုပ်ဆောင်ချက်တွေကို နားလည်စေရန် စာအုပ်မှ ကူညီပေးပါလိမ့်မည်၊

စာအုပ်ထဲက အကြောင်းအရာတွေကို အားလုံးနားလည်စရာမလိုပါ။ နားမလည်လျှင်လည်း စိတ်ဓာတ်မကျဘဲ နားမလည်တာကို ရှင်းပြနိုင်မည့် မိတ်ဆွေ၊ သူငယ်ချင်း၊ ဆရာတစ်ယောက်ယောက်ကို မေးဖို့ကျွန်မမေ့ပါနှင့်။ မည်သူမှ မရှင်းနိုင်လျှင်လည်း ဒီအပိုင်းကို မသင်ဘဲ တဖြည်းဖြည်းစဉ်းစားပါ။ သင်ခန်းစာ မစမီကြိုတင်ပြင်ဆင်တာကတော့ တကယ် အရေးကြီးပါသည်၊ ကိုယ်သင်မယ့် သင်ခန်းစာကို ဘယ်လိုနည်းနဲ့ သင်ရမယ်ဆိုတာ တိတိကျကျ နားလည်တယ်ဆိုတာ စာ မသင်ခင် ကိုယ့်ကိုယ်ကို သေချာဖို့ပါပဲ၊

## ၂။ ဘာသာစကား

စာအုပ်ကို အင်္ဂလိပ်စာဖြင့် ရေးထားသော်လည်း သင့်ကျောင်းသားနှင့် စာသင်ခန်းထဲမှာ သင်ကြားရမည့် ဘာသာ စကားကို သင်သာဆုံးဖြတ်ရမည်ဖြစ်သည်။ ပညာရပ်ဆိုင်ရာ အယူအဆများနှင့် ဝေါဟာရများကို ရှင်းပြရာတွင် မိခင်ဘာသာ စကားကိုသာ အသုံးပြုသင့်သည်၊ ထို့အပြင် ကျောင်းသားတွေကို သူတို့အမြင်ကို တင်ဆက်ခိုင်းရာမှာဖြစ်စေ၊ လုပ်ဆောင် ချက်များကို ဆောင်ရွက်ရာတွင်ဖြစ်စေ မိခင်ဘာသာစကားကို အဆင်ပြေသလို အသုံးပြုခွင့်ပေးသင့်ပါသည်။ စာအုပ်ကို လူမှုရေး သိပ္ပံဆိုင်ရာဘာသာရပ်နှင့် အင်္ဂလိပ်စာတွဲဖက်သင်ကြားပါက အင်္ဂလိပ်စကားကို တတ်နိုင်သမျှ များများသုံးသင့်သည်။ ကျောင်း သားများ လွယ်လင့်တကူ အသုံးပြုနိုင်ရန် အနည်းဆုံး အဘိဓာန်တစ်အုပ် စာသင်ခန်းထဲတွင် အချိန်တိုင်း ထားရှိသင့်သည်။

## ၃။ စာသင်ခန်းဖွဲ့စည်းပုံ

ဘာသာရပ်တွင် နှစ်ယောက်တွဲနှင့် အုပ်စုအလုပ်တာဝန်များပါရှိသဖြင့် အတန်းအရွယ်အစားနှင့် ရနိုင်သည့်အချိန်အပေါ်မူတည်၍ အုပ်စုတစ်စုတွင် ကျောင်းသားအရေအတွက် မည်မျှရှိသင့်သည်ကို ဆုံးဖြတ်သင့်သည်။ အုပ်စုအရွယ်ကြီးမားလျှင် ကျောင်းသားတချို့အတွက် ခိုင်းထားသောတာဝန်များ လုပ်ဆောင်ရန် လစ်ဟင်းနိုင်သည်။ ကျောင်းသားများကို အုပ်စု(ဝါ) နှစ် ယောက်တွဲ တာဝန်များတွင် ထပ်ခါထပ်ခါ မထားသင့်ပါ။ အုပ်စုဖွဲ့ခြင်းကို မဲခွဲကာ ပြောင်းပေးပါ။

## ၄။ အလုပ်တာဝန်များကို ခိုင်းစေခြင်း

စာအုပ်တွင် အလုပ်တာဝန်များစွာ ပါရှိသည်။ အချိန်မရလျှင် မိမိလုပ်ချင်သောအလုပ်တာဝန်များနှင့် အချိန်မပေးနိုင် သောတာဝန်များကို ဆုံးဖြတ်ရမည်။ သတိပေးချက် ဆရာကိုင်စာအုပ်ထဲရှိ အလုပ်အားလုံး လုပ်စရာမလိုပါ။ ကျောင်းသားများ ရမည့်အချိန်အပေါ် မူတည်၍ အသင့်တော်ဆုံး လုပ်ဆောင်ရမည့် တာဝန်ကို ရွေးပေးပါ။

## ၅။ သင်ခန်းစာများနှင့် အလုပ်လုပ်ခြင်း

ကျောင်းသားသုံးစာအုပ်တွင် ရေးသားထားသော စာမှာအတော်များပြားသည်။ စာအုပ်ထဲက စာကိုဖတ်ရန် သမာရိုးကျ နည်းလမ်းကို အသုံးမပြုသင့်ချေ။ ယင်းအတွက် အကြံပြုချက်များမှာ–

၁။ ကျောင်းသားများအား စာအုပ်ထဲကစာများကို သူတို့အား ဖတ်ခိုင်း၍ သူတို့ နားလည်မှုစွမ်းရည်ကို စစ်ဆေးပါ။

၂။ ကျောင်းသားများကို နှစ်ယောက်တွဲထားကာ စာကို အတူတူဖတ်၍ ဆွေးနွေးခိုင်းပါ။

၃။ ကျောင်းသားများအား အတန်းထဲတွင် စာကို အသံထွက်ဖတ်ခိုင်းပြီး အတူတူဆွေးနွေးပါ။

၄။ ကျောင်းသားများကို နှစ်ယောက်တွဲဖြင့်လည်းကောင်း၊ အုပ်စုဖွဲ့ခြင်းဖြင့်လည်းကောင်း စာကိုဖတ်ခိုင်းပြီး အဓိကအချက်များ ကို မိခင်ဘာသာဖြင့် အနှစ်ချုပ်ရေးခိုင်းပါ။ ထို့နောက် အနှစ်ချုပ်ကို အတန်းကို ဖတ်ပြခိုင်းပြီး သဘောတူ၊ မတူ စစ် ဆေးပါ။

## ၆။ သင်မကြိုက်လျှင် ပြောင်းလဲပစ်ပါ

ကျောင်းသားများကို စာသင်ရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်းကို စဉ်းစားမိပါက သင်ကြားရေးတွင် ထည့်သွင်းရန် ကြိုးစားပါ။ သင့်ကျောင်းသားများ၊ အခြေအနေကို သင်မှလွဲ၍ မည်သူကမှ ကောင်းကောင်းမသိပါ။

## ၁။ နိဒါန်း

| |
|---|
| 'စီးပွားရေး' ဟူသော ဝေါဟာရသည် ဂရိစကားလုံးများဖြစ်သော 'အိမ်' ဟုအမည်ရသော 'oikon' နှင့်'စီမံခန့်ခွဲမှု' ဟုအမည်ရသော 'nomos' စကားလုံးများကို ပေါင်းစည်းထားခြင်းဖြစ်သည်။ ထို့ကြောင့် စီးပွားရေးဟူသည် တိုက်ရိုက်ဘာသာပြန်ရလျှင် အိမ်တွင်းစီမံခန်ခွဲရေးဟု ဆိုနိုင်သည်။ ယနေ့ခေတ်တွင် အဓိပ္ပယ်မှာ ပိုမိုကျယ်ပြန့်လာကာ ကမ္ဘာ့အရင်းအမြစ်များအားလုံးကို စီမံခန့်ခွဲရေးဟု ဆိုရမည်ဖြစ်သည်။ |

ကျောင်းသားများကို ပြဋ္ဌာန်းစာအုပ်များမပေးမီ စီးပွားရေးဆိုတာဘာလဲဟူသော မေးခွန်းကိုမေးပါ။ ယင်းအဖြေကို ကျောင်းသားများကို အုပ်စုသုံးစု(ဝါ)ငါးစုခွဲကာ စီးပွားရေးနှင့် ပတ်သက်သော စကားလုံးများကို စဉ်းစားခိုင်းပါ။ ဥပမာ သူတို့က ပိုက်ဆံ သို့မဟုတ် စီးပွားရေးလုပ်ငန်းဟု ဖြေကောင်းဖြေလိမ့်မည်။ စီးပွားရေးနှင့် စပ်လျဉ်းသော စကားလုံးများ စဉ်းစားရန် ၅ မိနစ်ခန့် အချိန်ပေးပါ။ အုပ်စုတစ်စုစီအား စကားလုံးတစ်လုံးစီမေးပြီး သင်ပုန်းပေါ်တွင် ရေးချကာ စကားလုံး ၁၅ လုံး ၂၀ ခန့် အောင်မေးပါ။

ထို့နောက် ကျောင်းသားတစ်ဦးစီကို သင်ပုန်းဆီသို့ ခေါ်ထုတ်ပါ။ သင်ပုန်းပေါ်မှစကားလုံးများကို ဆက်စပ်၍ မျဉ်းဖြင့် ဆက်သွယ်ခိုင်းကာ သူဆက်စပ်ပုံကို ရှင်းပြခိုင်းပါ။ ဥပမာ သူက စီးပွားရေးနှင့် ပိုက်ဆံကို မျဉ်းတားပါက သင်က စီးပွားရေးဆိုတာ ပိုက်ဆံရှာတာဟု ရှင်းပြနိုင်သည်။ ကျောင်းသားအနေဖြင့် သူ့ဆက်စပ်ချက် အကြောင်းပြချက်ကို ကွဲပြားစွာ ပေးနိုင်သရွေ့ လက်ခံပေးရမည်။ (ဥပမာ-စီးပွားရေးလုပ်ငန်းစတင်ရန် ပိုက်ဆံလိုအပ်သည်။)

စာသင်ခန်းသို့ ပစ္စည်းတစ်ခုခု ယူသွားပါ။ ဥပမာ-ဘောလ်ပင်တစ်ချောင်း ယူသွားပါ။ အတန်းအား အောက်ပါမေးခွန်းများကို မေးပါ။

| | |
|---|---|
| **ဒါကို ဘယ်မှာ လုပ်သလဲ။** | အဖြေ။ စက်ရုံတစ်ရုံ |
| **စက်ရုံမှာ ထုတ်လုပ်ပြီးတော့ ဘယ်ကိုရောက်သွားသလဲ။** | အဖြေ။ စတိုးဆိုင် |
| **စတိုးဆိုင်ကို ဘယ်လိုရောက်သွားသလဲ။** | အဖြေ။ ဗင်ကား(ဝါ)ကုန်တင်ကားဖြင့် |
| **ဒီဘောလ်ပင်ကို ဘယ်လို ရနိုင်သလဲ။** | အဖြေ။ စတိုးဆိုင်တွင် ဝယ်ရမည်။ |
| **ဘောလ်ပင်ကို ဘာနဲ့ဝယ်လို့ရမလဲ။** | အဖြေ။ ပိုက်ဆံဖြင့် |
| **ဒါကို ဘာအတွက် အသုံးပြုရမလဲ။** | အဖြေ။ စာရေးဖို့သုံးမည်။ |

**အောက်ပါအယူအဆများကို ကျောင်းသားများကို မိတ်ဆက်ပေးပါ။**

| | |
|---|---|
| **ထုတ်လုပ်ခြင်း** | ဘောလ်ပင်ကို စက်ရုံမှ ထုတ်လုပ်သည်။ |
| **ဖြန့်ချီခြင်း** | ဘောလ်ပင်ကို ဗင်ကား(ဝါ)ကုန်တင်ကားဖြင့် စတိုးဆိုင်သို့ သယ်ဆောင်သည်။ |
| **စားသုံးခြင်း** | ဝယ်သူက စာရေးရာတွင် အသုံးပြုသည်။ |

ကျောင်းသားများကို ကျောင်းသားသုံးစာအုပ်မှ စာမျက်နှာကို ဖွင့်ခိုင်းပါ။ ကျောင်းသားတစ်ယောက်ကို ယင်းစာမျက်နှာ ပေါ်ရှိ ပထမဦးဆုံးစကားပြောခန်းမှ ပထမစကားပြောကို ကျယ်ကျယ်ဖတ်ခိုင်းပါ။ ကျန်ရှိသော စကားပြောကိုလည်း တခြား ကျောင်းသားကို ဖတ်ခိုင်းပါ။

**လိုအပ်ချက်နှင့် လိုအင်ဆန္ဒတို့ ကွာခြားချက်ကို ရှင်းပြပါ။**

| | | |
|---|---|---|
| **လိုအပ်ချက်** | - | အသက်ရှင်ရပ်တည်ရန် လိုအပ်ချက်တစ်စုံတစ်ရာ |
| **အလိုဆန္ဒ** | – | အသက်ရှင်ရပ်တည်ရန် အရေးမပါသော်လည်း စိတ်ဆန္ဒကြောင့် လိုအပ်သော တစ်စုံတစ်ရာ |

### စဘောဂဗေဒဟူသည်အဘယ်နည်း။

စီးပွားရေးဆိုတာ ဘာလဲဟူသော စာပိုဒ်ကို ကျောင်းသားများကို ဖတ်ခိုင်းပါ။ ကျောင်းသားများ၊ နားလည်နိုင်စွမ်းကို စစ် ဆေးပါ။ ကိတ်မုန့်အပိုင်းအား ကျောင်းသားများနှင့် ဆွေးနွေးပါ။ ထုတ်လုပ်မှုဖြစ်စဉ် လုပ်ဆောင်နေသော နေရာ(စက်ရုံ)ကို ကျောင်းသားများ နားလည်မှုရှိ မရှိမေးမြန်းပါ။ ဖြန့်ချိရေးအကြောင်းကိုလည်း အလားတူမေးမြန်းပါ။ ထို့နောက် စားသုံးခြင်းအ ကြောင်းကိုလည်း မေးမြန်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီခွဲ၍ ထုတ်ကုန်တစ်ခု စီးပွားရေးထုတ်လုပ်ပုံကို ဆွဲခိုင်းပါ။ သူတို့အတွက် မိနစ်နှစ်ဆယ်ခန့် အချိန်ပေးပါ။ ကျောင်းသားတစ်တွဲစီကို အတန်းရှေ့ကိုခေါ်ကာ သူတို့ စီးပွားရေးလုပ်ငန်းမြေပုံကို ရှင်းပြခိုင်းပါ။

# ၂။ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ

## အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား ညွန်ကြားချက်များကို နားလည်အောင် ဖတ်ခိုင်းပါ။ ထို့နောက် အဆောက်အဦးနှင့် လူများ မရှိသော သူတို့ကျွန်းအတွက် **လိုအပ်သည်**ဟုထင်သော အရာသုံးမျိုးကို ချရေးပါ။ အတန်းကို ကျောင်းသား ၃ ဦးမှ ၅ ဦးပါဝင်သော အဖွဲ့များအဖြစ် ဖွဲ့စည်းပါ။ လေ့ကျင့်ခန်းများကိုလုပ်ရန် အချိန် ၁၀ မိနစ်ခန့်ပေးပါ။

ကျောင်းသားများ လေ့ကျင့်ခန်းပြီးသည်နှင့် တစ်ပြိုင်နက် အဖွဲ့အချင်းချင်း လဲလှယ်ခိုင်းပါ။ ထို့နောက် သူတို့ လေ့ကျင့်ခန်းများကို တစ်တန်းလုံးနှင့် အမှန်တကယ် လိုအပ်ခြင်းရှိမရှိ မေးမြန်း၍ သဘောတူသောအချက်များကို ချရေးပါ။

### *စာမသင်မီပြင်ဆင်ရန်*

ရှင်သန်ရန်(ကြိယာ) – အသက်ရှင်ရပ်တည်ရန်
ဆင်းရဲမှု (နာမ်) – ဆင်းရဲခြင်း

လိုအပ်ချက်နှင့် အလိုဆန္ဒအကြောင်း စာပိုဒ်နှစ်ပိုဒ်ကို ကျောင်းသားများကို ဖတ်ခိုင်းပါ။ **ပညာရေး ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဘေးကင်းမှု**တို့သည် လိုအပ်ချက်များဖြစ်ကြောင်းကို ရှင်းပြပါ။ အလိုဆန္ဒသည် လိုအပ်ချက်ထက် အမြဲတမ်း ပိုမိုကြီးမား လေ့ရှိကြောင်း ရှင်းပြပါ။

ကာတွန်းကိုကြည့်ခိုင်းပြီး ပါဝင်သော ပစ္စည်းများကို ရှင်းပြပါ။ ကာတွန်းထဲရှိ ပစ္စည်းများသည် အမှန်တကယ် လိုအပ်သော ပစ္စည်းများ ဟုတ်မဟုတ် ကျောင်းသားများကိုမေးမြန်းပါ။ ကာတွန်းထဲရှိစာအုပ်တချို့အား ပညာရေးတွင် ထည့်သွင်းနိုင်သည်မှတစ်ပါး ကျန်ပစ္စည်းများမှာ အမှန်တကယ်လိုအပ်ခြင်း ရှိမရှိ ဆွေးနွေးကာ လူသားများသည် ကုလားထိုင်၊ တင်းနစ်ရိုက်တံ၊ ပန်းချီကားများ။ ကက်ဆက်ခွေများမရှိဘဲ နေနိုင်ကြောင်း ရှင်းပြနိုင်သည်။

## ကိုယ်ပိုင်နည်းလမ်း

၂။ ကျောင်းသားများကို ၅ မိနစ်ခန့် အချိန်ပေးကာ သူတို့ထင်သော တကယ်လိုအပ်ချက်များကို ချရေးပါ။အတန်းအရွယ် အစားကြီးလျှင် ကျောင်းသားများကို အုပ်စုခွဲသင့်သည်။ ယင်းတို့ရေးထားသောစာရင်းကို ဖတ်ခိုင်းပြီးလျှင် တကယ်လိုအပ်ချက် ဖြစ်မဖြစ် ဆန်းစစ်ပါ။ ဥစ္စာဓန မညီမျှခြင်း (wealth inequality) ကို ကျောင်းသားများအား ဖတ်ခိုင်းပါ။

## ဆွေးနွေးခြင်း

၃။ သင့်ပတ်ဝန်းကျင်တွင် ဥစ္စာဓန မညီမျှခြင်း အများအပြားရှိပါသလား။ ဘာကြောင့်လဲ၊ ကျောင်းသားများ အမြင်များကို နားထောင်ပါ၊

# ၃။ ကုန်စည်နှင့်ဝန်ဆောင်မှုများ

ကတ်ကြေး၊ ဘောလ်ပင်၊ ဂဏန်းပေါင်းစက်စသော ပစ္စည်းအချို့ကို စာသင်ခန်းသို့ ယူဆောင်လာပါ။ ယင်းပစ္စည်းများနှင့် ဝန် ဆောင်မှုအကြောင်း ရှင်းပြပါ။

## စဉ်းစားခိုင်းခြင်း

၁။ ကုန်စည်နှင့် ဝန်ဆောင်မှုဆိုတာ ဘာလဲဆိုတာ သိပါသလား။ သင်သိသော ဥပမာများကို ဖော်ပြပါ။ ကျောင်းသားများ ၏ အကြံဉာဏ်ကို ဖော်ထုတ်ပါ။

ကုန်စည်နှင့်ဝန်ဆောင်မှုအကြောင်း စာပိုဒ်ကို ကျောင်းသားများကို ဖတ်ပြခိုင်းပါ။ ကုန်စည်များသည် အရာဝတ္ထုများဖြစ် ကြောင်းနှင့် ဝန်ဆောင်မှုဆိုသည်မှာ လုပ်ဆောင်ချက်ဖြစ်ကြောင်း ရှင်းပြပါ။ သင်ယူလာသော ပစ္စည်းတစ်ခုခုကို ကျောင်းသား တစ်ဦးအားပေး၍ ယင်းပစ္စည်းဖြင့် တခြားကျောင်းသားအား ဝန်ဆောင်မှုပေးခိုင်းပါ။ ကုန်စည်နှင့်ဝန်ဆောင်မှုများသည် တစ်ခါ တစ်ရံ ကုန်စည်ပစ္စည်းများဖြစ်၍ ရောင်းနိုင်၊ ဝယ်နိုင်ကြောင်း ရှင်းပြနိုင်သည်။

သင်ယူလာသော ပစ္စည်းများအနက် တစ်ခုကိုကိုင်ကာ ကျောင်းသားများကို ဒါကို ကုန်စည်လို့ခေါ်သလား။ ဝန်ဆောင်မှုလို့ ခေါ်သလားဟုမေးပါ။ (အဖြေမှန် ကုန်စည်)။ ယင်းပစ္စည်းကို အသုံးပြုသူတို့အား ဝန်ဆောင်မှုများကို ဖန်တီးခိုင်းပါ။ ယင်းလုပ် ဆောင်ချက်ကို ထပ်ခါထပ်ခါ ပြုလုပ်ပါ။

အတန်းသို့ ယူဆောင်လာသော ပစ္စည်းများဖြင့် ဝန်ဆောင်မှု မည်ကဲ့သို့ လုပ်ဆောင်နိုင်ကြောင်း ကျောင်းသားများကို မေးမြန်းပါ။ ဥပမာအားဖြင့် ကတ်ကြေး၊

| | |
|---|---|
| **ကတ်ကြေး** | ဆံပင်ညှပ်နိုင်သည်။ |
| **ဘောလ်ပင်** | စာမရေးနိုင်သော တစ်ယောက်ယောက်အတွက် စာရေးပေးနိုင်သည်။ |
| **ဂဏန်းပေါင်းစက်** | သချာၤအိမ်စာပါလာသောသူအတွက် ဂဏန်းတွက်ချက်နိုင်သည်။ |
| **ဂစ်တာ** | အတန်းအတွက် သီချင်းသီဆိုနိုင်သည်။ |
| **ပုံပြင်စာအုပ်** | သူငယ်ချင်းကို ပုံပြင်ပြောနိုင်သည်။ |

စာမျက်နှာပေါ်မှ ကျောင်းသားများထင်သော ကုန်စည်များကိုမေးပါ။ ပုံများမှာ ဘယ်ဘက်မှညာဘက်သို့ ဆန်၊ စာအုပ်၊ ဝက်၊ ဘောလ်ပင်၊ လုံချည်တို့ကို ပြသထားသည်။ စာမျက်နှာပေါ်ရှိ ဝန်ဆောင်မှုများကို မေးမြန်းပါ။ ပုံတွင် လူနှစ်ဦး ဆေးသုတ် နေပုံ။ အမျိုးသမီးတစ်ဦး စက်ချုပ်နေပုံ။ ဆံပင်ညှပ်နေပုံနှင့် ရထားပုံတို့ကို မြင်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ရထားသည် ကုန်စည်ဖြစ်သော်လည်း ရထားကို အသုံးပြုခြင်းဖြင့် တစ်နေရာသို့ သွားခြင်းသည်၊ ဝန်ဆောင်မှု ဖြစ်သည်။ ဆေးခန်း။ ကျောင်းနှင့် လက်ဖက်ရည်ဆိုင်စသော ဝန်ဆောင်မှုအမျိုးမျိုးကို ဖော်ပြထားသော စာများကို ကျောင်းသားများကို ဖတ်ခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ **ပိုစတာတင်ဆက်ခြင်း၊** ကျောင်းသားနှစ်ဦးစီ တွဲထားပါ။သူတို့တွေအား ပိုစတာနှစ်ချပ် ဆွဲရန် မိနစ်၃၀မှ ၄၀ ထိ အချိန်ပေးပါ။ ဆွဲပြီးသည်နှင့် တပြိုင်နက် ယင်းတို့၏ အယူအဆအား အတန်းအား အကျဉ်းချုပ်ရှင်းခိုင်းပါ။ ပိုစတာမရှိပါက ကျောက်သင်ပုန်းကို အသုံးပြုပါ၊

အားလုံးပြီးဆုံးသည်နှင့် တပြိုင်နက် တစ်တန်းလုံးအား မည်သည့်ပိုစတာက အကောင်းဆုံး ကုန်ပစ္စည်းများနှင့် အကောင်းဆုံး ဝန်ဆောင်မှုကို ပေးနိုင်သည်ကို ဆုံးဖြတ်ခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၁။ ကျောင်းသူကျောင်းသားများအား ၅ မိနစ်လောက်အချိန်ပေးပါ။ မည်သည့်ပုံသည် ကုန်စည်ဖြစ်ပြီး မည်သည့်သည် ဝန်ဆောင်မှုဖြစ်သည်ကို ဆုံးဖြတ်ခိုင်းပါ။ ထိုနောက် သူတို့ကို နှစ်ယောက်တစ်တွဲခိုင်းပြီး အဖြေများကိုရှင်တိုက်ခိုင်းပြီး ထိုအဖြေများအပေါ် တဘောတူညီမှုရှိပါသလား။ နောက်ဆုံးအနေဖြင့် ကျောင်းသူကျောင်းသားတစ်ယောက်ခြင်းစီအား သူတို့၏အဖြေများကိုပြောပြစေပြီး ကျန်သောအတန်းသူအတန်းသားအာလုံးဖြင့် အဖြေရှင်တိုက်ပါ။

| | | | |
|---|---|---|---|
| ရုပ်ပုံ | ၁ | လူနာတင်ကား | ဝန်ဆောင်မှု |
| ရုပ်ပုံ | ၂ | အများသုံးတယ်လီဖုန်း | ဝန်ဆောင်မှု |
| ရုပ်ပုံ | ၃ | စက်ဘီး | ကုန်စည် |
| ရုပ်ပုံ | ၄ | အမှိုက်ပုံး | ဝန်ဆောင်မှု |
| ရုပ်ပုံ | ၅ | မျက်မှန် | ကုန်စည် |
| ရုပ်ပုံ | ၆ | သွားဆရာဝန် | ဝန်ဆောင်မှု |
| ရုပ်ပုံ | ၇ | ဆံပင်ညှပ်သူ | ဝန်ဆောင်မှု |
| ရုပ်ပုံ | ၈ | ကွန်ပျူတာ | ကုန်စည် |
| ရုပ်ပုံ | ၉ | ဘတ်စ်ကား | ဝန်ဆောင်မှု |
| ရုပ်ပုံ | ၁၀ | ဗီတာမင် | ကုန်စည် |
| ရုပ်ပုံ | ၁၁ | မီးသတ်သမား | ဝန်ဆောင်မှု |
| ရုပ်ပုံ | ၁၂ | အအေးဗူး | ကုန်စည် |

တချို့ရုပ်ပုံများသည် ကုန်စည်အဖြစ်နှင့်ရော ဝန်ဆောင်မှုအနေဖြင့်ပါ သတ်မှတ်နိုင်ကြောင်း သတိပြုသင့်သည် ဥပမာ အားဖြင့် တယ်လီဖုန်းသည် ကုန်စည်ဖြစ်သော်လည်း အများပြည်သူသုံးတယ်လီဖုန်းသည် ဝန်ဆောင်မှုဖြစ်သည်။ ဘတ်စ်ကား သည် ကုန်စည်ဖြစ်သော်လည်း ခရီးသည်များကို ဝန်ဆောင်မှုပေးသည်။ ကွန်ပျူတာသည် ကုန်စည်ဖြစ်သော်လည်း အင်တာနက် သည် ဝန်ဆောင်မှုဖြစ်သည်၊

## ဆွေးနွေးခြင်း

၂။ အုပ်စုလေ့ကျင်ခန်းဆွေးနွေးရာတွင် ကျောင်းသားများ၏အကြံအဉာဏ်ကို အသုံးပြုပါ။ လူတို့အသက်ရှင် ရပ်တည်ရန် လူ့အဖွဲ့အစည်းတွင် အလိုအပ်ဆုံး ကုန်စည်နှင့် ဝန်ဆောင်မှုများကို မေးမြန်းပါ။ ယင်းတို့သည် ဆန်၊ ဟင်းသီးဟင်းရွက်၊ အသား၊ ရေ၊ အိမ်ယာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးစသည်တို့ဖြစ်သည်။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ နှစ်ယောက်တွဲ ကျောင်းသားတစ်တွဲစီကို မတူညီသော ကုန်စည်တစ်ခုကို ရှာဖွေခိုင်းပါ။ အတန်းထဲရှိ ကျောင်းသား တိုင်းအတွက် ကုန်စည်များအား စဥ်းစားစေပြီး စာရွက်များပေါ်တွင် ချရေးပါ။ ယင်းစာရွက်အပိုင်းကလေးများကို ဗုံးထဲထည့်ကာ ကျောင်းသားတစ်ဦးဆီကို ရွေးခိုင်းပါ။

## ၄၊ ရှားပါးခြင်း

### ကိုယ်ပိုင်နည်းလမ်း

၁။ ကျောင်းသားများအား သူတို့လိုချင်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရေးချရန် ၅ မိနစ်အချိန်ပေးပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ သင်ပုန်းပေါ်တွင် **အမည်၊ ဆန္ဒ၊ အကြောင်းပြချက် မရနိုင်သည့်အကြောင်းရင်း** စသည်တို့ကို ကော်လံလေးခု ဆွဲပါ။ ကျောင်းသားတစ်ယောက်စီကို အင်တာဗျူး အနည်းအငယ် မေးမြန်းပါ။ သူတို့အား သင်လိုချင်တဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုကိုပြောပြပါ။ **ဘာကြောင့်ကုန်စည်နဲ့ဝန်ဆောင်မှုတွေလိုချင်တာလဲ။ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ ဘာဖြစ်လို့ သင်မရနိုင်တာလဲ**ဟု မေးမြန်းပါ။

သူတို့နာမည်များကို အမည်ကော်လံတွင် ရေးသားပါ။ သူတို့လိုချင်သောအရာများကို ကုန်စည်နှင့်ဝန်ဆောင်မှုကော်လံတွင် ရေးသားပါ။ မရနိုင်သည့် အကြောင်းအချက်များကို စတုတ္ထကော်လံတွင် ရေးသားပါ။ ကျောင်းသားနှစ်ဦးကိုခေါ်ကာ တစ်ယောက် နှင့်တစ်ယောက် အထက်ပါမေးခွန်းများ အပြန်အလှန် မေးမြန်းစေပြီး ကော်လံများတွင် ဖြည့်ခိုင်းပါ။

ကျောင်းသားတစ်ဦးကို **ရှားပါးခြင်းအကြောင်း** စာပိုဒ်ကို ကျယ်ကျယ်ဖတ်ခိုင်းပါ။ **မလုံလောက်ခြင်း**ကို ရှားပါးခြင်းဟု နားလည်အောင်ရှင်းပြပါ။ **လူသားများဟာ လိုအပ်တာထက်လိုချင်သည်**ဟူသော စကားကို ကာတွန်းက ကျောင်းသားများအား ပြောနေပုံကို ရှင်းပြပါ။

ကမ္ဘာပေါ်တွင် လူသားတို့သည် အပင်များကိုစားသော ပိုးမွှားကောင်များကဲ့သို့ ကမ္ဘာ့အရင်းအမြစ်များကို အသုံးပြုနေကြသည် အရင်းအမြစ် များကို များများသုံးစွဲလေ အရင်းအမြစ်များမှာ တဖြည်းဖြည်း ပြုန်းတီးလာလေဖြစ်သည်။ အချို့နိုင်ငံများမှာ(အရှေ့အလယ်ပိုင်း နိုင်ငံများ။ အာဖရိကနိုင်ငံများ။ တောင်အာဖရိကနိုင်ငံများ)ရေအလုံအလောက် မရရှိချေ။ (တချို့ အာဖရိကနိုင်ငံ)များမှာ အစားအစာ လုံလောက်အောင် မရရှိချေ။ တချို့နိုင်ငံများသည် ကျန်းမာရေးနှင့် ပညာရေး စောင့်ရှောက်မှုမရရှိချေ၊

နွေဦးနှင့်ဇော်လတ်အကြောင်း ရေးသားထားသော စာပိုဒ်များကို ကျောင်းသားများကို ဖတ်ခိုင်းပါ။ လူတို့ အရာဝတ္ထု လိုချင်မှုများ တိုး၍တိုး၍ နေကြောင်းကို ကျောင်းသားများနားလည်အောင်ရှင်းပြပါ။ ကျောင်းသားများ နေ့စဉ်ဘဝထဲတွင် ဖြစ်ရပ် မျိုးရှိ၊ မရှိ စဉ်းစားခိုင်းပါ။ သင်ကိုယ်တိုင် ဥပမာပေးနိုင်သည်။

### အုပ်စုလေ့ကျင့်ခန်း

၃။ ကျောင်းသား ၃ဦးမှ ၅ဦးပါဝင်သော အုပ်စုငယ်များဖွဲ့ပါ။ ယင်းတို့အား ရှားပါးခြင်း အကြောင်းအရင်းကို စဉ်းစား ခိုင်းပါ။ ၁၀မိနစ်ခန့် စဉ်းစားခိုင်းပြီး သူတို့အယူအဆများကို ချရေးခိုင်းပါ။ တစ်စု အယူအဆများနှင့် တခြားအစုများတို့ကို တိုက် ဆိုင်စစ်ဆေးကြည့်ပါ။

*ရှားပါးခြင်းသည် အောက်ပါအကြောင်းများကြောင့် ဖြစ်နိုင်သည်။*

| | |
|---|---|
| **သဘာဝအရင်းအမြစ်များချို့တဲ့မှု** | – အချို့နိုင်ငံများတွင် အရင်းအမြစ်များ မရှိချေ။ (ရေ၊ မြေ၊ ဆီ) |
| **ရာသီဥတုပြဿနာများ** | – ရာသီဥတုသည်လည်း ရှားပါးမှုကို ဖြစ်ပွားနိုင်သည်။ သီးနှံများသည် ရေမြုပ်နိုင်သည်။ မိုးခေါင်မှုကြောင့် ရှားပါးနိုင်သည်။ |
| **စစ်ပွဲ** | – စစ်ပွဲများတွင် သီးနှံများသည် ပျက်စီးနိုင်သည်။ လူများအိုးမဲ့ အိမ်မဲ့ဖြစ်ကာ ကုန်သွယ်ရေးမှာ ပျက်စီး တတ်သည်။ |
| **စီးပွားရေး** | – စီမံခန့်ခွဲရေးညံ့ဖျင်းမှု လာဘ်စားခြင်း(ဝါ)အစိုးရညံ့ဖျင်းမှုကြောင့် ရှားပါးတတ်သည်။ |
| **ပို့ဆောင်ရေးအခြေခံလိုအပ်ချက်** | – ကုန်းလမ်း။ ရထားလမ်း။ လေကြောင်းလမ်း မပြည့်စုံလျှင် ရှားပါးနိုင်သည်။ |
| **အစိုးရမူဝါဒ** | – တချို့သော အစိုးရမူဝါဒများကြောင့်လည်း ရှားပါးနိုင်သည်။ |

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၄။ ကျောင်းသားများ အယူအဆများကို ချရေးရန် အုပ်စုခွဲ သူတို့အား ၅ မိနစ်မှ ၁၀မိနစ်အချိန်ပေးပါ။ သူတို့ထင်သော ရှားပါးသော အရင်းအမြစ်များကို သင်ပုန်းပေါ်တွင် ရေးခိုင်းပါ။ ဖြစ်နိုင်သော အဖြေများမှာ **ရေ၊ ရေနံ၊ သစ်သား၊ တွင်းထွက်သယံ ဇာတများ၊ သတ္တုများ၊ မြေယာ၊ စိုက်ပျိုးရေးထုတ်ကုန်များ။**

## ၅။ ရွေးချယ်မှု

မှန့်နှစ်မျိုးကို အတန်းသို့ယူလာကာ ပန်းကန်ထဲထည့်ပြီး၊ ကျောင်းသားတစ်ဦးဆီကို မှန့်နှစ်မျိုးအနက်တစ်မျိုးကို ရွေးချယ်ခိုင်းပါ။တစ်ဦးချင်းစီ ရွေးချယ်ပြီးနောက် သူတို့ပြုလုပ်ခဲ့သည်မှာ ရွေးချယ်မှုဖြစ်ပြီး ဘယ်သောအခါမှ နှစ်ခုလုံးမရနိုင်ကြောင်း ရှင်းပြပါ။

အရင်းမြစ်များသည် ရှားပါးသောကြောင့် လူတို့ဏ္ဍသည်အမြဲတမ်း **စီးပွားရေးအရ ရွေးချယ်မှု**များ ပြုလုပ်ရကြောင်း ရှင်းပြပါ။ စာမျက်နှာအပေါ်ရှိ ပုံထဲက လူပြောသော စကားကို ကျောင်းသားတစ်ယောက်အား ဖတ်ခိုင်းပါ။

ကျောင်းသားများအား မည်ကဲ့သို့ စီးပွားရေး ရွေးချယ်ချက်များ ပြုလုပ်မည်ကို ရွေးချယ်ပါ။
နမူနာမေးခွန်းများအနေဖြင့်

- **သင်ပတ်ဝန်းကျင်တွင်း သင်လိုအပ်တာရော။ သင်လိုချင်တာရော အလွယ်တကူ ရနိုင်ပါလား။**
- **ဈေးဝယ်ထွက်လျှင် ဈေးအကြီးဆုံး ခေါင်းလျှော်ရည်နှင့် ဆပ်ပြာဝယ်ပါသလား။**
- **အဝတ်အစားသစ် ဘယ်နှစ်ကြိမ်လောက် ဝယ်ပါသလဲ(ဝါ) အဝတ်အစားကို တခြားသူတွေဆီက ငှားဝတ်ပါသလား။**
- **သကြားလုံး ဝယ်စားပါသလား။**

စီးပွားရေးရွေးချယ်မှုအား လူတစ်ဦးချင်းမှ မိသားစု။ လူအဖွဲ့အစည်းမှသည် မြို့၊ အစိုးရထိ ပြုလုပ်ရကြောင်း ရှင်းပြပါ။

### ကိုယ်ပိုင်နည်းလမ်း

၁။ ကျောင်းသားများအား ရွေးချယ်မှုများ ပြုလုပ်ရန် ဆုံးဖြတ်ခိုင်းပါ။ ကျောင်းသားများထံမှ အကြံဉာဏ်များထွက် လာအောင်ကူညီပါ။

### အုပ်စုလေ့ကျင့်ခန်း

၂။ ကျောင်းသား ၃ဦးမှ ၅ဦးပါဝင်သော အဖွဲ့များဖွဲ့ပါ။ အကြံဉာဏ်များ စဉ်းစားခိုင်းပြီး ရေးချရန် ၅မိနစ်မှ ၁၀မိနစ် အချိန်ပေးပါ။ အဖွဲ့တစ်ဖွဲ့မှ အကြံတစ်ခုကို အတန်းနှင့် သဘောတူ မတူ စစ်ဆေးပါ။ ဆွေးနွေးရာမှ ရရှိလာသော အချက်အလက် များကို သင်ပုန်းပေါ်တွင် ရေးချပါ။ ယင်းအချက်အလက်များကို ကျောင်းသားများကို လေ့ကျင့်ခန်းစာအုပ်ထဲသို့ ကူးရေးခိုင်းပါ။

### အုပ်စုလေ့ကျင့်ခန်း

၃။ ခွဲပြီးသားအုပ်စုများကို presentation လုပ်ခိုင်းပါ။ presentation အတွက် စဉ်းစားရန်နှင့် ပြင်ဆင်ရန် ၁၅ မိနစ် အချိန်ပေးပါ။ presentation အတွက် ပြင်ဆင်ချိန် ၂ မိနစ်မှ ၃မိနစ်ထိ အချိန်ပေးပါ။တင်ပြရာတွင် သင်ပုန်းကိုသုံး၍ သရုပ်ပြပုံများအား အသုံးပြုရန် အားပေးပါ။

### အုပ်စုလေ့ကျင့်ခန်း

၄။ အုပ်စုများကို ယင်းတို့ပတ်ဝန်းကျင်တွင် အရင်းမြစ်များအပေါ် ရွေးချယ်မှုပြုလုပ်ရသည့် အကြောင်းရင်းများကို ဆွေးနွေးပါ။ သူတို့ ယူဆချက်များကို အတန်းနှင့် ဆွေးနွေးပါ။

**စာမသင်ခင် ပြင်ဆင်ခြင်း** to obtain(verb): ရရှိရန်
Note: Mazalia (**မာဇာလီယာ**)အား ရှေ့အခန်းများတွင် ကျောင်းသားများအတွက် ရှင်းပြရန် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ပါ။

## အုပ်စုလေ့ကျင့်ခန်း

၁။ အတန်းကိုအုပ်စုလေးစုခွဲပါ။ အုပ်စုတစ်စုအား အစိုးရပို့ဆောင်ရေးကော်မတီတွင် ပါဝင်သောပါလီမန်အမတ်များ အနေဖြင့် လည်းကောင်း၊ ဆရာဖြစ်သော သင်က ဝန်ကြီးချုပ်အဖြစ်တာဝန် အဖြစ်တာဝန်ယူပါ။ အုပ်စုတစ်စုစီက နှစ်စဉ် ဘတ်ဂျက်ကို ဒေါ်လာ ၅သန်းဖြင့် ကွဲပြားစွာ သုံးစွဲလိုကြသည်။ အုပ်စုအားဖြင့် အုပ်စု ၁ က လမ်းပန်းဆက်သွယ်ရေး။ အုပ်စု ၂ က ဘတ်စ်ကား။ အုပ်စု ၃ က မီးရထားလမ်း။ အုပ်စု ၄ က လေဆိပ်အဖြစ် လည်းကောင်းခွဲခြားနိုင်သည်၊

ကျောင်းသားများကို ၃ မိနစ်မှ ၅ မိနစ်ထိ ကော်မတီအစည်းအဝေး ဆွေးနွေးခိုင်းပါ။ မိမိတို့အစီအစဉ်များ တင်ပြရာတွင် ကျောင်းသားများကို ဝင်ရောက်ဆွေးနွေးခိုင်းပါ။ကော်မတီအစည်းအဝေးအပြီးတွင် လူတိုင်းအား အကောင်းဆုံးဟု ထင်သော အကြံကို မဲပေးခိုင်းပါ။ သူတို့သည် မဲတစ်မဲသာ ပေးနိုင်သည်။ သူတို့သည် သူတို့၏ အုပ်စုမဲပြန် မပေးနိုင်ဘဲ ကျန်အုပ်စုများကို မဲပေးရမည်။ တင်ပြနိုင်ရန် အုပ်စုများကို မိနစ် ၂၀ ခန့်အချိန်ပေးပါ။ သူတို့စဉ်းစားနိုင်ရန်

၁။ သူတို့ဝန်ဆောင်မှုများသည် ဘာကြောင့် အရေးကြီးဆုံး ဖြစ်ရသလဲ။

၂။ သူတို့က မာဇာလီယာနိုင်ငံသားများကို မည်သည့်ကောင်းကျိုးပေးမည်နည်း။

၃။ ဘာကြောင့် အခြားသူတွေထက် သာလွန်သော အကြံဉာဏ် ဖြစ်ရသနည်း။

ယင်းတို့ တင်ပြချိန်တွင် အုပ်စုက ညွှန်ကြားချက်များကို တကယ်နားလည်မလည် စစ်ဆေးပြီး၊ အချိန်မည်မျှကျန်သေးကြောင်း မဲခွဲကာ သတိပေးပါ။ အုပ်စုတစ်စုဆီက ကျောင်းသားတစ်ဦးအား အုပ်စုကိုယ်စားပြု တင်ပြခိုင်းပါ။

**မဲပေးခြင်း** – ကျောင်းသားများအား တစ်အုပ်စုလျှင် တစ်ကြိမ်သာ မဲပေးနိုင်သည်။ မိမိအဖွဲ့ကို မိမိပြန်၍ မဲမပေးနိုင်။ သူတို့သည် တခြားအဖွဲ့များ တင်ပြဆွေးနွေးချက်များကို မူတည်ကာ ဆုံးဖြတ်ရမည်။ စာရွက်အပိုင်းအစများကိုပေး၍ မိမိမဲပေးမည့် အုပ်စုကိုရေးခိုင်းကာ လိပ်ကာ ဆရာဖြစ်သူအား ပြန်ပေးရမည်ဖြစ်ကြောင်း နားလည်အောင်ရှင်းပြပေးရမည်၊

စာရွက်လေးရွက်ရလျှင် သင်ပုန်းပေါ်တွင် အုပ်စုလေးစုအတွက် ကော်လံ ၄ ခုဆွဲပါ။ အုပ်စုနာမည်များ အောက်တွင် တစ်မဲရလျှင် တစ်ချက် ရေးခြစ်ပါ။ အုပ်စုနှစ်စုက အမြင့်ဆုံးမဲအရေတွက် တူညီလျှင် ဝန်ကြီးချုပ် တာဝန်ယူထားသော သင်ကတစ်အုပ်စုအား ရွေးချယ်ပေးရမည်။

## ၆။ ဈေးနှုန်း

### ဆွေးနွေးချက်

၁။ အခမဲ့ရနိုင်သောကုန်စည်နှင့် ဝန်ဆောင်မှုများကို စဉ်းစားနိုင်ပါသလား။ ဘာကြောင့် အခမဲ့ရပါသလဲ။ ကျောင်းသား ၃ဦးမှ ၅ ဦးပါဝင်သော အုပ်စုငယ်များဖွဲ့ပါ။ အကြံဉာဏ်များ ရရှိရန်နှင့် ချရေးရန် ၅ မိနစ်ခန့် အချိန်ပေးပါ။ အုပ်စုတစ်စုစီမှ အကြံဉာဏ်များကိုတခြားအဖွဲ့များနှင့် ဆွေးနွေးပါ။

လေသည်အခမဲ့ရသည်။ အဘယ်ကြောင့်ဆိုသော်ယင်းသည်နေရာ အနှံ့အပြားတွင်ရရှိနိုင်သည်။ လွယ်လင့်တကူရရှိမှုကို ထိန်းချုပ်ရန်မှာ မဖြစ်နိုင်ချေ။ အချို့သော ရင်းမြစ်များမှာအခမဲ့ ရရှိနိုင်သည်။ ဥပမာအားဖြင့် မြစ်၊ ချောင်းများမှ ရေ၊ သစ်တောထဲမှ ဝါးနှင့် သစ်။ အစားအစာအတွက် သစ်သီးနှင့် တိရစ္ဆာန်ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးရေးတိုးတက်သော ချမ်းသာ သည့် နိုင်ငံများတွင် အနည်းငယ်မျှသော ကုန်စည်နှင့် ဝန်ဆောင်မှုများမှာ အခမဲ့ဖြစ်သည်။ အရာဝတ္ထုအများစုကို ဈေးတွင် ရောင်းချဝယ်ယူကြသည်။ ဆင်းရဲသောနိုင်ငံများတွင် ယင်းနိုင်ငံသားများက သူတို့ကိုယ်တိုင်ရှာဖွေ မစားသောက်နိုင်သဖြင့် အကူအညီပေးသော အဖွဲ့အစည်းများက လိုအပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို အခမဲ့ ကူညီထောက်ပံ့ရသည်။

ဘောဂဗေဒပညာရပ်တွင် **ဈေးကွက်**ဟူသောစကားရပ်သည် မြို့၊ ရွာတို့ကို မရည်ရွယ်ချေ။ ယင်းသည်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောင်းဝယ်ဖောက်ကားရာနေရာအဖြစ် သတ်မှတ်ရမည်ဖြစ်သည်၊

ရောင်းရေးဝယ်တာကိစ္စများအတွက် ပထဝီအနေအထားကိုလိုက်၍ သတ်မှတ်ပုံမှာ အာရှဈေးကွက်သီးခြား ကုန်ပစ္စည်းအား ရောင်းဝယ်ဖောက်ကားခြင်း ငှက်ပျောသီးဈေးကွက်**(ဒေသတွင်းနှင့်နိုင်ငံတကာ)**

## တန်ဖိုးများနှင့်ယှဉ်ပြိုင်ခြင်း

တန်ဖိုးများနှင့် ယှဉ်ပြိုင်ခြင်း အကြောင်း စာပို့ကို ကျောင်းသားတစ်ဦးအား ဖတ်ခိုင်းပါ။ ယှဉ်ပြိုင်ခြင်း၏ အဓိပ္ပါယ်ကို ကျောင်းသားများ နားလည်အောင်ရှင်းပြပါ။ ဘောလုံးပွဲအား ဥပမာအဖြစ် သုံးနိုင်သည်။ ဥပမာအားဖြင့် ပရီးမီးယားလိဂ်အား အသင်းနှစ်ဆယ်ယှဉ်ပြိုင်သော ပြိုင်ပွဲတစ်ရပ်အဖြစ် ရှင်းပြနိုင်သည်။

ယှဉ်ပြိုင်ခြင်း ပုံစံတစ်ခုချင်းစီကို ကျောင်းသားများကို ဖတ်ခိုင်းပါ **ရောင်းသူနှင့် ရောင်းသူ၊ ဝယ်သူနှင့် ဝယ်သူ၊ ရောင်းသူနှင့် ဝယ်သူ၊**

### ဆွေးနွေးချက်

၂။ ကျောင်းသား ၃ဦးမှ ၅ဦး ပါဝင်သော အုပ်စုငယ်များဖွဲ့ပါ ယှဉ်ပြိုင်ခြင်း တစ်မျိုးစီအတွက် သူတို့ပတ်ဝန်းကျင်ရှိ ဥပမာများကို စဉ်းစားခိုင်းပါ။ ယင်းကဲ့သို့ ယှဉ်ပြိုင်ခြင်းကြောင့် တန်ဖိုးကို အဘယ်ကြောင့် အကျိုးသက်ရောက်သည်ကို ရှင်းပြခိုင်းပါ။ အကြံထုတ်ရန် ၅ မိနစ်မှ ၁၀ မိနစ်ထိ အချိန်ပေးပါ။ အုပ်စုတစ်စုမှ အကြံအား ကျန်သူများနှင့် ဆွေးနွေးပါ။

**ရောင်းသူနှင့် ရောင်းသူ** - စားသုံးသူများအတွက် တူညီသောကုန်ပစ္စည်းကို ယှဉ်ပြိုင်ရောင်းချသော ဆိုင်နှစ်ဆိုင် စားသုံးသူများကို ပိုမိုဆွဲဆောင်နိုင်ရန် ဆိုင်တစ်ဆိုင်စီက ဈေးလျှော့ရောင်းသည်။

**ဝယ်သူနှင့်ဝယ်သူ** - တစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများသည် တူညီသောကုန်စည်နှင့် ဝန်ဆောင်မှုများကို အလိုရှိသည်။ ယင်းတို့မှာ အကန့်အသတ်နှင့် တည်ရှိသောကြောင့် ရောင်းဝယ်လိုသူတို့မှာ ယှဉ်ပြိုင်ရသည်။ ဝယ်လိုသူတို့မှာ ကုန်စည်နှင့် ဝန်ဆောင်မှုအားလုံးကို ဝယ်ယူရန် ပိုက်ဆံလုံလောက်စွာ မရှိချေ။

**ရောင်းသူနှင့်ဝယ်သူ** - ရောင်းသူများက ကုန်စည်တန်ဖိုးကို သတ်မှတ်ကြသည်။ ဝယ်သူများက တန်ဖိုးအဆမတန် ဈေးကြီးလျှင် ဝယ်ယူရန် ငြင်းဆန်ကြသည်။ ထို့ကြောင့် ဝယ်သူနှင့် ရောင်းသူများက တန်ဖိုးကို ဆွေးနွေးကြသည်။။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ အင်တာဗျူးလုပ်ရန် ကျောင်းသားများကို နှစ်ယောက်တွဲထားပါ။တစ်ယောက်တည်းကိုပဲ အင်တာမဗျူးစေရန် သတိထားပါ။ မိမိပြင်ဆင်ထားသော မေးခွန်းများဖြင့် အင်တာဗျူးနိုင်သည်။ သို့မဟုတ် နှစ်ယောက်တွဲ တစ်တွဲအား အင်တာဗျူး ရမည့်လူကို စဉ်းစားခိုင်းပါ။ အင်တာဗျူးရမည့် လူတူနေပါက တခြားသူတစ်ဦးအား စဉ်းစားခိုင်းပါ။ အင်တာဗျူးရာမှ ရလာသော ရလဒ်များကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။

# ၇။ ထုတ်လုပ်ခြင်း

## စဉ်းစားခိုင်းခြင်း

၁။ ကျောင်းသားများအား စာအုပ်မဖွင့်ခိုင်းမီ ချည်ထည်ရှပ်အင်္ကျီချုပ်ဖို့ ဘာလိုအပ်သလဲဆိုသော မေးခွန်းကို မေးပါ။ လိုအပ်သော ပစ္စည်းများ သူတို့ခန့်မှန်းနိုင်ခြင်း ပြုမပြုကြည့်ပါ။ သူတို့အဖြေများကို သင်ပုန်းတွင် ရေးချပါ။ လိုအပ်သော ပစ္စည်း များကို မခန့်မှန်းနိုင်ပါက လမ်းပြပေးပါ။

**အဖြေများမှာ-**

- ဝါဂွမ်းနှင့် အခြားသော လိုအပ်ချက်များ(မြေယာ)
- စက်ရုံဆောက်ရန်မြေ (မြေယာ)
- စက်ရုံတွင် အလုပ်လုပ်မည့် လူများ(လုပ်အား)
- လိုအပ်သည်များ ဝယ်ယူရန်ပိုက်ဆံ(အရင်းအနှီး)
- စက်ရုံနှင့် စက်ပစ္စည်းအဆောက်အဦး (အရင်းအနှီး)
- ထုတ်လုပ်ရေးကို ကြီးကြပ်ရေးအတွက် မန်နေဂျာနှင့် လုပ်ငန်းရှင်များ(လုပ်ငန်း)

ထို့နောက် ကျောင်းသားများကို သူတို့စာအုပ်များကို ဖွင့်ခိုင်းပါ။ ထုတ်လုပ်ခြင်းအကြောင်း ဖော်ပြထားသော နိဒါန်းစာပိုဒ်ကို ကျောင်းသားများအား ဖတ်ခိုင်းပါ။ သူတို့ နားလည်မှုရှိမရှိ စစ်ဆေးပါ။

ကော်လံ၄ ခုပါဝင်သော ဇယားတစ်ခုကို ဆွဲ၍ မြေယာ၊ လုပ်အား၊ အရင်းအနှီး၊ လုပ်ငန်းတို့ကို ခေါင်းစဉ်တပ်ပါ။ ကျောင်းသားများကို နှစ်ယောက်တွဲထားကာ ချည်ထည်ရှပ်အင်္ကျီထုတ်လုပ်သည့် လိုအပ်ချက်များကို ကော်လံများတွင် ရေးခိုင်း ပါ။

| မြေယာ | လုပ်အား | အရင်းအနှီး | လုပ်ငန်း |
|---|---|---|---|
| ချည်ထည်နှင့် ပစ္စည်း | စက်ရုံ အလုပ်သမား | | |

အထက်ပါလေ့ကျင့်ခန်းပြုလုပ်ချိန် ၅ မိနစ်ခန့်ထားပေးပါ။ အဖြေတစ်ခုကို အုပ်စုငယ်များနှင့် လက်ခံ၊မခံ ဆွေးနွေးပါ။ ယခုလေ့ကျင့်ခန်းကို အခြားအရာဝတ္ထုများနှင့်(ဥပမာ မတ်ခွက်တစ်ခွက်၊ စာအုပ်တစ်အုပ်၊ ကော်ဖီမှုန့်) တို့ကို အစားထိုး၍ သူတို့ နားမလည်မချင်း ပြုလုပ်ပါ။

### ၁။ မြေယာ

မြေယာအကြောင်းရေးသားထားသော စာပိုဒ်အကြောင်းကို ကျောင်းသားများကို ဖတ်ခိုင်းပါ။ **ဘောဂဗေဒ**တွင် မြေယာဆိုသည်မှာ သဘာဝရင်းမြစ်အားလုံးကို အဓိပ္ပာယ်ရကြောင်း နားလည်အောင်ကြိုးစားပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကျောင်းသားများ ပတ်ဝန်းကျင်ရှိ မြေယာနှင့် သက်ဆိုင်သည် တို့ကို စာရင်းပြုစုခိုင်းပါ။ နှစ်ယောက်တွဲတစ်တွဲဆီမှ အဖြေများကိုယူကာ သင်ပုန်းပေါ်တွင်ရေးပါ။

**ပုဂ္ဂလိကမြေယာပိုင်ဆိုင်မှု(သဘာဝအရင်းအမြစ်)** ပထမစာပိုဒ်နှစ်ပိုဒ် ကျောင်းသားများကို ဖတ်ခိုင်းပါ။ ပိုင်ဆိုင်မှုဆိုသော သဘောကို ကျောင်းသားနားလည်ခြင်း ရှိ၊မရှိ စစ်ဆေးပါ။ ထို့နောက် ပိုင်ဆိုင်မှုသုံးမျိုးအကြောင်း ဖော်ပြထားသော စာပိုဒ်များကို ဖတ်ခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၃။ ကျောင်းသား ၃ ဦးမှ ၅ ဦးပါဝင်သော အုပ်စုငယ်ကလေးများဖွဲ့ပါ။ သူတို့ ပတ်ဝန်းကျင်ရှိ ပိုင်ဆိုင်မှု သုံးမျိုးအကြောင်း ၅ မိနစ်ခန့် စဉ်းစားခိုင်းပါ။ အုပ်စုတစ်စုစီမှ အဖြေကို တစ်ခန်းလုံးနှင့် သဘောတူညီမှုရှိ မရှိစစ်ဆေးပါ။

## အုပ်စုလေ့ကျင့်ခန်း

၄။ ကျောင်းသားများကို အုပ်စုသုံးစုခွဲပါ။ အုပ်စုတစ်စုစီကို ပိုင်ဆိုင်မှုသုံးမျိုးဖြစ်သော ပုဂ္ဂလိကပိုင်ဆိုင်မှု၊ အများပိုင်ဆိုင်မှု နှင့် ပြည်သူပိုင်များအဖြစ် တစ်မျိုးစီ သတ်မှတ်ပေးပါ။ မာဇီ လီယာအကြောင်း ဂရုတစိုက် ဖတ်ခိုင်းပါ။ ယင်းကို ဆွေးနွေးခိုင်းပြီး ချရေးရန် ၁၀ မိနစ် အချိန်ပေးပါ။ ထို့နောက် ယင်းတို့၏ ပိုင်ဆိုင်မှုအပေါ် ထင်မြင်ချက်ကို အတန်းအား တင်ပြခိုင်းပါ။

မြေယာပိုင်ဆိုင်မှုအမျိုးမျိုး၏ ဆိုးကျိုးများမှာ

**ပုဂ္ဂလိကပိုင်ဆိုင်မှု** - အသက်ရှင်ရပ်တည်ရန် လူတို့သည် မြေယာ(သဘာဝအရင်းအမြစ်)ကို အသုံးပြုရသည်။ မြေယာအများအပြားကို လက်တစ်ဆုပ်စာ လူတစ်စုက ပိုင်ဆိုင်ပါက ယင်းအရင်းအမြစ်များကို တခြားသော လူများက အသုံးပြုရေးမှာ ခက်ခဲသွားသည်။ ပိုင်ရှင်အနေဖြင့် ယင်းမြေယာအား တခြားသူများက အသုံးပြုခြင်းကို ခွင့်မပြုနိုင်သလို သုံးစွဲခွင့် ဈေးနှုန်းကိုလည်း မြှင့်တင်နိုင်သည်။ (ရှာပြာ)

**ပြည်သူပိုင်** - ဒီမိုကရေစီမဟုတ်သော နိုင်ငံများတွင် အစိုးရသည် ပြည်သူ့ဟှာအကျိုးအတွက် မဆောင်ရွက်ချေ။ အစိုးရက သဘာဝ အရင်းအမြစ်များစွာအား ပိုင်ဆိုင်လျှင် အစိုးရ၏ အကျိုးနှင့် ယင်းနှင့်သက်ဆိုင်သော လူတို့အတွက်သာ သုံးစွဲမည့်အခြေအနေဖြစ်ပေါ်နိုင်သည်။ (ရှာစိမ်း)

**အများစုပိုင်ဆိုင်မှု** - သဘာဝအရင်းအမြစ်များကို လူ့အဖွဲ့အစည်းရှိ လူတိုင်းက ညီညီမျှမျှ ပိုင်ဆိုင်လျှင် အရင်းအမြစ်များကို မည်သို့ အသုံးချမည်နည်းဟူသော ပြဿနာရှိနိုင်သည်။

## ဘရာဇီးတွင် မြေယာပိုင်ဆိုင်ခွင့်ရေးအတွက် တိုက်ပွဲဝင်ခြင်း

**စာမသင်မီ ပြင်ဆင်ရန်မှာ-**

| | | |
|---|---|---|
| colonize(verb) | – | မြေယာတစ်ရပ်ကို သိမ်းပိုက်၊ အုပ်ချုပ်သည်။ |
| landless(adj) | – | မြေယာမဲ့သည် |
| inequity(noun) | – | မညီမျှသော |
| occupy(verb) | – | သိမ်းပိုက်သည်။ |
| constitution(noun) | – | နိုင်ငံတစ်နိုင်ငံ၏ အခြေခံမူဝါဒနှင့် ဥပဒေများ |
| to cultivate(verb) | – | စိုက်ပျိုးသည်။ |
| slave(noun) | – | တခြားသော လူတစ်ဦးအား လူတစ်ဦးအားလုပ်အားအဖြစ် ပိုင်ဆိုင်ပြီး၊ လုပ်အားအတွက် အသုံးပြုခြင်းခံရသူ to condemn(verb) မှားယွင်းသည်ကို ထောက်ပြ ပြောဆိုသည်။ |

ဘရာဇီးတွင် ဖြစ်ပွားခဲ့သော မြေယာပိုင်ဆိုင်ခွင့် အဓ-ကာင်းရေးထားသော စာပို့နှစ်ပို့ကို ကျောင်းသားများကို ဖတ်ခိုင်း ပါ။ ၁၀မိနစ်ခန့် အချိန်ပေးပါ။ သူတို့မသိသော စာလုံးများကို ချရေးခိုင်းပါ။ သူတို့အား အဓိပ္ပာယ်ကို မှန်းဆခိုင်းပါ။ သို့မဟုတ် အဘိဓာန်တွင် ရှာဖွေခိုင်းခြင်းဖြင့်လည်းကောင်း၊ သင်ကိုယ်တိုင်ပြောပြ၍သော်လည်းကောင်း ပြောပြနိုင်သည်။

## ကိုယ်ပိုင်နည်းလမ်း

၁။ အောက်ပါမေးခွန်းများကို သင်ပုန်းတွင် ရေးချ၍ ကျောင်းသားများ မှတ်စုစာအုပ်တွင်ဖြေရန် ၁၅မိနစ်မှ မိနစ် ၂၀ အချိန်ပေးပါ။ ကျောင်းသားများအား နှစ်ယောက်တွဲစီထားကာ အဖြေများကို နှိုင်းယှဉ်ခိုင်းပါ။ တစ်ယောက်ချင်း အဖြေများကို တစ်တန်းလုံးနှင့် သဘောတူမတူ စစ်ဆေးပါ။ မေးခွန်းများမှာ–

၁။ ဘရာဇီးရှိ မြေယာပိုင်ဆိုင်မှု၏ အဓိကစနစ်ကို ဖော်ပြပါ။
အဖြေ။ ဘရာဇီးရှိ အဓိက မြေယာစနစ်မှာ ပုဂ္ဂလိကပိုင်ဆိုင်မှုဖြစ်သည်။

၂။ မြေယာပိုင်ဆိုင်ခွင့်ရရေးအတွက် ၁၉၈၅ တွင် **MST** မည်ကဲ့သို့ တိုက်ပွဲဝင်ခဲ့သနည်း။
အဖြေ။ ဘရာဇီးတောင်ပိုင်းရှိ အသုံးမပြုရသေးသော မြေယာများကို သိမ်းပိုက်ခြင်းဖြင့်တိုက်ပွဲ ဝင်ခဲ့ပါသည်။

၃။ **MST** အသုံးပြုခဲ့သော မြေယာပိုင်ဆိုင်မှုကို ဖော်ပြပါ။
အဖြေ။ **MST** ကစုပေါင်းမြေယာ ပိုင်ဆိုင်မှုကို အသုံးပြုခဲ့သည်။

၄။ သီးနှံဝေမျှခြင်း ဆိုသည်မှာ အဘယ်နည်း။ **MST** ကဘာကြောင့် အတိုက်အခံပြုရသနည်း။
အဖြေ။ သီးနှံဝေမျှခြင်းဆိုသည်မှာ မြေယာပိုင်ဆိုင်သူများက လယ်သမားများကို စိုက်ပျိုးထုတ် လုပ်ခွင့်ပေး၍ အပြန်အလှန်အားဖြင့် လယ်သမားများအား သီးနှံများအား ဝေမျှခြင်းဖြစ်သည်။ **MST** ယင်းစနစ်သည် လူချမ်းသာများကို အကျိုးပြုပြီး လယ် သမားများအား ကျွန်ကဲ့သို့ အခွင့်အရေး ဆုံးရှုံးစေသဖြင့် အတိုက်အခံပြုခြင်းဖြစ်သည်။

၅။ **MST** မြေယာများကို သိမ်းပိုက်သောအခါ ဝါယာကျိုးကို ဖြတ်ပစ်ခြင်းဟု ကြွေးကြော်ခဲ့သည်။ ယင်းအဓိပ္ပာယ်ကို ရှင်းပြပါ။
အဖြေ။ အဓိပ္ပာယ်မှာ သူတို့သည် ပုဂ္ဂလိကပိုင်ဆိုင်မှုမှ အများပိုင်ဆိုင်မှုသို့ ပြောင်းလဲပစ်နိုင်သော ကြောင့်ဖြစ်သည်။

## ဆွေးနွေးချက်

၂။ ကျောင်းသားများပတ်ဝန်းကျင်ရှိမြေယာပိုင်ဆိုင်မှု (သဘာဝရင်းမြစ်)အမျိုးအစားများကို စဉ်းစားခိုင်းပါ။ သူတို့၏ အဖြေများကိုသင်ပုန်းပေါ်တွင်ရေးချပါ။ သူတို့ဖြေသောပိုင်ဆိုင်မှုများကို အမျိုးအစားသတ်မှတ်ခိုင်းပါ။ မေးသင့်သော မေးခွန်းများ မှာ သဘာဝအရင်းအမြစ်များကို လုံလုံလောက်လောက် လူတိုင်းရရှိရန် ခက်ခဲပါသလား။ ဘာကြောင့်လဲ။ အဲဒါတွေကို ဘယ်သူ တွေက ပိုင်သလဲ။ သဘာဝအရင်းအမြစ်များကို အသုံးချခွင့်ကို ထိန်းချုပ်ထားသော ဥပဒေများရှိပါသလား။ ယင်းဥပဒေများသည် အသုံးတည့်ပါသလား။

### ကမ္ဘောဒီယားရှိမြေယာပိုင်ဆိုင်ခွင့်

စာမသင်မီကြိုတင်ပြင်ဆင်ခြင်း

| | | |
|---|---|---|
| to issue(verb) | – | ထုတ်ပေးသည်။ |
| hectare(noun) | – | မြေယာအတိုင်းအတာ(10,000m) |
| bulldozer(noun) | – | မြေကြီးအား ရွှေ့ပြောင်းနိုင်သောယာဉ် |
| lawsuit(noun) | – | တရားစွဲဆိုခြင်း |

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၃။ မှား၊ မှန်**

သင်ပုန်းပေါ်တွင် အောက်ပါစာစ–ကောင်းများကို ရေးပြပါ။ ကျောင်းသားများကို ထိုစာကြောင်းများ အဓိပ္ပာယ်မှန်။ မမှန် ဆုံးဖြတ်ခိုင်းပါ။မှားပါက မှန်ကန်သော စာကြောင်းကို ရေးပြပါ၊

၁။ ကမ္ဘောဒီယားရှိ ကျေးလက်ဒေသမိသားစု ၈၀ ရာခိုင်နှုန်းသည် မြေယာပိုင်ဆိုင်ကြောင်း သက်သေခံနိုင်သော စာရွက်စာတမ်းမရှိချေ။
အဖြေ။ ။မှန်

၂။ အာဏာပိုင်များက ရွာသားများကို မသန်မစွမ်း စစ်သားများအတွက် မြေယာ ၅၀၀ ဟက်တာ လိုအပ်ကြောင်း ပြောကြားသည်။
အဖြေ။ ။မှား အာဏာပိုင်များက ရွာသားများကို မြေယာ ၅၀ ဟက်တာသာ လိုကြောင်းပြောသည်။

၃။ မြေယာကိစ္စအတွက် ကိတ်ကိုလ်နေက သူမ၏ အဆက်အသွယ်နှင့် လာဘ်ပေးမှုများ မပြုလုပ်ခဲ့ချေ။
အဖြေ။ ။မှား သူမသည် အစိုးရနှင့် ပတ်သက်သော အဆက်အသွယ်များကို အသုံးချခဲ့သည့်အပြင် ဒေသခံအာဏာပိုင် များကိုလည်း လာဘ်ပေးခဲ့သည်။

၄။ ရွာသားများက ကိတ်ကိုလ်နေအား သူတို့၏ မြေယာများ ပြန်လည်ရရှိရေးအတွက် တရားစွဲဆိုခဲ့သည်။
အဖြေ။ ။မှန်

# ၂။ လုပ်အား

## စဉ်စားခိုင်းခြင်း

၁။ ကျောင်းထဲရှိ အလုပ်များအား ကျောင်းသားများကို စဉ်းစားခိုင်းပါ။ ကော်လံနှစ်ခုပါသော ဇယားဆွဲပြီး အခကြေး ငွေရသော အလုပ်နှင့် မရသော အလုပ်ဟု ခေါင်းစဉ်တပ်ပါ။ တချို့အလုပ်များသည် ဘာကြောင့် အခကြေးငွေရကြောင်းနှင့် အချို့က အခကြေးငွေ မရကြောင်းကို ကျောင်းသားများကို စဉ်းစားခိုင်းပါ။ ကျောင်းသားများကို ယင်းတို့ပတ်ဝန်းကျင်သို့ နှစ်ယောက်တွဲ လှေ့လာမှု စာရင်းပြုစုခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၂။ ရုပ်ပုံများက အောက်ဖော်ပြပါ အလုပ်အမျိုးမျိုးကို ဖော်ပြနေပါသည်၊
၁။ ဆေးလိပ်ခုံတွင် ဆေးလိပ်လိပ်နေသော မိန်းမ
၂။ စပါးရိတ်နေသော လူ
၃။ ကလေးထိန်းနေသော မိန်းမ
၄။ စက်ရုံတွင် အလုပ်လုပ်နေသော ယောကျာ်းများ

**ကိုရေနှင့်နော်ဘယ်ရီ**တို့အကြောင်း ရေးထားသော စာပိုဒ်ကို ကျောင်းသားတစ်ဦးအား အတန်းကို ဖတ်ပြခိုင်းပါ။

## ဆွေးနွေးချက်

၃။ ကျောင်းသား၃ဦးမှ ၅ဦး ပါသောအုပ်စုများဖွဲ့ပါ။ သူတို့အား ကိုရေနှင့်နော်ဘယ်ရီတို့အကြောင်း ဆွေးနွေးခိုင်းပြီး အိုင်ဒီယာ များကို ချရေးခိုင်းပါ။ ကျောင်းသားများထံမှ အမြင်များဖြင့် ဆွေးနွေးပွဲဆီသို့ ဆွဲခေါ်သွားပါ။

ကိုရေသည် သူ့အလုပ်အတွက်ပိုက်ဆံရသည်။ နော်ဘယ်ရီကမူ ပိုက်ဆံမရ။ အဘယ်ကြောင့်နည်း။ ကိုရေ၏အလုပ် သည် နော်ဘယ်ရီ အလုပ်ထက် ပိုတန်ဖိုးကြီးလို့များလား။ ကိုရေက နော်ဘယ်ရီထက် အလုပ်ပိုမိုကြိုးစားပါသလား။

လူအဖွဲ့အစည်းအများစုတွင်ကလေးများကို စောင့်ရှောက်မှုအိမ်ထောင်ထိန်းသိမ်းသော မိဘများမှာ သူတို့အတွက် လုပ်ခ၊ လစာများ မရရှိချေ။ အိမ်ထောင်ရှင်မသည် မိသားစုဖြစ်သည်။ မိသားစုဝင်များမှာ လုပ်ခကိုမျှော်မှန်းခြင်းမပြုဘဲ အိမ် ထောင်ကိုထိန်းသိမ်းကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအလုပ်သည် သူတို့၏ ကိုယ်ကျိုးစီးပွားရေးသက်သက်ဖြစ်သော ကြောင့်ဖြစ်သည်။ သို့သော်လည်း လူအဖွဲ့အစည်းများတွင် မိန်းမများကို သဘာဝအားဖြင့် အိမ်ထောင်ရှင်မ(သို့မဟုတ်)ကလေးထိန်းများအဖြစ်သာမြင်ပြီး အိမ်အလုပ်များကိုသာ လုပ်စေသည်။ သာမန်အားဖြင့် အိမ်၏ပြင်ပတွင် အလုပ်လုပ်ခွင့်မရသဖြင့် ဝင်ငွေမရှိချေ။ တစ်ခါတစ်ရံ အပြင်အလုပ်လုပ်ရသော်လည်း အိမ်ရှိအလုပ်များကို အဓိက လုပ်ကိုင်ရသည်(ယင်းကို အလုပ်နှစ်ဆ လုပ်ကိုင်ရခြင်းဟုခေါ်သည်)။ ထို့ကြောင့် လုပ်ခ၊ လခရရှိသော အလုပ်များမှာ ယောကျာ်းများက အိမ်ပြင်ပတွင် လုပ်ကိုင်ရသော အဓိကတာဝန်များအဖြစ် ထင်မှတ်လာကြသည်။ မိန်းမများအတွက်မူ ဒုတိယအလုပ်သာဖြစ်သည်။ ထို့ကြောင့် မိန်းမများကို အိမ်တွင်းအလုပ်များ လုပ်ရန်ကိုသာသတ်မှတ်ထား၍ လုပ်ခ၊ လခမရချေ။ ထိုအယူအဆသည် မိန်းမနှင့် ယောကျာ်းတို့ကြား ညီမျှသော အခွင့်အရေးအတွက်လည်းကောင်း။ စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးများ လုပ်ပိုင်ခွင့်နှင့်ဆိုင်၍ ၎င်း အရေးကြီးသော ပြဿနာများဖြစ်လာသည်။

## ကြိုတင်ပြင်ဆင်ခြင်း

to segregate(verb) – ခွဲခြားသည်။
to specialize(verb) – အလုပ်များစွာများအနက် အနည်းငယ်သာ အာရုံထားခြင်း

အလုပ်အမျိုးအစားခွဲခြာလုပ်ကိုင်ခြင်းအကြောင်း ရေးသားထားသောစာပိုဒ်ကိုဖတ်ပါ။ သူတို့နားမလည်သော စကားလုံးများကို ချရေးခိုင် ထားပါ။ ထိုစကားလုံးများကို တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ခန့်မှန်းခိုင်းပါ။ သူတို့မလုပ်နိုင်ပါက သူတို့အား အဘိဓာန်ပေး၍ ရှာခိုင်းပါ။ သို့မဟုတ် သင်ကိုယ်တိုင်ပြောပြပါ။

### အုပ်စုလေ့ကျင့်ခန်း

၄။ ကျောင်းသား၃ဦးမှ ၅ဦးပါသောအုပ်စုများဖွဲ့ပါ။ သူတို့ပတ်ဝန်းကျင်ရှိအလုပ်အမျိုးအစားသုံးမျိုးကို ခွဲခြားခိုင်းပါ။ထိုအလုပ် များအားလုပ်ခ၊ လစာရ၊ မရခွဲခြားခိုင်းပါ။ အမျိုးသားရော၊ အမျိုးသမီးရော ယင်းအလုပ်ကိုလုပ်ပါသလား။ လုပ်ပါက အမျိုးသား၊ အမျိုးသမီး မည်သူကအလုပ်ပိုလုပ်ပါသလဲ။ အလုပ်ခွဲခြားသတ်မှတ်ထားပါသလား။ ယင်းတို့ကို ဆွေးနွေးရန် ၁၀ မိနစ်ခန့် အချိန်ပေးပါ။ ထို့နောက် သူတို့၏ အကြံဉာဏ်ကို အတန်းသို့ တင်ပြပါ။

## အလုပ်ခွဲခြားလုပ်ကိုင်ခြင်း

### ကြိုတင်ပြင်ဆင်ခြင်း

| | | |
|---|---|---|
| intensive agriculture(adj) | – | ယန္တရားနှင့် ဓါတ်မြေဩဇာသုံး၍ အစားအစာအများအပြားထုတ်လုပ်ခြင်း |
| specialization(noun) | – | အလွန်ကျွမ်းကျင်သော အလုပ်တွင်သာ အာရုံစိုက်ခြင်း |

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို နှစ်ယောက်တွဲထားကာ သူတို့ပတ်ဝန်းကျင်ရှိ အလုပ်ဖော်ချလုပ်ကိုင်ခြင်း အမျိုးအစားကို ရေးချခိုင်းပါ။ စာရေးရန်နှင့် ဆွေးနွေးရန် အချိန် ၅မိနစ်မှ ၁၀ မိနစ်အချိန်ပေးပါ။ သူတို့ အကြံဉာဏ်များကို အတန်းတွင်းတွင် ဆွေးနွေးခိုင်းပါ။

## ၃။ အရင်းအနှီး

ကရိယာနှင့်ငွေအကြောင်းပါဝင်သော အရင်းအနှီးကို ကျောင်းသားများ နားလည်အောင်ကြိုးစားရှင်းပြပါ။ အဆိုပါ အချက်နှစ်ရပ်လုံးသည် အရာဝတ္ထုများကို ထုတ်လုပ်ရာတွင် သုံးသည်။ ငွေစက္ကူမရှိဘဲ ထုတ်လုပ်ရန်အတွက် ပစ္စည်းများကို မဝယ်နိုင်ပါ၊ ကရိယာများမပါဘဲ အရာဝတ္ထုများကို ထုတ်လုပ်ရန်မှာ လုံးဝမဖြစ်နိုင်ပါ။

ငွေအရင်းအနှီးအကြောင်းကို ကျောင်းသားတစ်ဦးအား ဖတ်ခိုင်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ **နောင်ဌေး** – နောင်ဌေးအကြောင်းရေးထားသည်ကို ကျောင်းသားတစ်ဦးကို ဖတ်ခိုင်းပါ။ ထို့နောက် သူတို့အား အချင်းချင်းဖြေဆိုရန် အချိန်ပေးပါ။

### ကြိုတင်ပြင်ဆင်ခြင်း

**profit(adj)** – သုံးစွဲမှုများပြုလုပ်ပြီးနောက် ရောင်းချမှုများမှ ရရှိသောငွေ
(ကုန်စည်။ အဆောက်အဦးငှား၊လစာ)

၁။ ဆိုင်ဖွင့်ရန် နောင်ဌေးသည် ငွေအရင်းအနှီး မည်မျှလိုသနည်း။
အဖြေ။ ။၇၀၀ယ၀၀၀ + ၅၀ယ၀၀၀=၇၅၀ယ၀၀၀ ကျပ်

၂။ တစ်လလျှင် အမြတ်အစွန်းမည်မျှ ရသနည်း။
အဖြေ။ ။၃၀၀,၀၀၀(လစာ)–၁၀၀,၀၀၀(ကုန်စည်သစ်)–၁၀၀,၀၀၀(လစာ)–၅၀,၀၀၀(ပို့ဆောင်ရေး၊ ပြင်ဆင်စရိတ်၊ အခွန်)
= ၅၀,၀၀၀ကျပ် အမြတ်

၃။ နောင်ဌေးသည် လစဉ်အမြတ်နှင့် အရင်းအနှီးပြန်ရရန် အချိန်မည်မျှ လိုသနည်း။
အဖြေ။ ။အချိန် ၁၅ လ လိုပါသည်။

**အရင်းကုန်စည်**။ ။အရင်းကုန်စည်အကြောင်း ရေးထားသော စာပိုဒ်ကို ကျောင်းသားတစ်ယောက်ကို ဖတ်ခိုင်းပါ။ ပုံထဲတွင် အရင်း ကုန်စည်များကို ဖော်ပြခိုင်းပါ။
အဖြေ။ ကျွဲ နှင့် ထယ်

### အုပ်စုလေ့ကျင့်ခန်း

၃။ ကျောင်းသား ၃ဦးမှ ၅ဦးပါဝင်သော အုပ်စုများဖွဲ့ပါ။ သူတို့ဏ္ဍာပတ်ဝန်းကျင်ရှိ ငွေနှင့် အရင်းကုန်စည်များကို စဉ်းစားခိုင်းပါ။ သူတို့အား ၅မိနစ်မှ ၁၀မိနစ်ကြာ ဆွေးနွေးခိုင်းပြီး သူတို့အကြံများကိုချရေးပါ၊

## ၄။ လုပ်ငန်း

လုပ်ငန်းအမျိုးမျိုးအကြောင်း ရေးထားသော စာပို့ကို ၁၀ မိနစ်ခန့် ကျောင်းသားများကို ဖတ်ခိုင်းပါ။ သူတို့မသိသော စာလုံးများကို ချရေးခိုင်းပါ။ ယင်းတို့အား သူတို့သိ။ မသိ ဆွေးနွေးခိုင်းပါ။ အဖြေမရပါက အဘိဓာန်တွင် ကြည့်ပြီးပြောပြပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ အောက်ဖော်ပြပါ စာပို့များကို စာရွက်အပိုင်းလေးများတွင် ရေး၍ အတန်းတွင်း နေရာအနှံ့အပြားတွင်ထားပါ။

၁။ ချက်ချိုင်းသည် ဘန်ကောက်နှင့်ချိုင်းမိုင်ကား ပြေးဆွဲနေသော အစိုးရဘတ်စ်ကား မောင်းသော ယာဉ်မောင်းတစ်ဦးဖြစ်သည်။ သူသည် အမျိုးသားပိုင်ဘတ်စ်ကားလုပ်ငန်းတွင် နှစ်ပေါင်းသုံးဆယ်ကြာ အလုပ်လုပ်ကိုင်ခဲ့သည်။ သူ့ဇနီးကလည်း သူ့ကားပေါ်တွင် ခရီးသည်များ အဆင်ပြေစေရန် အလုပ်လုပ်သည်။ ချက်ချိုင်းသည် နောက်၂နှစ်အကြာတွင် အလုပ်မှ အနားယူမည်ဖြစ်သည်။ သူသည် အစိုးရပင်စင်ကိုရရန် မျှော်လင့်လျက်ရှိပြီး ပင်စင်ရပြီးပါက ချင်းမိုင်အနီး သူ့ဇာတိရွာကလေးတွင် နေထိုင်မည်ဖြစ်သည်။

၂။ ဖိလစ်သည် ဘရာဇီးလူမျိုးဖြစ်သည် ဘရာဇီးနိုင်ငံ မိုဂီအနာရွာတွင် နေထိုင်သည်။ သူ့မိသားစုမှာ လယ်သမားများဖြစ်သည်။ သူတို့သည် ကောဖီစိုက်၍ ရောင်းချသည်။ သူတို့ရွာရှိ လယ်သမားများသည် မြေယာကို ဝေမျှ ကော်ဖီစိုက်ကြသည်။ သူတို့သည် နှစ်စဉ် ကော်ဖီအမျိုးမျိုးကို အတူတူစိုက်ပျိုးရန် ဆုံးဖြတ်ကြသည်။ လူတိုင်းက မြေယာတွင် စိုက်ပျိုးရန် ကူညီသည်။ သူတို့အား ဈေးကောင်းပေးသော အစိုးရမဟုတ်သောအဖွဲ့သို့ တိုက်ရိုက် ရွာသားများက ရောင်းချကြသည်။

၃။ ကင်သည် တောင်ကိုရီးယားဆိုးလ်တွင် နေထိုင်သည်။ သူမိသားစုမှာ ပုံနှိပ်လုပ်ငန်းလုပ်ကိုင်သည်။ သူတို့လုပ်ငန်းတွင် အလုပ်သမား ၃၀ ခန့်ရှိသည်။ သူ့မိသားစုဝင်များမှာလည်း ပုံနှိပ်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ကြသည်။ မိသားစုဝင်များက ယင်းလုပ်ငန်းတွင် ရင်းနှီးမြုပ်နှံထားသော်လည်း ကင်၏ဖခင်သည် လုပ်ငန်းမန်နေဂျာဖြစ်သည်။ မြို့တော်သုံးနေရာတွင် သူတို့၏ ပုံနှိပ်လုပ်ငန်းများရှိသည်။ ကင်သည် ယင်းလုပ် ငန်းများအနက်တစ်ခုတွင် မန်နေဂျာအဖြစ် လုပ်ကိုင်သည်။

၄။ ဆန်ဂျစ်သည် အိန္ဒိယ နယူးဒေးလီတွင် နေထိုင်သည်။ သူသည် အစ်ကိုဖြစ်သူ ရာဂျစ်နှင့်အတူ အလုပ်လုပ်ကိုင်သည်။ သူတို့နှစ်ဦးတွင် လန်ချားတစ်စီးပိုင်သည်။ သူတို့သည်ခရီးသည်များကို တင်ဆောင်ကာ မြို့ပတ်လည်သူတို့လိုရာသို့ ပို့ဆောင်ပေးသည်။ ဆန်ဂျစ်က မနက် ၆ နာရီမှ နေ့လယ် ၂ နာရီထိ အလုပ်လုပ်သည်။ ရာဂျစ်က ညနေသုံးနာရီမှ သန်းခေါင်ယံအထိ အလုပ်လုပ်သည်။ ပင်ပန်းသော်လည်း ဝင်ငွေအမြောက်အမြားမရပါ။

၅။ ဂျော့ချ်သည် စပိန်လူမျိုး တစ်ဦးဖြစ်သည်။ ဂျာမန်ဆော့ဖ်ဝဲလ် ကုမ္ပဏီတွင် သူအလုပ်လုပ်သည်။ လုပ်ငန်းခွဲပေါင်းများစွာရှိပြီး သူက လန်ဒန်ရုံးခွဲတွင် လုပ်ကိုင်သည်။ ကုမ္ပဏီတွင် ဝန်ထမ်းပေါင်း ၁၂၀၀ ရှိသည်။ ဂျော့ချ်သည် နိုင်ငံပေါင်း ၅နိုင်ငံမှ  လူလေးဆယ်ကို စီမံခန့်ခွဲရသည်။ သူတို့လုပ်ငန်းသည် စက်ရုံတွင် လည်ပတ်ရန် ဆော့ဖ်ဝဲလ်များ ရေးသားခြင်းဖြစ်သည်။

နှစ်ယောက်တွဲလေ့ကျင့်ခန်းအတွက် ကျောင်းသားများကို အခန်းကို လှည့်ပတ်လျှောက်ခိုင်းကာ ဖော်ပြချက်များကို  ဖတ်ခိုင်း၍ လူတစ်ဦး ချင်းစီ လုပ်ကိုင်သော လုပ်ငန်းကို စဉ်းစားခိုင်းပါ။ သူတို့၏ အဖြေများကို အတန်းနှင့် သဘောတူ၊ မတူ စစ်ဆေးပါ။

**အဖြေ။** ၁၊ နိုင်ငံတော်ကုမ္ပဏီ။ ၂၊သမဝါယမ။ ၃၊ဒေသခံကုမ္ပဏီ။ ၄၊ လုပ်ငန်းငယ်။ ၅၊ ကော်ပိုရေးရှင်း

### ဆွေးနွေးချက်

၂။ သင်ပတ်ဝန်းကျင်ရှိ လုပ်ငန်းများကို ဖော်ပြပါ။ ကျောင်းသား ၃ဦးမှ ၅ဦးပါဝင်သော အုပ်စုများဖွဲ့၍ ဆွေးနွေးကာ အိုင်ဒီယာများကို ချရေးပါ။ တခြားအဖွဲ့များနှင့် ဆွေးနွေးပါ။

စာရွက်ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကျောင်းသားများကို ရှင်းပြပါ။တစ်ဆင့်ချင်းအားနားလည်အောင်ရှင်းပြပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို နှစ်ယောက်တွဲတစ်တွဲစီ ထားကာ ကုန်စည်(စက္ကူမဟုတ်)နှင့် ဝန်ဆောင်မှုထုတ်လုပ်ပုံအဆင့် ဆင့်ကို ပိုစတာ ဒီဇိုင်းဆွဲခိုင်းပါ။ ထိုပိုစတာတွင် မြေယာ၊ လုပ်အား၊ အရင်းနှင့် လုပ်ငန်းများအား ဆက်စပ်နိုင်ရမည်။ သူတို့သည် စက္ကူထုတ်လုပ်ပုံအား လမ်းညွှန်အဖြစ် သုံးနိုင်သည်။ သူတို့အားအစစ်အမှန်နှင့် ဖန်တီးနိုင်စွမ်းကို လိုချင်ကြောင်း ပြောပြပါ။ပိုစတာဆွဲရန် နာရီဝက် အချိန်ပေးပါ။
ပိုစတာကို အတန်းအား တင်ပြခိုင်းပါ။ တင်ပြပြီးနောက် အဆင့်မေ့ကျန်ခဲ့ခြင်းရှိမရှိ၊ သုံးစွဲထားသော ပစ္စည်းများမှန်မမှန် အတန်းအား စစ်ဆေးခိုင်းပါ။ အားလုံးပြီးလျှင် အကောင်းဆုံးပိုစတာကို မဲပေးခိုင်းပါ။ ကျောင်းသားများသည် မိမိတို့ ပိုစတာကို မဲမပေးနိုင်ပါ။

# ၈။ စီးပွားရေးညွှန်ကိန်းများ

## ကြိုတင်ပြင်ဆင်ခြင်း

indicator(noun) – စီးပွားရေးအနေအထား၊ အခြေအနေကိုပြသော တန်ဖိုး၊ ကိန်းဂဏာန်း
to shrink(verb) – ပိုမိုသေးငယ်လာသည်။

ကျောင်းသားများကို စီးပွားရေးညွှန်ကိန်းများအကြောင်း ပထမစာပိုဒ်အား ဖတ်ခိုင်းပါ။ စီးပွားရေးညွှန်ကိန်းများသည် သာမိုမီတာကဲ့သို့ စီးပွားရေးအား ကောင်းမကောင်းညွှန်ပြသော အပူချိန်တိုင်းကိရိယာဖြစ်သည်။

လူနေမှုအဆင့်အတန်းသည် နိုင်ငံတစ်နိုင်ငံစီ အခြေအနေတစ်ရပ်နှင့် ဆက်စပ်နေသည်။ ဥပမာအားဖြင့် အမေရိကန်တွင် နေထိုင်သော လူတစ်ဦးသည် ဗီယက်နမ်တွင်နေသော လူတစ်ဦးထက် လခပိုရနိုင် သည်။ သို့ရာတွင် အမေရိကန်တွင်နေထိုင်သော စရိတ်က ဗီယက်နမ်တွင် နေထိုင်သော စရိတ်ထက် ပိုမိုမြင့်မားသည်။ ထို့ကြောင့် အမေရိကန်ရှိလူတစ်ဦးသည် ဗီယက်နမ်တွင် နေထိုင်သော လူတစ်ဦးထက် ပိုဆင်းရဲကောင်းဆင်းရဲနိုင်သည်။ အောက်ဖော်ပြပါ ဇယားမှ အမှန်ဝင်ငွေနှင့် နှိုင်းယှဉ်ဝင်ငွေများကို ကြည့်ပါ။

| **ကိတ်။ နယူးယောက်။ အမေရိကန်** | **ငုယင်။ ဟန္နိုင်း။ ဗီယက်နမ်** |
|---|---|
| နှစ်စဉ်ဝင်ငွေ | နှစ်စဉ်ဝင်ငွေ |
| နှစ်စဉ်ငှားရမ်းခ | နှစ်စဉ်ငှားရမ်းခ |
| နှစ်စဉ်အစာခ | နှစ်စဉ်အစာခ |
| နှစ်စဉ်သွားစရိတ် | နှစ်စဉ်သွားစရိတ် |

ယခုပုံသည် ကိတ်သည် သူမဝင်ငွေ ၄၅ရာခိုင်နှုန်းကို ငှားရမ်းခအတွက် သုံးနေသော်လည်း ငုယင်က မူလသဏ္ဍာန် ဝင်ငွေ ၂၀ ရာခိုင်နှုန်း ကိုသာ ငှားရမ်းရာတွင် သုံးသည်။ အစားအစာနှင့် သွားလာစရိတ်မှာ ဟန္နိုင်းတွင် နယူးယောက်ထက် ပိုမိုသက်သာသည်။ ထို့ကြောင့် ငုယင်သည် အမှန်စင်စစ် ကိန်းဂဏာန်းများအရ ဝင်ငွေနည်းသော်လည်း နှိုင်းယှဉ်တန်ဘိုးအရ သူမဆင်းရဲချေ။

## အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား အုပ်စုများ ဖွဲ့ပြီး ညန်ကိန်းဂဏာန်းများသည် တိုင်းပြည်တစ်ပြည်၏ လူနေမှုအဆင့်အတန်းကို တိုင်းတာနိုင်ကြောင်းကို စဉ်းစားခိုင်းပါ။ သူတို့အား စဉ်းစားချိန် ၁၀မိနစ်ခန့် အချိန်ပေးပြီး ကျန်သောသူများနှင့် အဖြေတိုက်ခိုင်းပါ။

## ကြိုတင်ပြင်ဆင်မှု

gross(adj) – တစ်ခုလုံး
domestic(adj) – ပြည်တွင်း
product(noun) – ကုန်စည်နှင့်ဝန်ဆောင်မှု

## ဆွေးနွေးချက်

၂။ ဂျီပီအချက်အလက်များကို ကျောင်းသားများကို ကြည့်ခိုင်းပါ။ တရုတ်သည် ဂျာမနီကဲ့သို့ ချမ်းသာသည်ဟု သင်ထင်ပါသလား။ ယင်း အချက်အလက်များ၏ ပြဿနာသည် အဘယ်နည်း။ လူဦးရေအကြောင်းကို ကျောင်းသားများကိုမေးပါ။

ဂျီပီ၏ပြဿနာအစစ်မှာ နိုင်ငံတစ်နိုင်ငံရှိ ပျမ်းမျှလူတစ်ဦး၊ နေထိုင်မှုအဆင့်အတန်းအကြောင်း အသေးစိတ် အချက်အလက်များ မပေးနိုင်ခြင်းဖြစ်သည်။ ထို့ပြင် ဌာနခွဲဝေမှုကိုလည်း မဖော်ပြပါ။ ယင်းက တိုင်းပြည်တစ်ပြည်က ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုကိုသာဖော်ပြသည်။ တိုင်းပြည်ရှိ လူဦးရေကိုမူ ထည့်သွင်းခြင်းမရှိချေ။ ဂျီပီသေးကွေးပါက လူဦးရေ နည်းသဖြင့် ချမ်းသာသည်ဟု ဆိုနိုင်သည်။

## ဆွေးနွေးချက်

၃။ ကျောင်းသားများကိုဂျီပီအား လူတစ်ဦးချင်းစီ၏ ဂျီပီကြည့်ခိုင်းပါ။ Capita သည် တစ်ခါတစ်ရံ လူဟု အဓိပ္ပာယ် ရသည်။ တစ်ဦးချင်းဂျီပီသည် လူဦးရေကို စားထားသော ကိန်းဖြစ်သည်။ သူတို့ဘာကို သတိပြုမိပါသလဲ။ယင်းအချက်အလက် များသည် တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအား ပိုမိုတိကျပါစေသလား။ ဘာကြောင့်ပါလဲ။ စီးပွားရေးကိန်းဂဏန်းများကို လေ့လာရာ၌ တိကျမှုနှင့် ပတ်သက်သော ပြဿနာကို တွေ့ပါသလား။ များသောအားဖြင့် ဂျီပီသည် လူတစ်ဦးချင်းဂျီပီက ပိုမိုတိကျသော စီးပွားရေးညွှန်ကိန်းဖြစ်သည်။ သို့ရာတွင် ပျမ်းမျှ လူတစ်ဦးစီ၏ နေထိုင်မှုအဆင့်အတန်းကို မဖော်ပြနိုင်ချေ။ စီးပွားရေးတစ်ရပ်လုံးအတွက် တိကျစွာ အင်အားရှိ၊ မရှိကို သေချာစွာ တက်ပြနိုင်ချေမရှိပါ။ ထိုင်းနိုင်ငံတွင်း တစ်ဦးချင်းဂျီပီသည် အိန္ဒိယ ထက်ပိုမိုမြင့်မားသော်လည်း ဂျီပီတစ်ရပ်လုံးမှာ အိန္ဒိယက ထိုင်းထက်သာလွန်သဖြင့် စီးပွားရေးအင်အားမှာ အိန္ဒိယက ထိုင်းထက် သာလွန်သည်။

### အီကွေတိုရီယယ်ဂီနီယာရှိ တစ်ဦးချင်းဂျီပီ

### ကြိုတင်ပြင်ဆင်မှု

slum(noun) – ဆင်းရဲသားရပ်ကွက်
condemn(verb ) – ရှုံ့ချသည်။ ပြစ်တင်ဝေဖန်သည်
corruption(noun) – အလွဲသုံးစားလုပ်ခြင်း။ ပစ္စည်းဥစ္စာအလွဲသုံးစားပြုလုပ်ခြင်း

ကျောင်းသားများကို စာဖတ်ခိုင်း၍ မသိသော စကားလုံးများကို မှတ်ထားကာ အဘိဓာန်တွင် ဖတ်ခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ပထမဦးဆုံး ကျောင်းသားနှစ်ယောက်တစ်တွဲထားကာ စာပို့အောက်ဆုံးရှိ မေးခွန်းများကို ဖြေခိုင်းပါ။ သူတို့အား အုပ်စုတစ်စုဖွဲ့ကာ သူတို့ အဖြေများကို နှိုင်းယှဉ်ခိုင်းပါ။ သူတို့အဖြေများမတူပါက အားလုံးလက်ခံနိုင်မည့် အဖြေကို စဉ်းစားခိုင်းပါ။အုပ်စုတစ်ခု၏ အဖြေကိုတခြားအုပ်စု သဘောတူမတူကြည့်ပါ။

**အဖြေများမှာ-**

၁။ အီကွေတိုရီရယ်ဂီနီယာ၏ တစ်ဦးချင်းဂျီပီဝင်ငွေမှာ အဘယ်ကြောင့် မြင့်မားနေရသနည်း။
ဂျီပီဝင်ငွေမြင့်မားနေရခြင်းမှာ ကမ်းရိုးတန်းအနီး ပင်လယ်အောက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များအပြားတွေ့ ရှိရခြင်းကြောင့် ဖြစ်သည်။

၂။ ဂီနီယာ၏ တစ်ဦးချင်းဝင်ငွေ မြင့်မားနေပါလျှက် အဘယ်ကြောင့် လူအများအပြား ဆင်းရဲမွဲတေ နေရပါသနည်း။
လူအများအပြားမှာ ရေနံမှ ဝင်ငွေရရှိသော်လည်း ဓာတ်ငွေ့ကို သမ္မတမှ လက်ဝါးကြီးအုပ်ထားပြီး ယင်းနှင့် နီးစပ်သော အသိုင်းအဝိုင်းကသာ ရရှိနေသောကြောင့်ဖြစ်သည်။

၃။ အစိုးရနှင့် စစ်တပ်က ပြည်သူကို ဘယ်လို ထိန်းချုပ်ထားသနည်း။
တရားမမျှတသော ရွေးကောက်ပွဲကျင်းပခြင်း၊ အကြမ်းဖက်နည်းလမ်းသုံးကာ နှိမ်နင်းခြင်းနှင့်အာဏာ အလွဲသုံးစားခြင်းဖြင့် ထိန်းချုပ်ထားသည်။

၄။ တစ်ဦးချင်းဂျီပီအား စီးပွားရေးညွှန်ကိန်းအဖြစ်အသုံးပြုမှုသည်အဘယ်ကြောင့် ကန့်သတ်ချက် ရှိရသနည်း။
တစ်ဦးချင်းဂျီပီသည် ဥစ္စာဓနအား တိုင်းပြည်အတွင်း မည်သို့ခွဲဝေသည်ကို မပြသနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည် တစ်ပြည်သည် ပိုက်ဆံအများအပြားရှိနိုင်သော်လည်း တိုင်းသူပြည်သားများမှာ ဆင်းရဲနိုင်သည်။

## ၃၊ ကုလသမဂ္ဂ လူသားဖွံ့ဖြိုးမှု ညွှန်ကိန်း

### ကြိုတင်ပြင်ဆင်ခြင်း

poverty(noun) – ဆင်းရဲခြင်း
literacy(noun) – စာရေးနိုင်၊ ဖတ်နိုင်သော
life expentacy(noun) – မျှော်မှန်းသက်တမ်း
to rank(verb) – အစီအစဉ်အတိုင်းသတ်မှတ်သည်။
development – တိုင်းပြည်တစ်ပြည်၏ တိုးတက်မှု

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားနှစ်ယောက်တစ်တွဲအား စာပိုဒ်မှ အရေးကြီးသောအချက် သုံးချက်ကို ရေးချပါ။ ထိုအချက်များသည် အဘယ့်ကြောင့် အရေးကြီးသော အချက်များ ဖြစ်သင့်သည်ကို တစ်တွဲနှင့်တစ်တွဲ အပြန်အလှန် နှိုင်းယှဉ်၍ သင်ပုန်းပေါ်တွင် ရေးခိုင်းပါ။

### ဆွေးနွေးချက်

၂။ မြေပုံသည် အဘယ်ကြောင့် တိုးတက်မှုနိမ့်ကျသော အာဖရိကနိုင်ငံ အများအပြားကို ပြသနေသနည်း။ ကျောင်းသားများကို အဘယ်ကြောင့်ဟူသော မေးခွန်းကို မေးပါ။

### ဆွေးနွေးစရာအချက်များ

ရာသီဥတု၊ စစ်၊ နိုင်ငံရေးမတည်ငြိမ်မှု၊ အာဏာအလွဲသုံးစွဲစားလုပ်ခြင်း၊ အခြေခံအဆောက်အဦးများ (ကုန်းလမ်း၊ မီးရထားလမ်း၊ ဆက်သွယ်ရေး)၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးဝန်ဆောင်မှု။

### အုပ်စုလေ့ကျင့်ခန်း

၃။ ကျောင်းသားများ ၃ဦးမှ ၅ဦးပါဝင်သော အုပ်စုများဖွဲ့ပါ။ သူတို့ဏ္ဍာပတ်ဝန်းကျင်ကို ခန့်မှန်းခိုင်းပါ။ သူတို့အား အဆင့်မည်မျှ ပေးမည်နည်း။ အဘယ်ကြောင့်နည်းဆိုသည်ကို မေးပါ။ ဆွေးနွေးရန် ၁၀ မိနစ်အချိန်ပေးပြီး အချက်အလက်များကို ချရေးခိုင်းပါ။ထို့နောက် အတန်းနှင့် ဆွေးနွေးခိုင်းပါ။

## ၉။ ရေနံ

### ဆွေးနွေးချက်

၁။ ရေနံဆိုတာ ဘာလဲဟူသော မေးခွန်းကို ကျောင်းသားများကို မေးပါ။ ထို့နောက် ရေနံဆိုသည်မှာ ဖြစ်တည်ရန် နှစ်ပေါင်းများစွာ အချိန်ယူရကြောင်း ရှင်းပြပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကျောင်းသားများကို နှစ်ယောက်တွဲထားကာ ရေနံထွက်ကုန်များကို ကျောင်းသားများကို စဉ်းစားခိုင်းပါ။

### စဉ်းစားခိုင်းခြင်း

၃။ ရေနံအား လောင်စာအဖြစ်သုံးသော ပစ္စည်းများကို စာရင်းပြုစုပါ။

ဥပမာ–မော်တာဆိုင်ကယ်၊ ကား၊ ကုန်တင်ကား၊ ဘတ်စ်ကား၊ မီးရထား၊ သင်္ဘောများ၊ လေယာဉ်များ၊ မီးစက်များ၊ စက်ရုံများ။ ဓာတ်အားပေးစက်ရုံများ၊ အပူပေးစနစ်များ၊ လယ်ယာသုံးစက်ကိရိယာများ။

### ကိုယ်ပိုင်နည်းလမ်း

၄။ ကျောင်းသားများကို အထက်ပါ အသုံးပြုသော ပစ္စည်းများနှင့် တွဲဖက်အသုံးပြုနိုင်သော လောင်စာများအကြောင်းကို ကျောင်းသားများနှင့် ဆွေးနွေးပါ။

အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကျောက်မီးသွေး

(ခ) ရေနံ

(ဂ) သဘာဝဓာတ်ငွေ့

ကျောင်းသားများကို ရေနံကို ဘာအတွက် အသုံးပြုသနည်းဟူသော စာပိုဒ်ကို ဖတ်ခိုင်းပါ။ သူတို့၏ နားလည်မှုကို စစ်ဆေးပါ။

### ဆွေးနွေးချက်

၅။ ကျောင်းသားတစ်ဦးအား ရေနံအသုံးပြုခြင်းကို ဖော်ပြထားသော စာပိုဒ်ကို အသံထွက်ဖတ်ခိုင်းပါ။ သူတို့အား အကြံဉာဏ်ထုတ်ခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း




၆။ ကျောင်းသားများကို နှစ်ယောက်တွဲထားပြီး၊ ရေနံလိုအပ်ချက်ရှိသော ကိန်းများကို ကြီးစဉ်ငယ်လိုက်စီစဉ်ပါ။ ထို့နောက် ဂရပ်ပုံတစ်ပုံ သင်ပုန်းပေါ်တွင်ဆွဲပါ။ ထို့နောက် ကျောင်းသား တစ်စုကို သူတို့အဖြေများကိုဖြည့်ခိုင်းပြီး၊ တခြားကျောင်းသားများကို သဘောတူ၊ မတူမေးပါ။ မတူပါက ဂရပ်ကို ပြန်ဖြည့်ခိုင်းပါ။ နောက်ဆုံးတွင် အဖြေမှန်ကို ပေးပါ။

**အမေရိကန်သယ်ယူပို့ဆောင်ရေးတွင် ရေနံအများအပြားအသုံးပြုနေရခြင်း အကြောင်းရင်းကို ဆွေးနွေးပါ။**

အမေရိကန်မှ ကုန်စည်အများစုကို ရေနံအများအပြား အသုံးပြုသော ကုန်းလမ်း၊ လေကြောင်းလမ်းဖြင့် သယ်ဆောင်သည်။ ရေနံကို အနည်းငယ်သာ အသုံးပြုသော မီးရထားလမ်းသည် တခြားနိုင်ငံများတွင်များစွာ မဖွံ့ဖြိုးချေ။ အမေရိကန်နိုင်ငံသည် တည်နေရာကျယ်ဝန်းသဖြင့် နိုင်ငံသားများမှာ ခရီးအရှည်ကြီး သွားရသည်။ အမေရိကန်တွင် ၂၀၀၄ ခုနှစ်၏ ကားနှင့် ကုန်တင်ကားများ မှတ်ပုံတင်ထားရှိမှုမှာ သန်း ၂၆၀ ရှိသည်။ လူဦးရေ ၁ ဒသမ ၃ ဘီလီယံတွင် မော်တော်ကား ၂၄ သန်း။ တရုတ်နိုင်ငံနှင့် နှိုင်းယှဉ်ပါ။

## ကြိုတင်ပြင်ဆင်ခြင်း

shortages, to condemn, harassment, to criticise, repressive, legitimacy အဓိပ္ပာယ်များကို စာအုပ်နောက်ကျောတွင် ကြည့်နိုင်သည်။

## ကိုယ်ပိုင်နည်းလမ်း

၁။ စာပို့ကိုသုံးကြိမ်ဖတ်ခိုင်းပါ။ ပထမတစ်ကြိမ်ကို တောက်လျှောက်ဖတ်ခိုင်းပါ။ ဒုတိယနှင့် တတိယအကြိမ်တွင် စာတစ်ပိုဒ်စီကို နား၍ဖတ်ခိုင်းပါ။ ကျောင်းသားများအား အဓိကအချက်များကို အကျဉ်းချုပ်ရေးခိုင်းပါ။ သူတို့ကြားသော အရာတိုင်းကို ချမရေးခိုင်းပါနှင့်။ သူတို့အချက်များကို အချင်းချင်း နှိုင်းယှဉ်ခိုင်းပါ။ တစ်ဦးအဖြေနှင့် တစ်ဦးနှိုင်းယှဉ်ခိုင်းပါ။

**ရေနံပိုင်ဆိုင်ခွင့်**

ရေနံကို သုံးစွဲမှုမြင့်မားသော နိုင်ငံများတွင် ရေနံနှင့် ပတ်သက်၍ စိတ်ပူလေ့ရှိသည်။ သူတို့လိုအပ်သော ရေနံမရလျှင် သူတို့အတွက် ပြဿနာတွေ့နိုင်သည်။ စွမ်းအင်၊ ပို့ဆောင်ရေး၊ ထုတ်လုပ်ရေးနှင့် စီးပွားရေးကျဆင်းမှုများ အတွက်အဓိက အကြောင်းရပ်မှာ ရေနံပြတ်တောက်မှုမှ စတင်နိုင်သည်။

ကမ္ဘာ့ရေနံသုံးစွဲမှုအများဆုံးအမေရိကန်သည် ကမ္ဘာ့ရေနံကိုလက်ဝါးကြီးအုပ်ရန်နိုင်ငံရေး၊ စီးပွားရေး စစ်ရေးအင်အား အသုံးပြုခဲ့ကြောင်း တချို့က ဆိုကြသည်။ အမေရိကန်၏ လုပ်ရပ်များကို နိုင်ငံတကာ အဖွဲ့အစည်းများက ဥပဒေနှင့် မညီညွတ်ဟု ငြင်းခဲ့ကြသည်။ အမေရိကန်သည် ရေနံအတွက်ဆိုလျှင် အစိုးရတစ်ရပ်ကို ထောက်ပံ့ရန်၊ ဖြုတ်ချရန် ဝန်မလေးဟု ထင်မြင်ခြင်းခံရ သည်။

ဥပမာအားဖြင့် ကမ္ဘာ့ရေနံထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သော ဆောဒီအာရေဗျနိုင်ငံသည် အမေရိကန်အား အဓိက ရေနံရောင်းချသည့် အတွက် အရှက်ရစေခဲ့သည်။ ဆော်ဒီအစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်နေသည်ဟု သတင်းများထွက် ပေါ်နေသော်လည်း အမေရိကန်က ယင်းအစိုးရအား ပြောင်ပြောင်တင်းတင်း လက်နက်များကိုရောင်းချကာ ထောက်ပံ့နေသည်။

ရေနံကုမ္ပဏီများကိုလည်း ဝေဖန်ကြသည်။ ရေနံသိုက်အများစုမှာ ဖိနှိပ်၍ အာဏာကို အလွဲသုံးစားပြုလုပ်နေသော ဒေသများတွင် တည်ရှိသည်။ ရေနံကုမ္ပဏီအများစုက ယင်းအစိုးရများအားအထောက်အပံ့ပေးထားကာသူတို့ဏ္ဍာအား အတည်ဖြစ်စေရန် ကူညီကြသည်။

### ကြိုတင်ပြင်ဆင်ခြင်း

Demonstration, activist, compensation, slums, nationalise, calin (အဓိပ္ပာယ်များကို စာအုပ်နောက်ကျောတွင် တွေ့နိုင်သည်။)

## အုပ်စုလေ့ကျင့်ခန်း

၂။ ရေနံ၊ စီးပွားရေးနှင့်အင်အား စသည့်အချက်များအား ကျောင်းသားများကို အုပ်စုခွဲကာဆွေးနွေးခိုင်း၍ အကြံဉာဏ်များကို ချရေးခိုင်းပါ။

၁။ လူအများစု ပြောဆိုနေသည်မှာ အမေရိကန်နှင့် ဗြိတိန်တို့ အီရတ်ကို တိုက်ခိုက်ခဲ့ခြင်းမှာအစုလိုက် အပြုံလိုက် သေစေနိုင်သော လက်နက်များကြောင့် မဟုတ်ဟု ဆိုကြသည်။ အီရတ်သည် ထိပ်တန်းရေနံ ထုတ်လုပ်သည့်နိုင်ငံ ဖြစ်သော်လည်း အစိုးရက အနောက်အုပ်စုနှင့် အဆင်မပြေချေ။ အီရတ်အား အရှေ့အလယ်ပိုင်း တည်ငြိမ်ရေးအတွက် ဆူးငြောင့်ခလုတ်ဖြစ် မြင်ကြသည်။ ရေနံအတွက် စစ်မဆင်သင့်ဟု မြင်ကြသည်။

၂။ နိုင်ဂျီးရီးယားရှိ စစ်အစိုးရသည် ရေနံမှရသော အခွန်ငွေကို အိုဂိုအီအား မပေးလိုချေ။ ထိုပိုက်ဆံများကို သူတို့ဖာသာ သူတို့သိမ်းထားလိုကြသည်။ ထို့ကြောင့် အိုဂိုအီဒေသက လွတ်လပ်ရေးရရန်ကြိုးပမ်းမည်ကို စိုးရိမ်သဖြင့် ဆာရိုဝီဝါကို လုပ်ကြံလိုက်ကြသည်။

၃။ ဘိုလီးဗီးယားရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို နိုင်ငံခြားကုမ္ပဏီများက ထုတ်လုပ်သဖြင့် အမြတ်ငွေအများစုကို ဘိုလီဗီးယား နိုင်ငံသားများ မရရှိကြချေ။ အက်ဗိုမိုရလေးစ်နှင့် သူ့လူများက ယင်းကိုမှားယွင်းနေကြောင်း ထင်ကြသည်။ ဘိုလီဗီးယားသယံဇာတများကို ဘိုလီးဗီးယားနိုင်ငံသားများသာ ခံစားခွင့်ရှိသည်ဟု ယုံကြည်သည်။ ယင်းအယုံအကြည်ကို နိုင်ငံတကာရေနံကုမ္ပဏီများက ကန့်ကွက်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းအယူအဆ ပျံ့နှံ့သွားပါက ယခင်က ပိုင်ဆိုင်ထားသော ရေနံရင်းမြစ်နှင့် အမြတ်များ၊ ဆုံးရှုံးနိုင်သော ကြောင့်ဖြစ်သည်။

၄။ ရေနံရောင်းလိုအား ပြုတ်ကျသွားသဖြင့် တိုင်းပြည်တော်တော်များ ရေနံပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။ ရေနံဈေးနှုန်းလဲ လေးဆ ပြုတ်ကျသွားသဖြင့် အမေရိကန်က ၁၉၇၆တွင် ရေနံပြတ်လပ်မှုနှင့် တွေ့ကြုံခဲ့ရသည်။

၅။ မြောက်ဝင်ရိုးတန်းရှိ ရေနံများကို တူးဖော်လိုသည်။ ယင်းဒေသသည် ရေနံအများဆုံးထုတ်လုပ်သော ဆော်ဒီအာရေဗျရှိ ရေနံသိုက်ထက် နှစ်ဆရှိသည်။ ထိုရေနံသိုက်များကို ပိုင်ဆိုင်ခြင်းဖြင့် ရုရှားသည် ချမ်းသာသော နိုင်ငံတစ်နိုင်ငံအဖြစ်ပြန်လည် ရောက်ရှိနိုင်မည်ဖြစ်သည်။

## ကိုယ်ပိုင်နည်းလမ်း

၁။ ကျောင်းသားများအား အချိန်ဇယားပေါ်ရှိ နေ့ရက်တစ်ခုကို ဝိုင်းခိုင်းပါ။ ယင်းအမှတ်ကား ရေနံများ တစ်နေ့ ခမ်းခြောက် သွားမည့်နေ့ဖြစ်သည်။ သူတို့အား အဖြေမပေးပါနှင့်။

## ကိုယ်ပိုင်နည်းလမ်း

၂။ စာပိုဒ်အား သုံးကြိမ်ဖတ်ခိုင်းပါ။ ထို့နောက် ကွက်လပ်ဖြည့်ခိုင်းပါ။ ဖြည့်ပြီးသည်နှင့် တပြိုင်နက် ကျောင်းသားနှစ်ဦးအား အဖြေများကို နှိုင်းယှဉ်ခိုင်းပါ၊ အဖြေမှန်မှာ အောက်ပါအတိုင်းဖြစ်သည်။

ရေနံအသုံးပြုမှုသည် ရောင်းလိုအားနှင့် တန်ဖိုးပေါ်တွင် မူတည်သည်။ ကမ္ဘာပေါ်တွင် ရေနံမည်မျှ ကျန်ရှိသည်ကို မည်သူမျှ သေချာစွာ မသိချေ။ ရေနံသိုက်သစ်များကို တွေ့ရှိစေကာမူ အရင်ကထက် ရေနံရင်းမြစ်မှာ လျော့နည်းလာသည်။ ကမ္ဘာပေါ်တွင် ရေနံသိုက်ကျန်ရှိမှုမှာ ၁၂၉၃ ဘီလီယံစည်သာ ရှိသည်။ သုံးစွဲမှုနှုန်းမှာတဟုန်ထိုး တိုးနေသော်လည်း ကျွန်ုပ်တို့ အနေနှင့် အနာဂတ်တွင် မည်မျှသုံးမည်ဆိုသည်မှာ မသေချာသေးပေ။ ရေနံအပေါ် ကမ္ဘာ့ဝယ်လိုအားတောင်းဆိုချက်မှာ ၁၉၆၈ တွင် တစ်ရက်လျှင် ရေနံစည် သန်း ၆၀ ရှိရာမှ ၂၀၀၆ တွင် ၈၄ ဘီလီယံထိ တိုးတက်လာခဲ့သည်။ ၂၀၈၀ အရောက်တွင် ရေနံပြတ်လပ်မှုဖြစ်ပေါ်နိုင်ကြောင်း သိပ္ပံပညာရှင်အချို့ကခန့်မှန်းကြသည်။ ထိုအချိန် တွင်ရေနံဈေးနှုန်းမှာ တဟုန်ထိုး မြင့်တက်ဖွယ်ရှိသဖြင့် တိုင်းပြည်တချို့သည် ရေနံကိုပင် ဝယ်ယူနိုင်ဖွယ် မရှိတော့ချေ။ ရေနံစိမ်းတစ်စည်လျှင် ၃၄ ဒေါ်လာ ၂၀၀၄ ဇန်နဝါရီတွင် ရှိရာမှ ၂၀၀၆ အောက်တိုဘာတွင် ဒေါ်လာ ၇၇ ရောက်ရှိလာဖွယ်ရှိပါသည်၊

## ဆွေးနွေးချက်

၃။ ရေနံ နေ့စဉ်ဘဝ ရိုက်ခတ်မှုကို ဆွေးနွေးပါ။ သူတို့ အဖြေသည် ရေနံဈေးတက်ပါကကုန်စည်ဈေးနှုန်း မြင့်တက်မှုကိုဖြစ်စေသည်။ ထို့ကြောင့် ခေတ်သစ်ပစ္စည်းတိုင်းတွင် ထုတ်လုပ်ခြင်းနှင့် ပို့ဆောင်ရေးတို့တွင် မရှိမဖြစ်လိုအပ် သောအရာမှာ ရေနံဖြစ်ပါသည်။

## ၁၀၊ ဝယ်လိုအားနှင့် ရောင်းလိုအား

ရောင်းလိုအားနှင့်ဝယ်လိုအားသည် ဘောဂဗေဒတွင် အရေးကြီးဆုံးသော အယူအဆတစ်ရပ်ဖြစ်သည်။ ထိုဏ္ဍာ—ကာင့် ယင်းအယူအဆအား ကျောင်းသားများ ကောင်းစွာ သဘောပေါက်ရန် အရေးကြီးသည်။

စာသင်ခန်းသို့ မုန့်ငါးထုပ်ယူသွားပါ။ မုန့်များကို ပြပြီးလျှင် မုန့်စားချင်ရင် လက်ထောက်ပါဟု ကျောင်းသားများကို ပြောပါ။ ကျောင်းသားများအားလုံးလိုလိုက လက်ထောက်ပါလိမ့်မည်။ ထိုအခါ ငါ့ဆီမှာငါးထုပ်ပဲရှိလို့ မင်းတို့ ငါးယောက်ပဲပေးနိုင် မယ်ဟု ပြန်ဖြေပါ။ အတန်းထဲရှိ ကျောင်းသားများအား ကြုံသလိုဝေလိုက်ပါ။ ထို့နောက် မုန့်ကိုလိုချင်သော ကျောင်းသား အရေအတွက်သည် ဝယ်လိုအားဟု ခေါ်ကြောင်း ရှင်းပြပြီး ဈေးကွက်တွင် ကုန်စည်နှင့် ဝန်ဆောင်မှု လိုချင်သော အရေအတွက်ကို ဝယ်လိုအားဟုခေါ်ကြောင်း တဆက်တည်း ရှင်းပြပါ။ ထို့နောက် မုန့်ငါးထုပ်ကို ရောင်းလိုအားဟု သတ်မှတ်နိုင်ကြောင်း ရှင်းပြကာ ရနိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုပမာဏကို ရောင်းလိုအားဟု သတ်မှတ်နိုင်သည်။

### အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို အုပ်စုများခွဲပါ။ စာရင်းနှစ်ခု လုပ်ခိုင်းပါ။ စာရင်းတစ်ခုက ဝယ်လိုအားသည် ရောင်းလိုအားထက်များသော ကုန်စည်နှင့် ဝန်ဆောင်မှုဖြစ်ပြီး၊ နောက်စာရင်းတစ်ခုမှာ ရောင်းလိုအားက ဝယ်လိုအားထက်များသော ကုန်စည်နှင့် ဝန်ဆောင်မှု စာရင်းဖြစ်ရမည်။ ထို့နောက် ရောင်းလိုအားထက်များသော ဝယ်လိုအားနှင့် ဝယ်လိုအား ထက်များသော ရောင်းလိုအားဟု ခေါင်းစဉ်တပ်ရမည်။ တိုင်ပင်ရန် ၁၀ မိနစ်ခန့်အချိန်ပေးကာ အဖြေများကို တစ်တန်းလုံးနှင့် တိုက်ခိုင်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ နှစ်ယောက်တွဲကျောင်းသားများကို အကျ စတိုင်လ်ကို ဖတ်ခိုင်းပြီး မေးခွန်းများကို ဖြေခိုင်းပါ။ တစ်တွဲစီ၏ အဖြေများကို ကျန်သောသူများနှင့် အဖြေတိုက်ခိုင်းပါ။

၁။ အပေါ်အကျအထည် ၄၀(ရောင်းလိုသူ) ရှိသည်။ ယင်းအကျအား (ဝယ်ယူလိုသူ) ၂၀၀ ဦးရှိသည်။ ထို့ကြောင့် ဝယ်လိုအားက ရောင်းလိုအားထက် များနေသည်။ လိုချင်သူများက တစ်ဦးနှင့်တစ်ဦး ဈေးပြိုင်ပေးသဖြင့် ဈေးမှာ များကောင်းများလာ နိုင်သည်။ ထို့ကြောင့် အကျဆိုင်က ဈေးကို တင်လိုက်တော့သည်၊

၂၊ အကျအထည် ၈၀(ရောင်းလိုအား)နှင့် ဝယ်လိုသူ ၃၀(ဝယ်လိုအား)ရှိသည်။ ရောင်းလိုအားသည် ဝယ်လိုအားထက် များနေသည်။ ဝယ်လို သူအနည်းငယ်သာ အကျများများလိုအပ်သဖြင့် ဈေးနှုန်းမှာ ကျကောင်းကျနိုင်သည်။ ဝယ်သူမရှိသောကြောင့် အကျဆိုင်က ဈေးကို လျှော့ ရောင်းရတော့သည်။

### ကိုယ်ပိုင်နည်းလမ်း

၃။ ရုပ်ပုံအား ကျောင်းသားများကို တွေးခိုင်းပါ။ သူ၏ ထင်မြင်ချက်ကို တစ်တန်းလုံးကို ပြောပြခိုင်း၏ သဘောတူမတူ စောင့်ကြည့်ပါ။

ယင်းရုပ်ပုံသည် ဝယ်လိုအားနှင့် ရောင်းလိုအား ဆက်စပ်မှုကို ပြသသည်။ လွတ်လပ်သော ဈေးကွက်တွင် လွတ်လပ သော ကုန်စည်နှင့် ဝန်ဆောင်မှုအတွက် အမြဲတမ်း ဝယ်လိုအားနှင့် ရောင်းလိုအားရှိသည်။ ကုမ္ပဏီများအနေနှင့် သူတို့ရောင်းချ လိုသော ကုန်စည်နှင့် ဝန်ဆောင်မှုကို လွတ်လပ်စွာရွေးချယ်နိုင်သည်။ ထို့အတူ လူများကလည်း သူတို့ဝယ်လိုသော ကုန်စည်နှင့် ဝန်ဆောင်မှုကို လွတ်လပ်စွာ ရွေးချယ်နိုင်သည်။ သို့သော် ကုန်စည်တစ်ခုတည်းအတွက် ရောင်းလိုအားနှင့် ဝယ်လိုအားသည် မမြဲတမ်း ပြောင်းလဲနေသည်။ တခါတရံ ရောင်းလိုအားက ဝယ်လိုအားကျေနပ်စေရန် မလုံလောက်သလို ရောင်းလိုအား ကျေနပ် စေရန် ဝယ်လိုအားကလဲ မလုံလောက်ချေ။

လွတ်လပ်သော ဈေးကွက်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားနှစ်ရပ်လုံးသည် တစ်ဦးနှင့် တစ်ဦးမှီတည်နေရသည်။ဝယ်လိုအား မရှိပါက ရောင်းလိုအား မရှိနိုင်သလို ရောင်းလိုအား မရှိပါကဝယ်လိုအား မရှိနိုင်ချေ။ လူတစ်ဦးမှ ဖိနပ်မဝယ်ချင်ပါ ဆိုင်များက ဖိနပ်များ ရောင်းလိမ့်မည် မဟုတ်ချေ။ ဆိုင်များတွင် ဖိနပ်များရောင်းရန် မရှိပါက ဘယ်သူမှလည်း ဖိနပ်ဝယ်လိမ့်မည် မဟုတ်ချေ။

## ဝယ်လိုအားကို သက်ရောက်စေသော အကြောင်းတရားများ

### အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို စာအုပ်မဖွင့်မီ အုပ်စုများဖွဲ့ကာ သူတို့အား ဝယ်လိုအားကို သက်ရောက်သည့် အကြောင်းအချက်များကို စဉ်းစားခိုင်းပါ။ အချိန် ၁၀ မိနစ်ခန့် သူတို့အား ဆွေးနွေးစေပြီး သူတို့၏ ထင်မြင်ချက်များကို သင်ပုန်း ပေါ်တွင် ရေးခိုင်းကာ တခြားအုပ်စုများနှင့် သဘောတူမတူ စောင့်ကြည့်ပါ။

### ကြိုတင်ပြင်ဆင်ရန်

substitute (adj) – အစားထိုးသော၊ တခြားနည်းလမ်းဖြစ်သော

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကျောင်းသားများအား သူတို့၏ မှတ်စုစာအုပ်တွင် လေ့ကျင့်ခန်းများကို ဖြည့်ခိုင်းပါ။ ပထမဦး ဆုံး လေ့ကျင့်ခန်းများကို ကျောင်းသားများနှင့် အတူတူဖတ်ပါ။ ထို့နောက် သူတို့အား အချိန်မိနစ် ၂၀ မှ ၃၀အထိပေးပြီး ပြီးအောင် ဖြည့်ခိုင်းပါ။ အဖြေတိုက်ပါ။

**အဖြေများမှာ**

၁။ ဖားအံရှိ သရက်သီးတစ်လုံး ဈေးနှုန်းသည် တစ်ပတ်အတွင်း တစ်ကီလိုလျှင် ဘတ် ၂၀မှ ဘတ် ၁၀၀ ဖြစ်သွားသည်။ သရက်သီး၏ဝယ်လိုအား ဘာကြောင့်ကျဆင်းသွားသနည်း။
အဖြေ။ သရက်သီးဈေးနှုန်း ပိုမိုဈေးကြီးလာပြီး လူနည်းစုသာ ဝယ်နိုင်သဖြင့် ဝယ်လိုအား ကျဆင်းသွားခြင်း ဖြစ်သည်။

၂။ မအေးအေးသည် တောင်ကြီးတွင် ဆရာမဖြစ်သည်။ သူမလစာသည် နည်းပါးသဖြင့် သူမကြိုက်သော ချောကလက်ကို ဝယ်မစားနိုင်ချေ။ ကျောင်းအုပ်ဆရာမကြီးအဖြစ် ရာထူးတိုးသောအခါ လစာလည်းတိုးလာသည်။ လခတိုးလာသော သူမသည် ချောကလက်ပိုဝယ်မလား၊ လျှော့ဝယ်မလား၊ ဘာကြောင့်လဲ။
အဖြေ။ သူမသည် ပိုက်ဆံပိုရလာသဖြင့် ချောကလက်များ ပိုဝယ်ကောင်းဝယ်နိုင်သည်။

၃။ မြင့်သူသည် မြစ်ကြီးနားတွင် နေသည် မြို့ဈေးကြီး ဆိုင်ခန်းတွင် သူသည် ဖိနပ်ရောင်းသည်။
တစ်နေ့တွင်ဈေးထဲတွင် ဖိနပ်ရောင်းသော ဆိုင်သစ်တစ်ဆိုင်ပေါ်ပေါက်လာသည်။ ဆိုင်သစ်မှာ မြင့်သူဆိုင်ထက် ပိုမိုဈေးပေါသည်။ ရက်သတ္တပတ်များစွာ ကြာလျှင်မြင့်သူ၏ဖိနပ်ဆိုင်မှာ ဘာဖြစ်သွားနိုင်သနည်း။ အဘယ့်ကြောင့်နည်း။
အဖြေ။ မြင့်သူဖိနပ်ဆိုင်တွင် ဝယ်လိုအား လျော့ကျသွားနိုင်သည်။ ဖိနပ်ဝယ်သူများက တခြားဆိုင်သစ်တွင် ဖိနပ်များသည် ပိုကောင်းပြီး ဈေးလဲပိုပေါသည်ကို သိရှိလာကြမည်။ ထို့ကြောင့် သူတို့သည် မြင့်သူဆိုင်တွင် မဝယ်ကြတော့ပါ။

၄။ တောင်ငူတွင်နေသော ထွန်းထွန်းသည် လယ်သမားဖြစ်ပြီး သူ့လယ်မြေပေါ်တွင် သူ့ဇနီး ထို့အပြင် သားသုံးယောက်နှင့် အလုပ်လုပ်ကိုင်သည်။ လပေါင်းများစွာ ထွန်းထွန်းသည် မြေးများအတွက် သ–ကားလုံးများဝယ်ယူသည်။ မေလတွင် သူသည် မိုးရွာသီအတွက် ရာဘာဖိနပ်များကို ဝယ်ယူသည်။ သူသည် မေလတွင် သ–ကားလုံးကို ပိုဝယ်မလား၊ လျှော့ဝယ်မလား။ ဘာကြောင့်လဲ။
အဖြေ။ ထွန်းထွန်းသည် သူလိုအပ်သော ရာဘာဖိနပ်ကို ဝယ်ယူနိုင်ရန် သကြားလုံးကိုလျှော့ဝယ်မည်။

၅။ ယဉ်ထွေးတွင် ကလေးသုံးယောက်ရှိသည်။ သူတို့သည် ငှက်ပျောသီးကြိုက်ကြသဖြင့် မြင့်သူသည် ဈေးမှ ငှက်ပျောသီးများ ဝယ်လေ့ရှိသည်။ တစ်နေ့တွင်ကလေးများက သူမအား ငှက်ပျောသီး မကြိုက်တော့ကြောင်း၊ လိမ္မော်သီးကြိုက်ကြောင်းပြောသည်။ နောက်တစ်ကြိမ် ဈေးသွားသောအခါ ယဉ်ထွေး ဘာဝယ်မည်နည်း။ အဘယ်ကြောင့်နည်း။
အဖြေ။ နောက်တစ်ကြိမ် ဈေးသွားလျှင်ကလေးများကြိုက်သော လိမ္မော်သီးကိုသာ ဝယ်ယူမည်ဖြစ်သည်။

## ရောင်းလိုအားကို သက်ရောက်သော အကြောင်းရင်းများ–

### အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို စာအုပ်မဖွင့်မီ အုပ်စုများဖွဲ့ကာ သူတို့ဏှာအား ဝယ်လိုအားကို သက်ရောက်သည့်အကြောင်း အချက်များကို စဉ်းစားခိုင်းပါ။ အချိန် ၁၀ မိနစ်ခန့် သူတို့ကိုဆွေးနွေးခိုင်းပြီး သူတို့ ထင်မြင်ချက်များကို သင်ပုန်းပေါ်တွင် ရေးခိုင်းကာ တခြားအုပ်စုများနှင့် သဘောတူမတူ စောင့်ကြည့်ပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကျောင်းသားများအား သူတို့၏ မှတ်စုစာအုပ်တွင် လေ့ကျင့်ခန်းများကို ဖြေခိုင်းပါ ပထမဦးဆုံး လေ့ကျင့်ခန်းများကို ကျောင်းသားများနှင့် အတူတူဖတ်ပါ။ ထို့နောက် သူတို့အား အချိန်မိနစ် ၂၀မှ ၃၀ အထိပေးပြီး ပြီးအောင် ဖြေခိုင်းကာ အဖြေတိုက်ပါ။

**အဖြေများမှာ-**

၁။ သက်ဝင်းတွင် ရန်ကုန်၏ ထီးထုတ်လုပ်သော စက်ရုံတစ်ရုံရှိသည်။ ဇွန်လသည် မိုးရာသီဖြစ်သဖြင့် လူများက ထီးကို ဝယ်ယူကြရာ ထီးတန်ဖိုးမှာလည်း မြင့်တက်နေသည်။ ထိုအချိန်တွင် သက်ဝင်းသည် ထီးကို ဈေးကွက်သို့ လျော့ရောင်းမလား၊ ပိုရောင်းမလား။ အဘယ်ကြောင့်နည်း။
အဖြေ။ ။လူများက ထီးကို ပိုမိုဝယ်ယူလာသဖြင့် ဈေးကွက်တွင် ထီးကို ပိုမိုရောင်းချနိုင်ရန် ဆုံးဖြတ်နိုင်သဖြင့် အမြတ်ငွေများ ရရှိသည်။

၂။ လမ်းမူသည် မိုးကုတ်တွင် နေသည်။ သူမသည် ငွေနှင့်လုပ်သော လက်ကောက်နှင့် ရေနှင့် တန်ဖိုးကြီးကျောက်မျက် ရတနာများဖြင့် ပြုလုပ်သော လက်စွပ်ကို ပြုလုပ်ရောင်းချသည်။ လူအများစုက ဈေးသက်သာသော လက်ကောက်ကို ဝယ်ယူကြပြီး လူနည်းစုကသာ လက်စွပ်ကို ဝယ်ယူနိုင်ကြသည်။ သူမသည် လက်ကောက်နှင့် လက်စွပ် ဘယ်အရာကို ပိုလုပ်မည်နည်း။ အဘယ့်ကြောင့်နည်း။
အဖြေ။ ။လမ်းမူသည် လူအများစု ဝယ်ယူနိုင်သော လက်ကောက်ကို ပိုလုပ်မည်ဖြစ်သည်။

၄။ ရဲမင်းသည်လားရှိုးတွင် ကက်ခြံပိုင်သည်။ သူမသည် ကြက်ဥနှင့်ကြက်သားများကို ရောင်းချသည်။ ကြက်ဥဝယ်လိုအား တိုးလာသည့်အတွက် ကြက်၂၅ ရာခိုင် ထပ်ဝယ်လိုက်ပြီး။ ကြက်ဥကို ပိုမိုထုတ်လုပ်သည်။ ထိုအခါ ကြက်သားပေါက်လေးများ ဘာဖြစ်သွားသနည်း။ အဘယ်ကြောင့်နည်း။
အဖြေ။ ။ ရဲမင်းတွင် ကြက်အရေအတွက် များလာသဖြင့် ကြက်သား (ကြက်ဥ)ပါ ပိုမိုထုတ်လုပ်နိုင်သည်။ ထို့ကြောင့် ကြက်သား ရောင်းလိုအားမှာ တိုးလာသည်။

၅။ သီရိသည် နေပြည်တော်အနီးတွင် နေထိုင်သည်။ ရွာအနီးရှိ သူမပိုင်မြေတွင် ရွာသားများ စပါးစိုက်သည်။ မနှစ်က မိုးရာသီတွင် ခါတိုင်းထက် မိုးနည်းသည်။ ဆန်အထွက်နှုန်း ကျခဲ့သည်။ ရွာရှိဆန်ရောင်းလိုအား ဘာဖြစ်သွားသနည်း။ ဘာကြောင့်နည်း။
အဖြေ။ ။ဆန်ထုတ်လုပ်ရောင်းချမှု လျှော့နည်းသဖြင့် လူထက် ဆန်ရောင်းလိုအားမှာ လျော့နည်းသွားသည်။

## တန်ဖိုးနှင့် ရောင်းလိုအားနှင့် ဝယ်လိုအား

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲထားပြီး ဂရပ်နှင့်ပတ်သက်၍ မေးခွန်းထုတ်ပါ။သူတို့အား ၅မိနစ်မှ ၁၀မိနစ် အချိန်ပေးပါ။ နှစ်ယောက်တစ်တွဲကို အတန်းကို ဂရပ်အကြောင်း ရှင်းပြပါ။

ဂရပ်သည် လိမ္မော်သီးအကြောင်း ဖော်ပြထားသော ဝယ်လိုအား မျဉ်းကွေးဖြစ်သည်။ လိမ္မော်သီး ဈေးကျသွားလျှင် လူများက လိမ္မော်သီးများများ ပြေးဝယ်ကြသည်။ လိမ္မော်သီးတစ်လုံးလျှင် ၃ ဘတ်ရှိတုန်းက အလုံး ၁၀၀ ရောင်းချပြီးလျှင် ၂ ဘတ်သို့ ကျသွားသောအခါ အလုံး ၄၀၀ ရောင်းရသည်။ ထို့ကြောင့် ဈေးနှုန်းကျလာလေ ဝယ်လိုအား တိုးလာလေလေဖြစ် သည်။

ဂရပ်သည် လိမ္မော်သီးအကြောင်းဖော်ပြထားသော ဝယ်လိုအားမျဉ်းကွေးဖြစ်သည်။ လိမ္မော်သီး ဈေးတက်လာသောအခါ ဈေး ရောင်းသူများက ပိုက်ဆံပိုလိုချင်သဖြင့် ပိုမိုရောင်းချလိုကြသည်။ ထို့ကြောင့် သူတို့သည် ဈေးသို့ လိမ္မော်သီးများကို ပိုမိုရောင်းချကြသည်။ ဈေးများကျသွားသောအခါ သူတို့သည် ဈေးပြန်လည် မြင့်တက်လာရန် ရောင်းလိုအားကို ထိန်းချုပ်ကြ သည်။

## ကြော်ငြာနှင့် ဝယ်လိုအား

### ဆွေးနွေးချက်

၂။ ကျောင်းသားများကို နာမည်ကျော်ကြားသော တံဆိပ်များကို စဉ်းစားခိုင်းပါ။ အကြံဉာဏ်များ မထွက်လာလျှင် သူတို့အား ဥပမာပေးရန်မှာ Dove ခေါင်းလျှော်ရည်၊ Nivea ခန္ဓာကိုယ်လိမ်းရည်၊ Nike ဖိနပ်၊ အိုဗာတင်း၊ Heineken ဘီယာ၊ မိုင်လို၊ နက်စ်ကဖေးတို့ဖြစ်သည်။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ ကျောင်းသားများကို သတင်းစာနှင့် မဂ္ဂဇင်း ဖတ်ခိုင်းပါ။ ထို့နောက် အကောင်းဆုံးဟု သူတို့ထင်သော ကြော်ငြာကို ရွေးခိုင်းပါ။

## ဆွေးနွေးချက်

၄။ လူသိများသော တံဆိပ်များသည် သာမန်တံဆိပ်များထက် ပိုဈေးကြီးသည်။ အဘယ်ကြောင့်ဆိုသော်

၁။ ကြော်ငြာလျှင် လူသိများသဖြင့် ကြော်ငြာသည် ဝယ်လိုအားတက်စေသောကြောင့် ရောင်းသူက ဈေးနှုန်းကို မြှင့်တင်နိုင်သည်။

၂။ ကြော်ငြာခြင်းသည် လူချမ်းသာတို့အတွက် ပစ္စည်းကောင်းဟု ဆွဲဆောင်သဖြင့် သူတို့က ယင်းအတွက် ပိုက်ဆံပေးရန် သဘောတူကြသည်၊

၃။ လူတို့သည် ကြော်ငြာသော ကုန်စည်ကို မျက်စိထဲတွင် စွဲနေပြီး ယင်းကုန်စည်ကို ယုံကြည်လက်ခံကြသည်။

၄။ ကြော်ငြာခြင်းသည် ဈေးကြီးသည့်အတွက် လုပ်ငန်းရှင်များက ထုတ်လုပ်မှုစရိတ် ကာမိရန် ဈေးမြှင့်ကြသည်။

**ရော်နယ်ဒင်ညို၏ တီရှပ်ပေါ်တွင် နစ်ကီက တံဆိပ်ရိုက်လို**

၁။ ရော်နယ်ဒင်ညိုသည် နာမည်ကျော်ကြားသဖြင့် သူ့ဝတ်စားဆင်ယင်မှုကို တစ်ကမ္ဘာလုံးက အတုခိုးကာ နစ်ကီကုန် ပစ္စည်းများကို ဝယ်ယူကြမည်ဖြစ်သည်။

၂။ နစ်ကီက လူများအား ယင်းတံဆိပ်သည် ထူးချွန်ခြင်း၊ အောင်မြင်ခြင်းကို မြင်ယောင်စေသဖြင့် ရော်နယ်ဒင်ညိုကို အားကျစေကာ ယင်းတံဆိပ်နှင့် ပစ္စည်းများကို ဝယ်ယူမည်ဖြစ်သည်။

၃။ ရော်နယ်ဒင်ညိုသည် နာမည်ကျော်ကြားသဖြင့် ကမ္ဘာအရပ်ရပ်တွင် တွေ့နိုင်သည်။ ထို့ကြောင့် သူနှင့် ကြော်ငြာလျှင် ရောင်းအားတက်လာနိုင်သည်။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၅။ ကျောင်းသားများအား ယင်းတို့ပတ်ဝန်းကျင်ရှိ ကြော်ငြာများကို လေ့လာခိုင်းပါ သူတို့အား ၁၀ မိနစ်ခန့် အချိန်ပေးကာ ယင်းပစ္စည်းများသည် ဘာအတွက် ကြော်ငြာသနည်းဆိုတာကို စဉ်းစားခိုင်းပါ။ ထို့နောက် သူတို့အား အတန်းထဲတွင် တွေ့ရှိချက်များကို ပြန်လည်တင်ပြစေပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၆။ ကုန်စည်နှင့် ဝန်ဆောင်မှုအတွက် မဂ္ဂဇင်းကြော်ငြာတစ်ခုကို ဖန်တီးခိုင်းပါ။ ယင်းသည် လက်ရှိကြော်ငြာများနှင့် မတူညီစေရ။ အကြံသစ်ဖြစ်ရမည်။ ထို့နောက်တစ်တွဲဆီကို အတန်းထဲတွင် presentation ခိုင်းပါ။

## ၁၁၊ အလုပ်အကိုင်ရရှိမှု၊ အလုပ်ခွင်အခြေအနေနှင့် အလုပ်သမားသမဂ္ဂများ

**စဉ်းစားခိုင်းခြင်း**

၁။ လူတွေ ဘာကြောင့် အလုပ်လုပ်ရသနည်းဟူသော မေးခွန်းကို ကျောင်းသားများကို မေးပါ။ ထို့နောက် ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် ရေးပါ။ မဖြေနိုင်လျှင် အောက်ပါအတိုင်း အကြံပေးပါ။

၁။ အလုပ်ဆိုသည်မှာ လိုအပ်ချက်ဖြစ်သည်။ အလုပ်လုပ်လျှင် ပိုက်ဆံရသဖြင့် လိုချင်တာ ဝယ်နိုင်သည်။
၂။ အလုပ်က မိမိကိုယ်ကို ယုံကြည်ချက်နှင့် အနေအထားကို ဖန်တီးပေးသည်။
၃။ အလုပ်သည် လူအား ပျင်းရိငြီးငွေ့ခြင်းမှ လွတ်ကင်းစေလျှက် မိတ်ဆွေသစ်များကို ဖန်တီးစေသည်။
၄။ အလုပ်သည် ပျော်ရွှင်မှုနှင့် ကြေနပ်မှုကိုပေးစွမ်းနိုင်သည်။
၅။ အလုပ်သည် လူအား လွတ်လပ်စေသည်။ ကိုယ့်မိသားစုအား ထောက်ပံ့နိုင်သည်။

**ဆွေးနွေးချက်**

၂။ လူတိုင်း အလုပ်လုပ်ရန် လိုအပ်ပါသလား။ လူတိုင်း အလုပ်လုပ်စရာမလိုသော မတူသော အကြောင်းများကို ဖော်ပြပါ။

| | | |
|---|---|---|
| စာသင်ခြင်း | – | ကျောင်းသားများသည် စာသင်ရာတွင် အာရုံစိုက်နေရသဖြင့် အလုပ်မလုပ်နိုင်ပါ။ |
| ဖျားနာခြင်း | – | ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နေထိုင်မကောင်းပါက အလုပ်မလုပ်နိုင်ပါ။ |
| အလုပ်မပျော်ပိုက်ခြင်း | – | အလုပ် မပျော်ပိုက်ပါက အလုပ်မလုပ်နိုင်ပါ။ |
| ပိုက်ဆံမလိုအပ်လျှင် | – | အတော်ချမ်းသာသော လူများတွင် အလုပ်လုပ်ဖို့ မလိုအပ်ပါ။ |
| ပျင်းရိလျှင် | – | ပျင်းရိနေလျင်လည်းအလုပ်မလုပ်ချင်ပါ။ |

ကလေးများကို စောင့်ရှောက်နေမှုအလုပ်မလုပ်နိုင်ပါ။

## လုပ်အားနှင့် အလုပ်လက်မဲ့

### ကြိုတင်ပြင်ဆင်ခြင်း

to negotiate(verb) ဈေးစပ်ဆွေးနွေးဖြေရှင်းသည်။

လုပ်အားအကြောင်း ရေးသားထားသော စာပိုဒ်ကို ကျောင်းသားများကို ဖတ်ခိုင်းပါ။ လုပ်အား၊ လုပ်အားဈေးကွက်၊ လုပ်အားအင်အားကို ကျောင်းသားများ နားလည်ပါစေ။

အလုပ်လက်မဲ့ဖြစ်သော သက်အောင်နှင့် အလုပ်ရှင်၊ အလုပ်သမားအကြောင်းကို ရေးထားသော စာပိုဒ်ကို ဖတ်ခိုင်းပါ။ အလုပ်လက်မဲ့ဖြစ်မှုသည် အလုပ်မရှိခြင်းနှင့် မသက်ဆိုင်ကြောင်း ပြောပြပါ။ ကျွမ်းကျင်မှုသည် အဓိကကျကြောင်း ရှင်းပြပါ။ ဥပမာအားဖြင့် တစ်နေရာတည်းထဲတွင် အလုပ်များစွာ ရှိသော်လည်း ထိုအလုပ်အတွက် ရှိသင့်သော ကျွမ်းကျင်မှုရှိသည်။

စိုင်းဆာဒိုင်းနှင့် နန်းဖာ။စိုင်းဆာဒိုင်းသည် အလုပ်သမားဖြစ်ပြီး နန်းဖာသည် အလုပ်ရှင်ဖြစ်သည်။

**စဉ်းစားခိုင်းခြင်း**

၃။ လခရသောအလုပ်နှင့် လခမရသောအလုပ်ဟူသော ကော်လံနှစ်ခုကို သင်ပုန်းပေါ်တွင်ဆွဲပါ။ ထို့နောက် ကျောင်းသားများ ပတ်ဝန်းကျင်ရှိအလုပ်များကို ခွဲခြားခိုင်းပါ။

**ဆွေးနွေးခြင်း**

၄။ ကျောင်းသားများ ပတ်ဝန်းကျင်ရှိ အလုပ်လက်မဲ့အကြောင်း အုပ်စုများခွဲ၍ စဉ်းစားခိုင်းပါ။ သူတို့အားဆွေးနွေးရန် ၅ မိနစ်ခန့်အချိန်ပေးပြီး ရရှိလာသော အကြံဉာဏ်များကို ချရေးပါ။ ထို့နောက် အုပ်စုအသီးသီးအကြံဉာဏ်များအား အတန်းနှင့် သဘောတူမတူစစ်ဆေးပါ။ အလုပ်လက်မဲ့ဖြစ်မှုသည် အောက်ပါအချက်များကြောင့်ဖြစ်နိုင်သည်။

(၁) လူအများအား အလုပ်ခန့်ရန် လုပ်ငန်းရှားပါးခြင်း
(၂) ကျမ်းကျင်မှု နည်းပါးခြင်း
(၃) စီးပွားရေးအခြေအနေမကောင်း၍ လုပ်ငန်းများရပ်နားခြင်းနှင့် အလုပ်သမားလျှော့ချခြင်း
(၄) ဆက်သွယ်ရေးအခက်အခဲကြောင့် လူအများအလုပ်ရှာရန် ခက်ခဲခြင်း

ကြိုတင်ပြင်ဆင်ခြင်း။

**wages (noun)** လစာလုပ်ခဝင်ငွေ

## ဆွေးနွေးချက်

၁။ ကျောင်းသားများအား အောက်ဖော်ပြပါ လုပ်အားရောင်းလိုအားနှင့် ဝယ်လိုအားအကြောင်း မေးခွန်းများကိုစဉ်းစားခိုင်းပါ။

## လုပ်အား၊ ရောင်းလိုအားနှင့် ဝယ်လိုအား

### ကြိုတင်ပြင်ဆင်ရန်

to shrink (verb) ပိုမိုသေးငယ်လာသည်
to lay off (verb) အလုပ်သမားများအား အလုပ်ထုတ်သည်

## ဆွေးနွေးချက်

၂။ ကျောင်းသားများအား စာပို့ကိုဖတ်ခိုင်းပါ။ ၅ မိနစ်ခန့်အချိန်ပေးပြီး သူတို့မသိသောစာလုံးများကို မှတ်သားခိုင်းပါ။ ထိုစာလုံးများကို ခန့်မှန်းခိုင်းပါ။ အဘိဓာန်တစ်အုပ်ပေး၍ စာလုံးများကိုရှာခိုင်းပါ။ (သို့မဟုတ်)သင်ကိုယ်တိုင် အဓိပ္ပာယ်ပြောပြပါ။

### ကြိုတင်ပြင်ဆင်ခြင်း

Discrimination (noun) – ခွဲခြားဆက်ဆံခြင်း
exploitation (noun) – ခေါင်းပုံဖြတ်ခြင်း။ မတရားမှု

## ဆွေးနွေးချက်

၃။ ကျောင်းသားများအား ရုပ်ပုံက ဆိုလိုခြင်းကိုမေးပါ။

အရုပ်ပုံသည် ကလေးလုပ်အားအကြောင်းဖြစ်သည်။ ကလေးငယ်သည် အလုပ်လုပ်နေရ၍ သူသည် ဘောလုံးကန်ရန် တွေးနေလေ့ရှိသည်။ သို့ရာတွင် သူ့တွင် ဘောလုံးကန်ရန်အချိန်မရှိပေ။ ဆင်းရဲသောနိုင်ငံများတွင် ဥပဒေက ကလေးများကို အလုပ်မလုပ်ရန် တားမြစ်ထားသော်လည်း သူတို့သည် နာရီပေါင်းများစွာ လစာနည်းနည်းဖြင့် အလုပ်လုပ်နေရသည်။ သူတို့သည် အလုပ်လုပ်နေရသဖြင့် ကျောင်းလည်း မသွားနိုင်၊ ကစားရန်လည်း အချိန်မရှိပေ။ သူတို့အခွင့်အရေးများလည်း သူတို့မသိ။ထို့ကြောင့် အလုပ်ခွင်တွင် သူတို့ခေါင်းပုံဖြတ်ခံရသည်။ ဆင်းရဲသောနိုင်ငံများတွင် မိဘများက ကလေးများအတွက် အစားအစာနှင့် ကျောင်းတက်ရန်ပိုက်ဆံမရှိသဖြင့် အလုပ်လုပ်ခိုင်းနေကြသည်။ အစိုးရကလည်း မကူညီနိုင်ပေ။

**ကျောင်းသားများအား သူတို့ပတ်ဝန်းကျင်တွင် ကလေးလုပ်သား ရှိမရှိ မေးပါ။**

## အုပ်စုလေ့ကျင့်ခန်း

၄။ ကျောင်းသားများကို အုပ်စုဖွဲ့ သူတို့အား မာဇလီယာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားများ အဖြစ် မည်သူတို့ကို အလုပ်လုပ်ခွင့်ပြုသင့်ကြောင်း အဆိုပြုချက် ၅ ချက်နှင့်တကွ မည်သူတို့အား အလုပ်လုပ်ခွင့်ပြုသင့်သည်။ မည်သည့်အလုပ် အမျိုးအစားအား ခွင့်ပြုသင့်သည်ဟူသော အချက်များပါရမည်။ ၁၅ မိနစ်အချိန်ပေးပါ။ ဥပမာအားဖြင့်

- အသက် ၁၆ နှစ်အောက်ကလေးများအား စက်ရုံများတွင် အလုပ်လုပ်ခွင့်မပြုသင့်။
- အမျိုးသမီးများအား စစ်တပ်တွင်း အမှုထမ်းခွင့် မပြုသင့်။

အုပ်စုတစ်စုချင်းစီ၏ အကြံဉာဏ်များကိုမေးမြန်းပါ။ သူတို့အား ဘာကြောင့်ဆုံးဖြတ်ချက်ချရသည်ကိုမေးပါ။ သူတို့၏ အကြံဉာဏ်နှင့် အတန်း၏ သဘောတူမတူ စောင့်ကြည့်ပါ။ ဥပမာအားဖြင့် အမျိုးသမီးများအား ဘာကြောင့် စစ်မှုမထမ်းခိုင်းရသနည်း။

## လုပ်ငန်းခွင်အခြေအနေ

### ကြိုတင်ပြင်ဆင်ခြင်း

to maximize (verb) – ဖြစ်နိုင်သမျှကြီးအောက် လုပ်သည်။

လုပ်ငန်းခွင်အခြေအနေဟူသော စာပိုဒ်အား ကျောင်းသားများကိုဖတ်ခိုင်းပါ။ သူတို့မသိသော စကားလုံးများကို မှတ်သားစေပြီး အဘိဓာန်တွင် ရှာခိုင်းပါ။

### ဆွေးနွေးရန်

၁။ ကျောင်းသားများအား ဆိုးရွားသော လုပ်ငန်းခွင်အကြောင်း စဉ်းစားခိုင်းပါ။ အချိန်အနည်းငယ်ပေးပြီး သူတို့အကြံပြုချက်များကို မေးမြန်းပါ။ သူတို့မသေချာပါက အောက်ပါမေးခွန်းများကို မေးမြန်းနိုင်သည်။

– ၁၂ နာရီတောက်လျှောက် နားချိန်မရှိဘဲ သင်အလုပ်လုပ်ရပါက ဘယ်လိုနေပါမလဲ။

– စနစ်တကျကာကွယ်မှုမရှိသော အန္တရာယ် များသည့် လုပ်ငန်းခွင်တွင် သင်အလုပ်လုပ်ရပါက သင်ဘယ်လို လုပ်ပါမလဲ။

### အလုပ်သမား သမဂ္ဂများ

ကျောင်းသားများအား အလုပ်သမား သမဂ္ဂအကြောင်း ရေးထားသော စာပိုဒ်ကိုဖတ်ခိုင်းပါ။ သူတို့နားမလည်သော စကားလုံးများကို မှတ်သားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ မှန်၊ မှားဖြေရန်အတွက် သင်ပုန်းတွင် အောက်ဖော်ပြပါဝါကျများကိုရေးပြပါ။ နှစ်ယောက်တွဲ၍ ကျောင်းသားများ ဝါကျများ မှန်၊ မမှန်ကို ဆုံးဖြတ်ရမည်။ သူတို့မှားသည်ဟုဆုံးဖြတ်သော ဝါကျများအတွက် အမှန်ကို ရေးပြခိုင်းရမည်။

(က) အချို့အလုပ်ရှင်များသည် စရိတ်သက်သာရန် ဆင်းရဲသောအလုပ်ခွင်ကို ဖန်တီးသည်။
အဖြေ။ မှန်

(ခ) အလုပ်သမားသမဂသည် အလုပ်ရှင်များအား အလုပ်သမားအခွင့်အရေးနှင့် အလုပ်ခွင်အခြေအနေ တိုးတက်ရန် ကူညီသည်။
အဖြေ။ မှား (အလုပ်သမားသမဂ္ဂသည် အလုပ်သမားများကိုသာ ကူညီသည်)

(ဂ) သပိတ်မှောက်ခြင်းသည် အလုပ်ရှင်များက အလုပ်သမားများအား အလုပ်လုပ်ခွင့်မပြုရာမှ ဖြစ်ပေါ်သည်။
အဖြေ။ မှား
(သပိတ်မှောက်ခြင်းသည် အလုပ်ရှင်အတွက် အလုပ်သမားများက အလုပ်လုပ်ရန် ငြင်းဆန်ခြင်းမှ စတင်သည်)

## ဘရိုင်ယန်နှင့် မေမတ်ချ်ဂဲ သပိတ်( လန်ဒန်။ အင်္ဂလန်)

### ကြိုတင်ပြင်ဆင်ခြင်း

pus, boycott, dispute, publicity, inspire, formation ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ ကျောင်းသားများအား အောက်ဖော်ပြပါ မေးခွန်းများကို မှတ်စုစာအုပ်ထဲတွင်ဖြေခိုင်းပါ။ သူတို့ အဖြေများကို တစ်ဦးနှင့်တစ် ဦးနှိုင်းယှဥ်ခိုင်းပါ။

(၁) ဘရိုင်ယန်နှင့် မေမတ်ချ်ဂဲလ် စက်ရုံတွင် အသုံးပြုသော ကြေးငွေစနစ်ကိုဖော်ပြပါ။
အဖြေ။ အလုပ်သမားများသည် စကားပြောလျှင်သော်၎င်း၊ မီးခြစ်များပြုတ်ကျရင်သော်၎င်း၊ ခွင့်ပြုချက်မရဘဲ အိမ်သာသွားလျှင် သော်၎င်း ဒဏ်ရိုက်ခံရသည်။ အလုပ်နောက်ကျပါကလည်း တစ်ရက်စာအဖြတ်ခံရသည်။

(၂) စက်ရုံရှိ အမျိုးသမီးအလုပ်သမား ၁၄၀၀ အဘယ်ကြောင့်ဆန္ဒပြရသနည်း။
အဖြေ။ သူတို့လုပ်ဖော်ကိုင်ဖက်များအား ဆိုးရွားလှသောလုပ်ငန်းခွင်အခြေအနေနှင့် စပ်လျဥ်းမကျေနပ်သဖြင့် လက်မှတ်ထိုးတိုင်တန်းရာက အလုပ်ထုတ်ခံရသဖြင့် ဆန္ဒပြခြင်းဖြစ်သည်။

(၃) အန်နီဘီဆန်နှင့် တခြားသတင်းစာဆရာများသည် သူတို့သတင်းစာတွင် မည်သည့်အရာကို တောင်းဆိုသနည်း။
အဖြေ။ သူတို့က ဆန္ဒပြရန် တောင်းဆိုကြသည်။

(၄) အဘယ်ကြောင့် မတ်ချ်ဂဲသပိတ်သည် အလွန်အရေးကြီးရသနည်း။
အဖြေ။ အရေးကြီးရခြင်းမှာ အလုပ်သမားများက စီစဥ်ညွှန်–ကားမှုမရှိဘဲ တစ်မျိုးသားလုံးနိုး–ကားလာအောင်ပြုလုပ်သော ပထမဦးဆုံးသပိတ်ဖြစ်ခြင်းနှင့် နိုင်ငံတစ်ဝန်းလုံး သမဂ္ဂများပေါ်ပေါက်စေခြင်းတို့ ကြောင့်ဖြစ်သည်။

အလုပ်သမားအခွင့်အရေး

**ကြိုတင်ပြင်ဆင်ခြင်း**

exploitation (noun) – ခေါင်းပုံဖြတ်ခြင်း

media (noun) – သတင်းစာ တီဗွီရေဒီယို

armed (adjective) – လက်နက်ကိုင်ဆောင်ထားသော

to censor (verb) – အန္တရာယ်များသော သတင်းအချက်အလက်များအား ပုံနှိပ်ခွင့်မပြုခြင်း

၁၀ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၁။ သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါ မေးခွန်းများရေးပါ။ ဖြေဆိုရန် နာရီဝက်ခန့်အချိန်ပေးပါ။ ထို့နောက် နှစ်ယောက်တစ်တွဲစီတွဲ၍ အဖြေများကို နိုင်းယှဉ်ကာ သဘောတူညီမှု ရှိမရှိ အတန်းနှင့် ဆွေးနွေးပါ။

(က) အလုပ်ကြမ်းဆိုသည်မှာ အဘယ်နည်း။

အဖြေ။ အလုပ်ကြမ်းဆိုသည်မှာ အလုပ်သမားများ ခေါင်းပုံဖြတ်ခံရသော လုပ်ငန်းခွင်အခြေအနေဖြစ်သည်။

(ခ) **အယ်လ်မွန်တီးစက်ရုံ အလုပ်သမားများ ခံစားရသောအလုပ်သမား အခွင့်အရေးသုံးရပ်ကိုဖော်ပြပါ။**

အဖြေ။ အဖြေသုံးခုသည် အောက်ဖော်ပြပါအချက်များမှဖြစ်နိုင်သည်။

သူတို့သည် တစ်နေ့လျှင် ၁၈ နာရီအလုပ်လုပ်ရသည်။

သူတို့သည် စက်ရုံအတွင်းတွင် ထောင်ကျခံရသည်။

သူတို့သည် ကြွက်များပြေးလွှားနေသော အခန်းတွင်အိပ်ရသည်။

သူတို့၏ တယ်လီဖုန်းနှင့် စာများဖွင့်ဖောက်ခံရသည်။

သူတို့အား စက်ရုံလုံခြုံရေး ဝန်ထမ်းနှင့် ပိုင်ရှင်တို့က ခြိမ်းခြောက်သည်

သူတို့ဟူသည် လစာအနည်းငယ်သာရရှိသည်။

သူတို့အား စက်ရုံမှထုတ်သော ဈေးကြီးသည့်ပစ္စည်းများကို အတင်းအဓမ္မဝယ်ယူခိုင်းသည်။

(ဂ) **အယ်လ်မွန်တီယာအလုပ်သမားများအမှုတွင် မည်သို့စီရင်ချက်ချခဲ့သနည်း။**

အဖြေ။ တရားရုံးက အလုပ်သမားများအား ပိုက်ဆံနှင့်ဥပဒေဆိုင်ရာ သက်သာခွင့်ပေးခဲ့သည်။ ထို့အပြင် အထည်အလိပ် ကုမ္ပဏီများသည် သူတို့စက်ရုံများရှိ အလုပ်ခွင်အခြေအနေကို တာဝန်ခံရန် ဆုံးဖြတ်ချက်ချခဲ့သည်။

(ဃ) **နစ်ကီစက်ရုံပိုင်ရှင်က အလုပ်သမားများအား ညဘက်တွင်မအိပ်ရန်မည်သို့ လုပ်ဆောင်ထားသနည်း။**

အဖြေ။ ပိုင်ရှင်က သောက်ရေထဲတွင် စိတ်ကြွဆေးများ ထည့်ထားသောကြောင့်ဖြစ်သည်။

(င) **နစ်ကီစက်ရုံအလုပ်သမားများ ပေးရသော ဒဏ်ကြေးအမျိုးအစားများကိုဖော်ပြပါ။**

အဖြေ။ အလုပ်သမားများ သန့်စင်ခန်းပေါ်ပါက ဘတ် ၅၀၀ ဒါဏ်အရိုက်ခံရသည်။ အမျိုးသမီးအလုပ်သမားတစ်ဦးသည် လန်းဆန်းနေစေရန် သံပုရာသီးယူလာပါက ဘတ် ၂၀၀ အရိုက်ခံရသည်။

(စ) **အယ်လ်မွန်တီနှင့် နစ်ကီ အလုပ်သမားများကဲ့သို့ အဖိနှိပ်ခံရလျှင် မှားယွင်းသည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့်နည်း။**

အဖြေ။ ကျောင်းသားများ၏ အမြင်ကို တင်ပြနိုင်သည်။

## ဆွေးနွေးရန်

၂။ သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါ မေးခွန်းနှစ်ခုကိုရေးပါ။

(၁) အယ်လ်မွန်တီနှင့် နစ်ကီစက်ရုံများက သူတို့၏အလုပ်သမားများအား အဘယ်ကြောင့် ဆိုးရွားစွာ ဆက်ဆံရသနည်း။

(၂) အလုပ်ခွင်အခြေအနေနှင့် အလုပ်သမားအခွင့်အရေးတိုး တက်စေရန် ဘာလုပ်သင့်သလဲ။

ကျောင်းသားများအား အုပ်စုခွဲ၍ ဆွေးနွေးခိုင်းပါ။

# ၁၂။ ငွေကြေး

## ဆွေးနွေးရန်

၁။ ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ထို့နောက်ငွေကြေးကို အဓိပ္ပာယ်သတ်မှတ်နိုင်သည့် နည်းလမ်းကိုစဉ်းစား ခိုင်းပါ။ ထို့နောက် သူတို့၏ အကြံဉာဏ်များကိုချရေးခိုင်းပါ။ သူတို့၏အကြံများကို သင်ပုန်းပေါ်တွင် ရေးပြပါ။

## ဆွေးနွေးရန်

၂။ မှတ်စုစာအုပ်တစ်အုပ်ထက် အမေရိကန်ဒေါ်လာ ၅၀ က ပိုမိုအဖိုးတန်ရခြင်းအကြောင်းအရင်းကို ရှင်းပြခိုင်း ပါ။
အဖြေ။ မှတ်စုစာအုပ်တစ်အုပ်ထက် အမေရိကန်ဒေါ်လာ ၅၀ က ပိုမိုအဖိုးတန်ရခြင်းမှာ သူ၏ လဲလှယ်မှု တန်ဖိုးကြောင့်ဖြစ်သည်။ သင်သည် မှတ်စုစာအုပ်တစ်အုပ်ထက် ဒေါ်လာ ၅၀ ဖြင့် ပစ္စည်းများစွာ လဲလှယ်နိုင်သည်။

## စဉ်းစားရန်

၃။ ကျောင်းသားများအား ကမ္ဘာပေါ်ရှိ ငွေကြေးအမည်များကိုမေးပါ။ ကမ္ဘာပေါ်တွင် ငွေကြေး ၁၇၈ မျိုးရှိသည်။

### လဲလှယ်မှုတန်ဖိုး

ကျောင်းသားများအား လဲလှယ်မှုတန်ဖိုးအကြောင်း စာပိုဒ်ကိုဖတ်ခိုင်းပါ။ ထို့နောက် ကျောင်းသားများကို အောက်ပါအတိုင်း မေးပါ။
**အမေရိကန်ဒေါ်လာ ၁၀၀ ကို ထိုင်းဘတ်ဖြင့်လဲလှယ်ပါက ဘတ်ငွေမည်မျှရရှိမည်နည်း။**
အဖြေ။ ၃၃၀၀ ဘတ်

### ရက်စတုန်းငွေ

ကျောင်းသားတစ်ယောက်အား ရက်စတုန်းငွေအကြောင်း အသံထွက်ဖတ်ခိုင်းပါ။ ထို့နောက် ကျောင်းသားများအား ကျန်သောစာပိုများကို ဆက်ဖတ်ခိုင်းပါ။ သူတို့နားလည်မှုရှိ မရှိသိရန် အောက်ပါမေးခွန်းများကိုမေးပါ။

၁။ အကြီးဆုံးရပ်ကျောက်တုံးများသည် မည်မျှကြီးသနည်း။
အဖြေ။ အချင်းအားဖြင့် လေးမီတာရှိသည်။

၂။ ကျောက်တုံးငွေ၏ တန်ဖိုးကို ရပ်လူမျိုးများက မည်ကဲ့သို့တိုင်းတာသနည်း။
အဖြေ။ ကျောက်တုံးတန်ဖိုးသည် အရွယ်အစားနှင့် သမိုင်းပေါ်တွင်မူတည်သည်။

၃။ သူတို့သည် ကျောက်တုံးများအား ငွေကြေးအဖြစ် အစဉ်အမြဲသုံးပါသလား၊
အဖြေ။ သူတိုအစဉ်အမြဲသုံးသည်မှာ အမေရိကန်ဒေါ်လာဖြစ်သည်။

၄။ လူချမ်းသာများက ကျောက်တုံးများနှင့် ဘာလုပ်သနည်း။
အဖြေ။ သူတို့၏ ချမ်းသာကြွယ်ဝမှုကိုပြသသည့်အနေဖြင့် အိမ်အပြင်ဘက်တွင် ကျောက်တုံးများအား ထားလေ့ရှိသည်။

## ဆွေးနွေးရန်

၄။ ကျောင်းသားများအား အုပ်စုဖွဲ့ မေးခွန်းများမေးကာ ရရှိလာသောအိုင်ဒီယာများကို အချင်းချင်းဆွေးနွေးခိုင်း ပါ။
မြန်မာပြည်တွင် အသုံးပြုသော ငွေကြေးပုံစံများမှာ ရွှေ၊ ငွေ၊ တန်ဖိုးကြီးသော တန်ဖိုးနည်းသော ကျောက်မျက်ရတနာများ။ တိရိစ္ဆာန်များ၊ ဆန်စသည်တို့ဖြစ်သည်။

### မှတ်သားရန်

ဘီစီအီးဆိုသည် သမိုင်းဦးဘုံမြေခေတ် မတိုင်မီဟု အဓိပ္ပာယ်ရသည်။ ယင်းသည် ခရစ်တော်မပေါ်ထွန်းမီ ဘီစီနှင့် အဓိပ္ပာယ်အတူတူဖြစ်သည်။ စီအီးဆိုသည်မှာ ဘုံခေတ်ဟု အဓိပ္ပာယ်ရသည်။ ခရစ်တော်ပေါ်ပြီး အေဒီနှင့် အတူတူပင်ဖြစ် သည်။

ကျောင်းသားများအား ငွေကြေးသမိုင်းအကြောင်းကိုရေးထားသော စာပိုဒ်က ၁၅မိနစ်ခန့် ဖတ်ခိုင်းပါ။ မသိသောစကားလုံး များကို မှတ်ထားပြီး အဘိဓာန်တွင် ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၁။ အောက်ဖော်ပြပါ ဝါကျများကို သင်ပုန်းပေါ်တွင်ရေးပါ။ ထို့နောက် ကျောင်းသားများကို နှစ်ယောက် တစ်တွဲစီထား၍ ဝါကျများမှန်၊ မမှန် စစ်ဆေးခိုင်းပါ။ ထိုလေ့ကျင့်ခန်းလုပ်ဆောင်ရန် ၁၅ မိနစ်အချိန်ပေးပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် စစ်ဆေးခိုင်းပါ။

(၁) ကမ္ဘာ့ပထမဦးဆုံး သတ္တုငွေကြေးသည် ဘီစီအီးငါးရာတွင် ပေါ်ပေါက်ခဲ့သည်။
မှား (ကမ္ဘာ့ပထမဦးဆုံးသတ္တုငွေကြေးသည် ဘီစီအီးတစ်ထောင်တွင် တရုတ်နိုင်ငံတွင် ပေါ်ပေါက်ခဲ့သည်)

(၂) အိမ်မွေးတိရစ္ဆာန်များအား ငွေကြေးအဖြစ်အသုံးပြုမှုသည် ဘီစီအီးကိုးထောင်ခန့်တွင် စတင်ခဲ့သည်။
မှန်

(၃) ပထမဦးဆုံး သတ္တုငွေကြေးကို ကြေးနီနှင့်ကြေးတို့ဖြင့် စတင်ပြုလုပ်သည်။
မှန်

(၄) အခွံများကို ငွေကြေးအဖြစ် တွင်ကျယ်စွာ မည်သည့်အခါမှ အသုံးမပြုခဲ့ချေ။
မှား (အခွံများသည် အကျယ်ပြန့်ဆုံးနှင့် အရှည်လျားဆုံးငွေကြေးအဖြစ် သမိုင်းတွင်အသုံးပြုခဲ့သည်)

(၅) တရုတ်နိုင်ငံတွင် ငွေစက္ကူကို ငွေကြေးအဖြစ် ပထမဦးဆုံး စီအီး ၁၄၅၅ အသုံးပြုခဲ့သည်။
မှား (တရုတ်နိုင်ငံတွင် ငွေစက္ကူကို ငွေကြေးအဖြစ် ပထမဦးဆုံးအသုံးပြုမှုမှာ ဘီစီအီး ၈၀၀တွင်ဖြစ်သည်)

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ အချိန်လမ်းကြောင်း ကျောင်းသားများကို အုပ်စုဖွဲ့ ငွေကြေးသမိုင်းကြောင်းကို ဖော်ပြသော အချိန်လမ်းကြောင်းတစ်ခု ဆွဲခိုင်းပါ။ ဥပမာအားဖြင့် အချိန်လမ်းကြောင်းမည်ကဲ့သို့ စတင်မည်နည်းဟူသောအချက်ကို ပြသဖို့လိုသည်။ ဖြစ်နိုင်ပါက အချိန်လမ်းကြောင်းဆွဲရန် စာရွက်အပိုင်းအစလေးများ ကျောင်းသားများကိုပေးပါ။ စာရွက်များမရှိပါက သူတို့မှတ်စုစာအုပ်များကို အသုံးပြုနိုင်သည်။ ရုပ်ပုံများသုံးစွဲလိုက သုံးစွဲနိုင်သည်။

သူတို့ဟာပုံဆွဲပြီးပါက သူတို့ပုံများကိုနံရံပေါ်တွင် ကပ်ထားခိုင်းပါ။ ထို့နောက် အချိန်လမ်းကြောင်းများအနက်မှ တစ်ခုကို ရွေးချယ် ခိုင်းပါ။



## စဉ်းစားခိုင်းရန်

၁။ ကျောင်းသားများ စာအုပ်မဖွင့်ခင် ငွေကြေးသည် အဘယ်ကြောင့် အရေးကြီးရခြင်းအကြောင်းကို ကျောင်းသားများကို မေးမြန်းပါ။ ငွေကြေးကို ဘာအတွက်အသုံးပြုရသနည်း။ သူတို့၏ ထင်မြင်ချက်များကို သင်ပုန်းပေါ်တွင် ချရေးစေပြီး ငွေကြေးအသုံးပြုခြင်းလေးမျိုးကို တဖြည်းဖြည်းဦးဆောင်သွားပါ။ ဥပမာပေးပြောဆိုပါ။

**လဲလှယ်ခြင်း** ကျောင်းသားများက ပစ္စည်းများဝယ်ယူရန်ဟုပြောပါက တစ်ခုခုဝယ်လျှင် ဘာလုပ်ရသလဲဟုမေးပါ။ သူတို့က ပိုက်ဆံ ပေးရသည်။ တခြားသူတစ်ယောက်က ကုန်စည်နှင့်ဝန်ဆောင်မှုကို ပြန်ပေးသည်။ ၄င်းအား လဲလှယ်မှုဟုခေါ်သည်။

### တန်ဖိုးတစ်ခုကို ထိန်းသိမ်းထားရန်

ကျောင်းသားများအား ငှက်ပျောစိုက်သူများဟု ထင်မှတ်ခိုင်းပါ။ ငှက်ပျောသီးခူးပြီးသည့်နောက် မည်မျှကြာကြာ ငှက်ပျောသီးများကို သိမ်းထားနိုင်သည်ကိုမေးမြန်းပါ။ စီးပွားရေးတွင် ပိုက်ဆံမရှိပါက ဘာကြောင့် ပြဿနာဖြစ်ရသည်ကို မေး မြန်းခိုင်းပါ။ ငှက်ပျောသီးခူးပြီး တစ်ပတ်အကြာ ငှက်ပျောသီးများမှာလတ်ဆတ်မှု လျော့နည်းလာသည်။

ငှက်ပျောသီးများ တန်ဖိုးကျလာသည်။ ပိုက်ဆံသည် တန်ဖိုးမကျ။ သူ၏တန်ဖိုးကို အထင်သေးနိုင်ဆဲဖြစ်သည်။ လယ်သမားသည် ငွေကြေးနှင့် ငှက်ပျောသီးကို လဲလှယ်နိုင်ပါက ယင်း၏တန်ဖိုးကို နောက်တစ်ကြိမ် အသုံးပြုနိုင်ရန် ထိန်းသိမ်းထား နိုင်ပြီး ငွေကြေးသည် ငှက်ပျောသီးထက် သယ်ဆောင်ရလွယ်ကူသည်။

### ကြွေးမြီယူ၍ ပြန်လည်ပေးဆပ်ခြင်း

ကျောင်းသားများအား သူတို့တွင် ပိုက်ဆံမရှိဟုတွေးခိုင်းပါ။ သူတို့သည် မော်လမြိုင်သို့သွားရန် ကားလက်မှတ်ဝယ်ဖို့လိုသည်။ ဒါပေမယ့် ဝယ်ရန်ပိုက်ဆံမရှိ။ ထိုအခါ သူတို့ဘာလုပ်မည်နည်း။ သူတို့၏ သူငယ်ချင်းအား ကြက်သွန်နီအနည်းငယ် တောင်းရမ်းငှားယူမည်။ ထို့နောက် ဘတ်စ်ကားဂိတ်သို့ သွား၍ ဘတ်စ်ကားမောင်းသူအား ကြက်သွန်နီမည်မျှ မော်လမြိုင်သို့ သယ်ယူချင်သနည်းဟုမေးပါ။ ထို့နောက် သူငယ်ချင်းဆီပြန်သွား၍ ကြက်သွန်နီအိတ်များနှင့် ဘတ်စ်ကားဂိတ်ကို ပြန်သွားရမည်။ ရက်သတ္တပတ်များစွာကြာအောင် တစ်ဦးဦး၏အိမ်အား ဆေးသုတ်ပြီး ငှက်ပျောသီး ၁၅ကီလိုဂရမ်ကို လုပ်ခအဖြစ်ရရှိသည်။ ယခုအခါ သူတို့၏သူငယ်ချင်းအား အကြွေးပြန်ဆပ်နိုင်မည်ဖြစ်သည်။ သူ့ သူငယ်ချင်းကို ငှက်ပျောသီး မည်မျှပေးရမည်နည်း။

ပိုက်ဆံနှင့်မှု အကြွေးအား ပြန်ပေးရန်နှင့် ချေးငှားရန် ပိုမိုလွယ်ကူသည်။ အကြွေးဆိုသည်မှာ သင်သူတစ်ပါးအား ပေးရမည့်ငွေ ဖြစ်သည်။

## ဘာတာစနစ်အပေါ် ငွေကြေးအသာစီးရမှုများ

## အုပ်စုလေ့ကျင့်ခန်း

၂။ ကျောင်းသားများအား အုပ်စုခွဲ၍ ရေလုပ်ငန်းသမားတစ်ယောက်၏ ရက်သတ္တပတ်အလုပ်အကြောင်းကို ၁၅မိနစ်ခန့် ဖတ်ခိုင်းပါ။ မသိသော စကားလုံးများကို မှတ်ထား၍ အဘိဓာန်တွင်ရှာခိုင်းပါ။

| | | |
|---|---|---|
| တနင်္လာနေ့ | – | ရောင်းရသောငါး၏ တန်ဖိုးကို ငွေကြေးဖြင့်စုထားပြီး ယနေ့အတွက် အစားအစာများကို ဝယ်ယူရန်ဖြစ်သည်။ |
| အင်္ဂါနေ့ | – | ငွေကြေးနှင့် ခရမ်းချဉ်သီးနှင့် ငါးများ၏တန်ဖိုးကို တိုင်းတာရန် ပိုမိုလွယ်ကူသည်။ |
| ဗုဒ္ဓဟူးနေ့ | – | သူတို့သည် ငွေကြေးနှင့်လဲလှယ်ရန် တစ်စုံတစ်ခုကို ဘယ်သောအခါမှ ငြင်းဆန်လိမ့်မည်မဟုတ်။ |
| ကြာသာပတေးနေ့ | – | ငွေကြေးသည် ကုန်စည်အများစုထက် သယ်ဆောင်ရလွယ်ကူပြီး ပိုမိုပေါ့ပါးသည်။ |
| သောကြာနေ့ | – | ငွေကြေးကို သိမ်းဆည်းထားခြင်းဖြင့် ချေးငှားရန်နှင့် ပြန်လည်ပေးဆပ်ရန် လွယ်ကူသည်။ |

### ငွေကြေးသည် ဘာတာစနစ်ထက် ပိုကောင်းပါသလား။

ကျောင်းသားတစ်ယောက်အား စာပို့ကိုဖတ်ခိုင်းပါ။ သူတို့၏အမြင်များအား အပြန်အလှန်ဆွေးနွေးခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ငွေကြေး (သို့မဟုတ်) ဘာတာစနစ်၊ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီထားပါ။ သူတို့အား ဥပမာသုံးခုကို ကြည့်ခိုင်းပါ။ ထို့နောက် ငွေကြေးနှင့် ဘာတာစနစ်သည် မည်သည့်အရာက ဘာကြောင့်ပိုမိုအသုံးဝင်သနည်း ဟုမေးပါ။ အချိန် ၁၀ မိနစ်ခန့်ပေး၍ သူတို့အမြင်ကို အခြားသူများနှင့် နှိုင်းယှဉ်ပါ။

(က) ဘာတာစနစ် စီးပွားရေး ကန့်သတ်ထားသဖြင့် ပိုက်ဆံပေါပေါများများမရှိပါ။ သူတို့မှာလည်း ပိုက်ဆံရနိုင်သော အလုပ်မရှိ။ ငွေကြေး ရနိုင်သော စိုက်ပျိုးသီးနှံများကိုမစိုက်နိုင်။ ထို့ကြောင့်ငွေကြေးသည် မကျယ်ပြန့်။ ထို့ကြောင့် ဘာတာစနစ်သည် အသုံးဝင်သောလဲလှယ်မှုနည်းလမ်းဖြစ်သည်။ ထိုအခါ သူတို့သည် ကုန်စည်နှင့် ဝန်ဆောင်မှုများကို တခြားကုန်စည်နှင့် ဝန်ဆောင်မှုများဖြင့် တိုက်ရိုက် လဲလှယ်နိုင်သည်။

(ခ) ငွေကြေးကန်ပိုသည် ငွေကြေးအားအသုံးပြု လည်ပတ်နေသော စီးပွားရေးစနစ်ကြီးရှိသည်။ ပန်းသည်က ငါးအား ငွေကြေးနှင့်လဲလှယ်သည်။ ထို့နောက် ငါး၏တန်ဖိုးကို နောက်တစ်ခါအသုံးပြုရန် သိမ်းဆည်းထားသည်။

(ဂ) ဘာတ စီးပွားရေးပြဿနာများကြောင့် ဇင်ဘာဘွေ၏ ငွေကြေးတန်ဖိုးမှာ ကျဆင်းနေသဖြင့် ယင်းငွေကြေးကို ထိန်းသိမ်းထားရန် မသင့်တော်ချေ။ တန်ဖိုးအားတိုင်းတာချက်တစ်ရပ်အနေဖြင့် ငွေတန်ဖိုးသည် အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ ထို့ကြောင့် ဘာတာစနစ်သည် လဲလှယ်ရန် ပိုမိုကောင်းမွန်သောနည်း လမ်းတစ်မျိုးဖြစ်လာသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများသည် ဇင်ဘာဘွေကဲ့သို့မတည်ငြိမ်သော အဖြစ်အပျက်များကို ရှောင်ရှားရန် ဘာတာစနစ်ကို သုံးသင့်သည်။

## ဆွေးနွေးရန်

၂။ ဘာတာစနစ်မှ စီးပွားရေးအရ မည်သည့်အကျိုးစီးပွားများရနိုင်သနည်း။ ကျောင်းသားများကို အုပ်စုခွဲပြီး အကြံဉာဏ်များ ကိုရေးချပါ။ ထို့နောက် သူတို့၏အမြင်များကို ဆွေးနွေးခိုင်းပါ။

ဘာတာစနစ်၏ ကောင်းကျိုးများမှာ ငွေကြေးရှားပါးနေချိန် ပိုက်ဆံ၏တန်ဖိုး လျင်မြန်စွာပြောင်းလဲနေသော အချိန်တွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ဘာတာစနစ်ဆိုသည်မှာ ပိုက်ဆံအကြောင်းကို လဲလှယ်သူများက ပူပင်စရာမလိုပေ။ တိုးတက်လာ သော စီးပွားရေးတစ်ခုတွင် စီးပွားရေးကျဆင်းလာသောအခါ လုပ်ငန်းရှင်များသည် ကုန်စည်နှင့်ဝန်ဆောင်မှုအတွက် ငွေကြေး အစား တိုက်ရိုက်လဲလှယ်မှုကိုသာ လိုလားကြသည်။

အစိုးရများပင်လျှင် ယင်းကဲ့သို့ အကြောင်းပြချက်ဖြင့် ဘာတာစနစ်ကိုအသုံးပြုပြီး စီးပွားရေးဆင်းနေချိန် ယင်းတို့၏ ငွေကြေးမတည်ငြိမ်မှုများနှင့် အစိုးရ၏ ပိုက်ဆံအလုံအလောက်မရှိသောအခါ ဘာတာစနစ်ဖြင့် သူတို့လိုအပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကိုပေးသည်။ ထို့ကြောင့် ဘာတာစနစ်သည် ယေဘူယျအားဖြင့် ငွေစက္ကူပေါ် မှီခိုရခြင်းကိုလျော့နည်းစေ သည်။ နိုင်ငံခြားကုန်စည်များကို အသုံးပြုရ သောငွေကြေးပမာဏကို လျော့နည်းစေသည်။

လူများ၊ လုပ်ငန်းရှင်များနှင့် အစိုးရများက သူတို့မလိုအပ်သော ကုန်စည်များကို ဖယ်ရှားပြစ်လျှင်သူတို့အတွက် အသုံးဝင်သော ကုန်စည်များကိုရရှိစေနိုင်သည်။ ဥပမာ ၂၀၀၅ နိုဝင်ဘာလတွင် တရုတ်နိုင်ငံက မီးရထားစက်ခေါင်းတွဲ ၇ လုံး အား ထိုင်းမှ ကန်ဒေါ်လာ ၂၅ သန်းတန် ဆန်ဖြင့်လဲလှယ်ရန်သဘောတူညီခဲ့ကြသည်။ ထိုသဘောတူညီချက်တွင် နှစ်ဖက်လုံး အပေးအယူကိစ္စအတွက် ငွေမလိုချေ။

## ခေတ်သစ်စီးပွားရေးစနစ်ရှိ ဘာတာစနစ်

ကျောင်းသားများကို စာဖတ်ခိုင်းပြီး သူတို့နားလည်မှုကိုစစ်ဆေးပါ။

## ကြိုတင်ပြင်ဆင်ခြင်း

| | | |
|---|---|---|
| rural (adj) | – | ကျေးလက်ဒေသ |
| debt (noun) | – | အကြွေး |
| self-sufficient (adj) | – | လုံလုံလောက်လောက်ရှိသော |
| interest (noun) | – | အတိုး |

ကျောင်းသားများအားဘီယာကွစ်ချန်အကြောင်း စာပိုဒ်ကို၁၅မိနစ်ခန့် ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင် ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၁။ အောက်ဖော်ပြပါမေးခွန်းများကို သင်ပုန်းပေါ်တွင် ရေးပြပါ။ ထို့နောက် သူတို့၏ မှတ်စုစာအုပ်များတွင် အဖြေများကိုရေးခိုင်းပါ။ ကျောင်းသားများ ဖြေပြီးပါကနှစ်ယောက်တစ်တွဲစီ အဖြေများကိုနှိုင်းယှဉ်ပါ။

(က) ကွစ်ချန်ခရိုင်ရှိ ရွာသားများသည် အဘယ်ကြောင့် ဘီယာငွေကြေး ကိုဖန်တီးရန်ဆုံးဖြတ်ခဲ့ကြသနည်း။
အဖြေ။ ရွာသားများသည် အကြွေးလည်ပင်းနစ်လာပြီး အမျိုးသားငွေကြေးအပေါ် မှီခိုမှုလည်းကြီးမားလာရာ ဈေးနှုန်းပြောင်းလဲမှုများမှာလည်း ထိန်းချုပ်မှုမဲ့လာခဲ့သောကြောင့်ဖြစ်သည်။

(ခ) ဘီယာကဲ့သို့ လူမျိုးစုံငွေကြေးသုံးစွဲခြင်း၏ ကောင်းကျိုးများမှာအဘယ်နည်း။
အဖြေ။ ဘီယာ၏ ကောင်းကျိုးမှာ အမျိုးသားငွေကြေးကို ဒေသခံများက မှီခိုရခြင်းကို လျော့နည်းစေရုံ သာမက တိုင်းတာခြင်း တန်ဖိုးသိမ်းဆည်းခြင်းတို့ကို ဖန်တီးပေးသည်။

(ဂ) ထိုင်းအစိုးရက ဘီယာကို အဘယ့်ကြောင့် ကန့်ကွက်ရသနည်း။
အဖြေ။ ထိုင်းအစိုးရက ဘီယာသည် တရားမဝင်ငွေကြေးဖြစ်ပြီး ထိုင်းလုံခြုံရေးကို ထိခိုက်စေသည်။ သူတို့မှသည် အခြားသူများထံမှလည်း ငွေကြေးပုံစံများ နိုင်ငံတစ်ဝန်းပေါ်ပေါက်လာဖွယ်ရှိသည် ယင်းသို့ပေါ်ပေါက်လာပါက ထိုင်းဘတ်တန်ဖိုးသည် လျင်မြန်စွာ ကျဆင်းသွားလိမ့်မည်။

(ဃ) လူ့အဖွဲ့အစည်းအား ဘီယာအားအသုံးပြုရန် ခွင့်ပြုသင့်ပါသလား။ အဘယ်ကြောင့်နည်း။
အဖြေ။ ကျောင်းသားများကို အမြင်ကိုတင်ပြနိုင်သည်။ ကျောင်းသားများအား လူ့အဖွဲ့အစည်းငွေကြေး အသုံးဝင်၊ မဝင် မေးမြန်းပါ။ အဘယ့်ကြောင့်နည်းဆိုတာပါ ထည့်သွင်းမေးမြန်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီထား၍ ယင်းတို့ပတ်ဝန်းကျင်ရှိ လူငါးဦးအား ငွေကြေးကိုအသုံးပြု အရောင်းအဝယ်ပြုလုပ်သော အကြောင်းမေးပါ။ ဘာတာစနစ်ကိုအသုံးပြုပါက ထိုစနစ်အားဘာကြောင့် အသုံးပြုရသနည်း။ ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးမျိုးအတွက် လဲလှယ်မှုပုံစံကွဲပြားပါသလား။ ကွဲပြားပါက အဘယ်ကြောင့်နည်း။

ယင်းတွေ့ရှိချက်များကို အစီရင်ခံစာတစ်စောင်ရေးခိုင်းပါ။ သူတို့၏ အစီရင်ခံစာအား အတန်းကိုဖတ်ပြခိုင်းပါ။ အတန်း ကမေးသော မေးခွန်းများကိုပြန်လည်ဖြေခိုင်းပါ။ ထို့နောက် အတန်းအား အစီရင်ခံစာများအား လဲပေးခိုင်းပါ။

**အကြွေး။ ချေးငွေနှင့်အတိုး** ကျောင်းသားများအား ထိုစကားလုံးသုံးလုံးအား သိ၊ မသိမေးပါ။ ထိုစကား လုံးသုံးလုံးအကြောင်း မေးထားသော စာပိုဒ်ကို ကျောင်းသားများအား အသံထွက်ဖတ်ခိုင်းပါ။ ကျောင်းသားအား လစဉ်အတိုးနှုန်းတွက်ချက်သည့် လုပ်ငန်းအား လေ့ကျင့်ခိုင်းပါ။

မိချိုသည် ဘဏ်မှ ကျပ် ၂ သိန်းချေးယူလာသည်။ ဘဏ်မှ သူမအား ၁၂ ရာခိုင်နှုန်းအတိုးယူသည်။ သူမသည် တစ်လလျှင် အတိုးမည်မျှပေးရမည်နည်း။

အဖြေ ၁၂,၁၀၀၊ ၂၅၀,၀၀၊ ၁၂ လကြာ ၂၅၀၀ ကျပ်

**မောင်မောင်။** ကျောင်းသားတစ်ယောက်အား မောင်မောင်၏အကြွေးအကြောင်းကို ဖတ်ခိုင်းပါ။ ကြွေးမြီသည် ပြဿနာဖြစ်ပါသလား။ အဘယ့် ကြောင့်နည်း။

**နိုင်ငံခြားကြွေးမြီနှင့် ဆင်းရဲသောနိုင်ငံများအပေါ် ကြွေးမြီများထိုးနက်ချက်။**

ယင်းအကြောင်းရေးထားသော စာပိုဒ်များကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီထားပါ။ နိုင်ငံခြားကြွေးမြီ ဆင်းရဲသော နိုင်ငံများအပေါ်ထိုးနှက်ချက်အကြောင်းကို မေးခွန်းသုံးခုစဉ်းစားခိုင်းပါ။ စာရွက်တစ်ရွက်ပေါ်တွင် မေးခွန်းများကိုရေး၍ အခြားတစ်ရွက်ပေါ်တွင် အဖြေများကိုရေးပါ။ ထို့နောက် တခြားအဖွဲ့အား မေးခွန်းများကိုပေးပါ။ အဖြေများကို မပေးပါနှင့်။ တစ်တွဲစီ အဖြေဖြေရန် ၁၀ မိနစ်စီ အချိန်ပေးပါ။ အဖြေစာရွက်ကိုပြန်ယူပြီး အဖြေများမှန်မမှန်စစ်ဆေးခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၂။ ကျောင်းသားများ အုပ်စုသုံးစုခွဲပါ။ အုပ်စုတစ်ခုစီအား အောက်ဖော်ပြပါ ဖော်ပြချက်တစ်ရပ်ပေးပါ။ သူတို့ရသောအချက်ကို သူတို့ဘာသာသူတို့ဆွေးနွေးခိုင်းပါ။ ကြွေးမြီများသည် တရားမတရားဟူသော အမြင်များကို လွှမ်းမိုးခြင်းရှိ၊ မရှိမေးမြန်းပါ။ သူတို့၏ အကြောင်းပြချက်များကို ရေးချခိုင်းပါ။ ယင်းအကြောင်းပြချက်များကို တစ်တန်းလုံးအားတင်ပြခိုင်းပါ။ အောက်ဖော်ပြပါ အဖြေများသည် ဆွေးနွေးဖော်ပြချက်များ အတွက်ဖြစ်သည်။
ဆင်းရဲသောနိုင်ငံများ ကိုလိုနီလက်အောက်မှ လွတ်လပ်သောအခါ ကြွေးမြီများတင်ရှိနေခဲ့သည်။ ကိုလိုနီခေတ်တွင် အစိုးရက ထုတ်ပေးသော ချေးငွေများအပေါ် ပြည်သူများက လုံးဝထိန်းချုပ်မှုမရှိ။ သူတို့၏ သဘာဝအရင်းအမြစ်များကို သိမ်းပိုက်ခံရကာ နိုင်ငံရပ်ခြား စီးပွားရေးစနစ်များကို အစားထိုးကြသည်။ ထို့ကြောင့် ယင်းအကြွေးများကို သိမ်းပိုက်ခံနိုင်ငံများမှ နိုင်ငံသားများက ပေးရမည်ဆိုသည်မှာ မတရားချေ။ ကိစ္စတော်တော်များများတွင် ချေးငွေများကို အာဏာရှင်များကိုသာပေးပြီး လူထုအကျိုးအတွက်ငွေ ကိုအသုံးမပြုချေ။ ချေးငွေများကို တိုင်းပြည်နှင့်လူမျိုးအတွက် အသုံးမပြုပါက ထိုချေးငွေကို ယင်းတိုင်းသူပြန်သားများမှ ပေးဆပ်ခွင့်ရှိပါသလား။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးမြီများမှာ အာဏာရှင်များနှင့် အထူးသဖြင့်သက်ဆိုင်သည်။ ခေါင်းဆောင်များက သူ့ပြည်သူလူထုအား ဖိနှိပ်ရန် ထိုကြွေးမြီများကို အသုံးပြုပါက ထိုကြွေးကို ပြန်ဆပ်သင့်သည်။

ဆင်းရဲသော နိုင်ငံများသည် သူတို့၏အကြွေးကို သူတို့မဆပ်နိုင်ကြ။ နှစ်ပေါင်းတစ်ရာအတွင်း သူတို့၏အကြွေးမှာ အမေရိကန်ဒေါ်လာ ၁,၃၇၈၀,၀၀၀,၀၀၀,၀၀၀ အထိပင် ရှိလာသည်။ ယင်းပမာသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူတစ်ယောက်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅သန်း ကြွေးမြီတင် ရှိခြင်းဖြစ်သည်။

အတိုးနှင့် အကြွေးပြန်ဆပ်မှုသည် အလွန်အမင်းလိုအပ်နေသော ဆေးရုံ၊ ကျောင်းနှင့် အခြေခံအဆောက် အအုံများ၊ စီမံကိန်းများမှ ပေးရခြင်းဖြစ်သည်။ ထိုအကြွေးများကို ပြန်မပေးရလျှင် အတိုးနှုန်းမှာလည်း မတိုးတက်ဘဲ နေလိမ့်မည်မဟုတ်ချေ။ ကြွေးမြီတင်နေသော လက်ရှိအစိုးရများသည် ခြစားပြီး ပြည်သူကို ဖိနှိပ်ခါ အုပ်ချုပ်နေပါက သူတို့၏အကြွေးများကိုလျှော်ပစ်ပါကသူတို့၏ ပိုက်ဆံအပိုများကိုတိုင်းပြည်တိုးတက်ရေးအတွက် သုံးလိမ့်မည်မဟုတ်ချေ။ သူတို့၏ ရသမျှအမြတ်ကို သူတို့အတွက်သာ သိမ်းဆည်းကောင်း သိမ်းဆည်းလိမ့်မည်။ သို့မဟုတ် ပြည်သူများကို ဖိနှိပ်ရန်ဆက်လက် အသုံးပြုလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခြစားမှုနည်းပါးသော၊ ဖိနှိပ်မှုနည်းပါးသော နိုင်ငံ (အုပ်ချုပ်မှုစနစ်ရှိသည့် အစိုးရ)များ၏ ကြွေးမြီသာကိုလျှင် လျှော်ပစ်သင့်သည်။

**ဘာလုပ်နိုင်သလဲ။** ကျောင်းသားများအား ထိုစာပိုဒ်အား ဖတ်ခိုင်းပါ။ နားလည်မှုရှိ၊ မရှိ စစ်ဆေးခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ မှား၊ မှန်
အောက်ဖော်ပြပါ ဖော်ပြချက်ကို သင်ပုန်းပေါ်တွင်ရေးပါ။

(၁) ၂၀၀၅ ခုနှစ်တွင် ဂျီ ၈ နိုင်ငံများက ဆင်းရဲသော ၁၈ နိုင်ငံ၏ အကြွေး ၇ ရာခိုင်နှုန်းကို လျှော်ပစ်ရန် သဘောတူခဲ့ကြသည်။
အဖြေ။ မှန်

(၂) ဂျီ ၈ နိုင်ငံများသည် ၂၀၁၀ တွင် အာဖရိကအား အကူအညီပေးမှုကိုလျှော့ချရန် သဘောတူညီခဲ့သည်။
အဖြေ။ မှား (ဂျီ ၈ နိုင်ငံများသည် ၂၀၁၀ တွင် အာဖရိကအား အကူအညီပေးမှုကိုနှစ်ဆတိုးမြှင့်ရန် သဘောတူညီခဲ့သည်)

(၃) ဘိုနိုနှင့်ဘော့ဂျယ်ဒေါ့ဖ်တို့သည် ပိုက်ဆံပေးသည့်အတွက် ဂျီ ၈ နိုင်ငံများကို မကြာသေးမီက ကျေးဇူးတင်ခဲ့သည်။
အဖြေ မှား (သူတို့နှစ်ဦးသည် ဂျီ ၈ နိုင်ငံများအား သူတို့ကတိပေးထားသော ငွေများစတင်ပေးရာတွင် နှေးကွေးမှုရှိသည့်အတွက် ဝေဖန်ခဲ့သည်)

# ၁၃။ အခွန်

## အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား အုပ်စုဖွဲ့ပါ။ စာအုပ်ကို မကြည့်ဘဲ အခွန်အကြောင်းကို ၁၀ မိနစ်ခန့် စဉ်းစားခိုင်းပါ။ သူတို့ စဉ်းစားချက်များကို အတန်းအား အဘယ်ကြောင့် ထိုစကားလုံးများကို ထည့်သွင်းရသည်ကို ရှင်းပြခိုင်းပါ။

**ကြိုတင်ပြင်ဆင်ခြင်း**

extortion (noun) – အာဏာနှင့် ခြိမ်းခြောက်မှုပြုလုပ်ကာ လူများထံမှ ပိုက်ဆံယူခြင်း
non-legitimate (adj) – တရားမဝင်သော
essential (adj) – အလွန်အမင်းလိုအပ်သော

ကျောင်းသားများအား စာအုပ်ဖွင့်၍ အခွန်အကြောင်းရေးထားသော ပထမစာပိုဒ်နှစ်ပိုဒ်ကိုဖတ်ခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၂။ ကျောင်းသားများကို အုပ်စုခွဲပါ။ သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါ မေးခွန်းများကိုရေးပြပါ။

(၁) သင်၏နိုင်ငံတွင် အခွန်အမျိုးအစားပေါင်းမည်မျှရှိသနည်း။

(၂) မည်သည့်အခွန်ကို မည်သူကပေးရသနည်း။

ထိုမေးခွန်းများကို ဆွေးနွေးရန် ၅ မိနစ်ခန့် အချိန်ပေးပါ။ သူတို့၏အဖြေများကို မေးမြန်းပါ။

**အခွန်များအကြား မတူညီမှုများကို ဖော်ပြပါ။**

အခွန်ဆိုသည်မှာ နိုင်ငံတော်နှင့် ဒေသခံအစိုးရများက သူတို့၏နိုင်ငံသားများအား ပေးစေလိုသည့် ငွေဖြစ်သည်။ ယင်းပိုက်ဆံကို အစိုးရက လုပ်ဆောင်ပေးရသော ဝန်ဆောင်မှုများကို တိုးတက်ရေးနှင့်ထိန်းသိမ်းရေးအတွက် အသုံးပြုသည်။ အခွန်နှုန်းထားများကို နိုင်ငံတော်နှင့် ဒေသခံအစိုးရများက သတ်မှတ်သည်။ နိုင်ငံများတွင် အခွန်ကောက်ခံခြင်းအတွက် တိကျသော စည်းမျဉ်းများရှိသည်။ အစိုးရအနေဖြင့် မည်သူကို အခွန်ကောက်ရန် မည်မျှကောက်ရန် အခွန်ကောက်ခွင့်မပေး ထားသော အာဏာမှ ပြည်သူများကိုကာကွယ်ရန် ထိန်းချုပ်ထားသည်။ မည်သည့်ပိုက်ဆံ အသုံးပြုမည်ဆိုသည်ကို ဥပဒေကဆုံး ဖြတ်ပြီးဖြစ်သည်။

တိုင်းပြည်အချို့တွင် အာဏာသုံး၍ ပိုက်ဆံကောက်ခံခြင်းလည်း ရှိတတ်သည်။ အာဏာသုံး၍ ပိုက်ဆံကောက်ခြင်းဆိုသည်မှာ အုပ်စု(သို့မဟုတ်) အစိုးရက တရားမဝင် ငွေကြေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို တောင်းဆိုခြင်းဖြစ်သည်။ တရားမဝင် ပိုက်ဆံကောက်ခံခြင်းသည် ခြိမ်းခြောက်မှုများမှလည်းကောင်း၊ အကြမ်းဖက်ခြင်းမှလည်းကောင်း ပြုလုပ်လေ့ရှိသည်။ အုပ် ချုပ်ရေးအဖွဲ့မှ အာဏာသုံး၍ကောက်ခံသော်လည်း ဥပဒေအရပြဋ္ဌာန်းထားသော အချက်ထက်ပိုမိုကောက်ခံ၍မရပေ။

**တိုက်ရိုက်နှင့် သွယ်ဝိုက်အခွန်**

တိုက်ရိုက်နှင့် သွယ်ဝိုက်အခွန် အကြောင်းရေးထားသော စာပိုဒ်များကို ၅ မိနစ်ခန့်ဖတ်ခိုင်းပါ။

## ဆွေးနွေးရန်

၃။ ကျောင်းသားများပတ်ဝန်းကျင်တွင် အခွန်ကောက်ခံခြင်းနှင့်အာဏာသုံး၍ ပိုက်ဆံကောက်ခြင်း ရှိ မရှိမေးမြန်းပါ။ သူတို့သည် အခွန်မဆောင်လျှင် ဘာကြောင့်လဲဟုမေးမြန်းပါ။

**ဝင်ငွေခွန်၏ တရားမျှတမှု**

အခွန်ကောက်ခြင်း တစ်မျိုးစီကိုဖော်ပြသော အချက်များကို ၁၅မိနစ်ခန့် ကျောင်းသားများအားဖတ်ခိုင်းပါ။
မသိသောစကားလုံးများကို မှတ်သားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၁။ ကျောင်းသားများအား မည်သည့်ဂရပ်က မည်သည့်ဝင်ငွေခွန်ကို ကောက်ခံသနည်းဟူသော မေးခွန်းကို ဖြေခိုင်းပါ။ သူတို့ဆုံးဖြတ်ရာတွင် လိုအပ်သော ဖော်ပြချက်များကို အသုံးပြုသင့်သည်။ သူတို့ရွေးချယ်မှုများ ပြုလုပ်သည့်အခါ သူတို့ ဆုံး ဖြတ်ချက်များ မှန်မမှန် စစ်ဆေးခိုင်းပါ။ သူတို့သည် အဖြေတစ်ခုကို အားလုံးသဘောတူသည်အထိ ဆွေးနွေးခိုင်းပါ။

အဖြေများ

(၁) တူညီအခွန် လူတိုင်းသည် လစဉ်ဝင်ငွေ၏ တူညီသောအချိုးအတိုင်းပေးရသည်။

(၂) တိုးတက်အခွန် လူတစ်ဦး‌ လစဉ်ဝင်ငွေတိုးသွားလျှင် သူ၏အခွန်နှုန်းမှာလည်း တက်သွားသည်။

(၃) လျော့ချအခွန် လူတစ်ဦးသည် လစဉ်ဝင်ငွေတိုးလေလေ အခွန်နှုန်းမှာ လျော့နည်းလေလေဖြစ်သည်။

**ကြိုတင်ပြင်ဆင်ခြင်း**

income (noun) လူတို့ လစဉ်ရင်းနှီးမြုပ်နှံမှုမှ ရရှိသောအမြတ်

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီထား၍ စကားပြောသုံးခုကို တစ်လှည့်စီဖတ်ခိုင်းပါ။ ထို့နောက် ပြောကြားနေသော **ဝင်ငွေအခွန်** အကြောင်းကိုဆုံးဖြတ်ခိုင်းပါ။ ယင်းစကားပြောထဲတွင် နှစ်ဦးနှင့် တစ်ဦးက သဘောတူ မတူကို လေ့လာခိုင်းပါ။ ၁၅ မိနစ်ခန့် အချိန်ပေးကာ သူတို့အဖြေများကို တစ်ဦးနှင့်တစ်ဦးတိုင်ပင်ခိုင်းပါ။

ထို့နောက် စကားပြောသုံးခုအတွက် အဖြေပေးရန် တစ်တွဲချင်းစီကို မေးမြန်းပါ။ သူတို့ဘာကြောင့် အဖြေဖြေသည်ကို မေးမြန်းပါ။ အဖြေများမှာ–

**(၁) တိုးတက်အခွန်၊**

**(၂) တူညီအခွန်၊**

**(၃) လျော့ချအခွန်**

## အုပ်စုလေ့ကျင့်ခန်း

၂။ ကျောင်းသားများကို အုပ်စုခွဲပါ။ အုပ်စုတစ်အုပ်စုစီသည် မာဇာလီယာရှိ ဘဏ္ဍာရေးဝန်ကြီးဌာန ဝင်ငွေခွန်ကော်မတီကို ကိုယ်စားပြုကြောင်း ရှင်းပြပါ။ သူတို့သည် အစိုးရ၏ဝင်ငွေခွန်ပေါ်တွင် ဆုံးဖြတ်ရန်အစည်းအဝေးထိုင် နေခြင်းဖြစ်သည်။ သူတို့သည် ဝင်ငွေခွန်အမျိုးအစားသုံးမျိုး အနက် တစ်ခုကိုရွေးချယ်ရမည်ဖြစ်သည်။ ယင်းဘာကြောင့် ရွေးချယ်ရသည်ကို ရှင်းပြခိုင်းရမည်။ အုပ်စုတွင်းရှိ လူတိုင်းသည် ထိုမူဝါဒကို သဘောတူညီမည်ဖြစ်သည်။ ယင်းတို့သဘောမတူကလည်း အုပ်စု၏ အဖွဲ့များနှင့် သူတို့ဘာသာ မဲပေးလိမ့်မည်။

သူတို့ရွေးချယ်မှုပြုလုပ်သော အချက်အားဆွေးနွေးရန် သူတို့အားအဆင်သင့်ပြင်ခိုင်းပါ။ ယင်းအနေအထားတွင် မေးခွန်းများအတွက် အဖြေ လုံးဝမရှိဘဲ မှန်းဆချက်များသာဖြစ်သည်။

အုပ်စုတစ်စုတွင် အတန်းအား တင်ပြခိုင်းပါ။ တင်ပြရာတွင် အခွန်ကောက်ရသည့်မူဝါဒများကို အဘယ်ကြောင့် ပြုလုပ်ရသည်ကို ဆွေးနွေးခိုင်းပါ။ အကောင်းဆုံးအဖွဲ့ကို မဲပေးနိုင်ရန်ကြိုးစားပါ။ ကျောင်းသားများအား တစ်ဦးချင်းဆီ မဲပေးရန်တိုက်တွန်းပါ။

## ဆွေးနွေးချက်

၁။ မှောင်ခိုဈေးကွက်ဆိုသည်မှာ သင်သိပါသလား။ ခန့်မှန်းနိုင်ပါသလားဟူ၍ ကျောင်းသားများကို မေးမြန်းပါ။ ကျောင်းသားတစ်ဦးချင်းဆီမှ အမြင်ကို ရယူပါ။

**ကြိုတင်ပြင်ဆင်ခြင်း**

restriction (noun) သတ်မှတ်ချက်
fake (adj) အစစ်အမှန်မဟုတ်သော
incentive (noun) မက်လုံး

**black market** – ကျောင်းသားတစ်ဦးအား ဘလက်မားကတ်အကြောင်းရေးထားသော စာပိုဒ်ကို အသံထွက် ဖတ်ခိုင်းပါ။ ကာတွန်းကပြောသော အဓိပ္ပာယ်ကို ကျောင်းသားများကိုမေးပါ။

အဖြေ ။ ဘလက်မားကတ်ဆိုသည်မှာ လူ၏ခန္ဓာကိုယ်အစိတ်အပိုင်း ရောင်းဝယ်ဖောက်ကားမှုကို ဆိုလိုသည် ဆင်းရဲသော နိုင်ငံများရှိ လူအချို့သည် သူတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ချမ်းသာသောနိုင်ငံများရှိ လူများကို ရောင်းချပြီး တချို့ကမူ ဆေးရုံများသို့ရောင်းချရန် လူသေအလောင်းများမှ ခိုးယူကြသည်။ ထိုစာပိုဒ်၏ ဒုတိယနှင့် တတိယအပိုဒ်များကို ဆက်ဖတ်ခိုင်းပါ။ ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားသားကာ အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၂။ ကမ္ဘာတစ်ဝန်းလုံးရှိ ဘလက်မားကတ်ဈေးကွက်တွင် မည်သည့်ကုန်ပစ္စည်းများ အရောင်းရဆုံးဖြစ်သနည်း။
ဘလက်မား ကတ်တွင် ဘာကြောင့် သီးခြားကုန်ပစ္စည်းများ ရောင်းဝယ်နေရသနည်း။

ကျောင်းသားများအား ထိုကိစ္စအား စဉ်းစားရန် အချိန် ၁၅ မိနစ်ခန့်ပေးပါ။

အောက်ဖော်ပြပါ အချက်အလက်များက သင့်ကို ကူညီပါလိမ့်မည်။
စီးပွားရေးပညာရှင်အချို့က ကမ္ဘာလုံးဆိုင်ရာ ဘလက်မားကတ်သည် အမေရိကန်ဒေါ်လာ ၉၉၀ ဘီလီယံ တန်ကြေးရှိကြောင်း ခန့်မှန်း ကြသည်။ ရောင်းချသောကုန်စည်များမှာ–
အတုအယောင်နှင့် ခိုးယူမှု (ကန်ဒေါ်လာ ၅၂၂ ဘီလီယံ) အရက်၊ အထည်အလိပ်၊ စာအုပ်၊ စီးကရက်၊
ဆေးဝါး (အမေရိကန်ဒေါ်လာ ၃၂၂ ဘီလီယံ)၊ ဆေးခြောက်၊ စိတ်ကြွဆေး၊ ကိုကင်း၊ ပတ်ဝန်းကျင်ဆိုင်ရာကုန် ပစ္စည်းများ၊ တိရစ္ဆာန်များ (သို့) ရှားပါး တိရစ္ဆာန်များကို တရားမဝင်ဖမ်းခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့။
လူသားဆိုင်ရာ အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံ၊ လူကုန်ကူးခြင်း၊ တရားမဝင်မွေးစားခြင်း။ ခန္ဓာကိုယ်အစိတ် အပိုင်း ရောင်းဝယ်ခြင်း၊
စားသုံးကုန်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံ၊ အနုပညာဆိုင်ရာပစ္စည်းများ တရားမဝင်ရောင်းဝယ် ဖောက်ကားခြင်း၊
လက်နက်များ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ၊ လက်နက်ရောင်းဝယ်ဖောက်ကားခြင်း၊

# ၁၄။ ငွေကြေးဖောင်းပွခြင်း

## စဉ်းစားရန်

၁။ ဘောလုံးတစ်လုံးကိုတွေ့ပါက ယင်းအပေါ်တွင် တန်ဖိုးရေးပါ။ အတန်းရှေ့တွင် ထိုဘောလုံးအား ဖောက်ခွဲလိုက်ပါ။ ထို့နောက် တန်ဖိုးဘာဖြစ်သွားလဲဟု ကျောင်းသားများအားမေးပါ။

## ဆွေးနွေးရန်

၂။ ကျောင်းသားများအား ဆန်၊ ဆေးပေါ့လိပ်၊ ဦးထုပ်၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ ကျောင်းသား များအား ငွေကြေးဖောင်းပွခြင်းအကြောင်း ရေးထားသော စာပိုဒ်ကို ဖတ်ခိုင်းပါ။

### ငွေကြေးဖောင်းပွခြင်းကို တိုင်းတာခြင်း - စားသုံးသူဈေးနှုန်းညွှန်းကိန်း

၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကို ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားသားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

ကျောင်းသားများအား သူတို့ပတ်ဝန်းကျင်တွင် ဝယ်လေ့ဝယ်ထရှိသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအကြောင်းကို စဉ်းစားခိုင်းပါ။ သူတို့သည် ပတ်ဝန်းကျင်တွင်သုံးနေကျပစ္စည်းများကို စာရင်းပြုစုခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို နှစ်ယောက်တွဲစီထားပါ။ အောက်ဖော်ပြပါမေးခွန်း သုံးခုကိုပေး၍ သူတို့အား ၁၅ မိနစ်ခန့် အချိန်ပေး၍ဖြေခိုင်းပါ။ အဖြေများမှာ–

**မေးခွန်း (၁)**
အဖြေ။ လိမ္မော်သီးဈေးနှုန်းမြင့်တက်လာလိမ့်မည်။ စီးပွားရေးတွင် လိမ္မော်သီးတစ်လုံးအတွက် ဒေါ်လာများစွာ ဖြစ်လာလိမ့်မည်။ လိမ္မော်သီး ရှားလာသည့်အတွက် လူအများက ပိုက်ဆံပိုပေးကြလိမ့်မည်။

**မေးခွန်း (၂)**
အဖြေ။ လိမ္မော်သီးဈေးနှုန်းကျသွားလိမ့်မည်။ တစ်ဒေါ်လာအတွက် လိမ္မော်သီးများစွာဖြစ်သွားလိမ့်မည်။ လိမ္မော်သီးပေါလာသည့်အတွက် လူအများက နည်းနည်းသာပေးလိမ့်မည်။

**မေးခွန်း (၃)**
အဖြေ။ လိမ္မော်သီးဈေးနှုန်းတက်လာလိမ့်မည်။ ခါတိုင်းထက်စာလျှင် လိမ္မော်သီးတစ်လုံးအတွက် ဒေါ်လာများစွာ ဖြစ်လာလိမ့်မည်။ လူတို့သည် ဒေါ်လာများစွာရှိလာလိမ့်မည်။ သို့သော် ဝယ်ရန်လိမ္မော်သီး များများစားစားမရှိ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

ကျောင်းသားများအား နှစ်ယောက်တွဲထားပါ။ က မှ င အထိ အသီးသီးတွင် ငွေကြေးဖောင်းပွမှု ဖြစ်ရခြင်းအကြောင်းရင်းများကို ချရေးခိုင်းပါ။

(က) **အေးကျော်** - ဝယ်လိုအားများသဖြင့် ဖြစ်ပေါ်သောငွေကြေးဖောင်းပွမှု ဥပမာဖြစ်သည်။ စျေးကွက်သည် ထုတ်လုပ်နိုင်သော ပမာဏထက် ပိုမိုလိုချင်နေသည်။ ထို့ကြောင့် ရှားပါးမှုက စျေးနှုန်းများကို မြင့်တက်သွားစေနိုင်သည်။

(ခ) **စစ** - အလုပ်သမားသမဂ္ဂများက လုပ်ခမြင့်တင်သဖြင့် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်ရသော ဥပမာဖြစ်သည် အလုပ်သမား သမဂ္ဂသည် လုပ်ခပိုမိုရရှိရန် စေ့စပ်ညှိနှိုင်းသောအခါ အလုပ်ရှင်များက သူတို့အမြတ်ကို မထိခိုက်စေရန် ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ တန်ဖိုးများကိုမြင့်တင်ကြသည်။

(ဂ) **မာဇာလီယာ** - လုပ်ခစျေးနှုန်းနှင့် ပတ်သက်မှု ဥပမာဖြစ်သည်။ စျေးနှုန်းတက်လာမှုကြောင့် အလုပ်သမားများက လုပ်ခများကို တိုးတောင်းကြသည်။ အလုပ်ရှင်များက လုပ်ခတိုးပေးရလျှင် သူတို့ထုတ်လုပ်နေသော ကုန်ပစ္စည်းများ၊ စျေးနှုန်းကို မြင့်တင်ကြသည်။

(ဃ) **အရှေ့တောင်အာရှ** - စီးပွားရေးကျပ်တည်းမှုကြောင့် ဖြစ်ပေါ်သော ငွေကြေးဖောင်းပွမှုဖြစ်ပြီး ငွေကြေး၏တန်ဖိုးသည် နိုင်ငံအချင်းချင်း ကုန်သွယ်ရေးကြောင့် တခြားနိုင်ငံများ ငွေကြေးတန်ဖိုးနှင့်စပ်ဆက်နေသည်။ နိုင်ငံတစ်နိုင်ငံသည် စီးပွားရေး အကျပ်အတည်းကို ခံစားရပါက ယင်းငွေကြေးတန်ဖိုးသည် ပြုတ်ကျသွားလိမ့်မည်။ နိုင်ငံတစ်နိုင်ငံသည် တခြားနိုင်ငံများမှ ငွေအမြောက်အမြားချေးယူထားပါကအဖြစ် အပျက်မျိုးတွေ့ကြုံနိုင်သည်။ ငွေကြေးတန်ဖိုးကျလျှင် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်သည်။

(င) **စတီဖင်(ကင်ညာ)** - ရေနံစျေးနှုန်းများထိခိုက်လျှင် နိုင်ငံရေးမတည်ငြိမ်ကာ ငွေကြေးဖောင်းပွခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ အရှေ့ အလယ်ပိုင်းဒေသသည် အရေးပါသော ရေနံရောင်းချသူဖြစ်သော်လည်း ဒေသတွင်းနိုင်ငံရေး မတည်ငြိမ်မှုက ရေနံရောင်းလိုအားကို ထိခိုက်စေသည်။ ထို့ကြောင့် ရေနံစျေးမြင့်တက်လာရသည်။ ရေနံစျေးတက်လာလျှင် အခြား ရေနံနှင့် ဝန်ဆောင်မှုများပါ တက်လာမည်ဖြစ်သည်။

### ငွေကြေးဖောင်းပွခြင်း ရလဒ်များ

### ကြိုတင်ပြင်ဆင်ခြင်း

pension (noun) ပင်စင်

၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထား၍ အဘိဓာန်တွင် ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီထား၍ အဖြစ်အပျက်တစ်ခုခြင်းစီမှ ငွေ ကြေးဖောင်းပွခြင်းရလဒ်များကို စဉ်းစားခိုင်းပါ။ သူတို့အား ပေးထားသောဇယားတွင် ကြက်ခြေခတ်ခိုင်းပါ။ လေ့ကျင့်ခန်းလုပ်ရန် နာရီဝက်ခန့် အချိန်ပေးပါ။

ကျောင်းသားများကို ယူဂိုဆလားဗီးယားတွင် ၁၉၉၃ မှ ၉၅ အတွင်း အလွန်အမင်း ငွေကြေးဖောင်းပွခြင်းအကြောင်းကို ဖတ်ခိုင်းပါ။

၁၅ မိနစ်ခန့် ကျောင်းသားများအား စဉ်းစားခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သားထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

ကျောင်းသားများအား မေးခွန်းများဖြေရန် မိနစ် ၂၀ ခန့်အချိန်ပေးပါ။ သူတို့အဖြေများတိုက်ရန် နှစ်ယောက် တစ်တွဲထား ပါ။ ကျောင်းသားတစ်ယောက်ချင်းစီ၏ အဖြေနှင့် တစ်တန်းလုံးသဘောတူမတူမေးပါ။

**(၁) ၁၉၉၃ တွင် ယူဂိုဆလားဗီးယားတွင် ဘာလက်မားကတ်ကြီး အဘယ်ကြောင့် ဖြစ်ပေါ်လာသနည်း။**

အစိုးရက ထိန်းချုပ်ထားသော ဈေးဆိုင်များသည် အစိုးရ၏ ဘဏ္ဍာရေးပြဿနာကြောင့် ကုန်စည်အနည်းငယ်သာ ရောင်းရန်ရှိသည်။

**(၂) ရေနံဈေးတက်သွားသောကြောင့် မည်သည့်ပြဿနာများ တွေ့ရသနည်း။**

လူအချို့ လူအများ ကားမမောင်းနိုင်တော့ပါ။ အစိုးရကလည်း လယ်သမားများအား ရိတ်သိမ်းချိန်တွင် လောင်စာဆီမထောက်ပံ့နိုင် ပါ၊ ပြည်သူပိုင် ဘတ်စ်ကား ၄၀ ရာခိုင်နှုန်းသာ လည်ပတ်နိုင်သည်။

**(၃) ငွေကြေးဖောင်းပွခြင်းကို ထိန်းချုပ်ရန် အစိုးရက မည်ကဲ့သို့ဆောင်ရွက်ခဲ့သနည်း။ ဘာဆက်ဖြစ်သနည်း။**

အစိုးရက ဈေးနှုန်းများကို ထိန်းချုပ်ခြင်းဖြင့် ကြိုးစားခဲ့သည်။ ထိုအခါ အလုပ်ရှင်များက မကိုက်သဖြင့် ဘာမှဆက်မထုတ် လုပ်တော့ပါ၊

**(၄) ထိုအချိန်တွင် လုပ်ငန်းရှင်များက ယူဂိုဆလားဗီးယား ဒီနာကို လက်ခံရန် အဘယ်ကြောင့် ငြင်းဆန်ခဲ့သနည်း။**

အလွန်အမင်း တန်ဖိုးကျဆင်းသွားသောကြောင့်ဖြစ်သည်။

### ဇင်ဘာဘွေရှိ စီးပွားရေးအကျပ်အတည်း

### ကြိုတင်ပြင်ဆင်ခြင်း

| | | |
|---|---|---|
| servitute (noun) | – | ကျွန်ဖြစ်ခြင်း |
| to rig (verb) | – | မရိုးဖြောင့်စွာ စီစဉ်သည် |
| opposition (noun) | – | အတိုက်အခံ နိုင်ငံရေးသမား |
| chaos (noun) | – | ကမောက်ကမဖြစ်သော |
| substantially (adv) | – | အလွန်အမင်းဖြစ်စွာ |
| export (noun) | – | ပို့ကုန် |
| stock (noun) | – | ရောင်းရန်ကုန်စည် |
| to seize (verb) | – | သိမ်းပိုက်သည် |
| to nationalize (verb) | – | နိုင်ငံပိုင်သိမ်းသည် |

ဇင်ဘာဘွေရှိ စီးပွားရေးအကျပ်အတည်းအကြောင်း ရေးထားသောစာပိုဒ်က ၁၅မိနစ်လောက် ကျောင်းသားများကို ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲ လေ့ကျင့်ခန်း

၁။ မှားမှန် အောက်ဖော်ပြချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

(က) ရောဘတ်မူဂါဘီသည် ရွေးကောက်ပွဲလိမ်ညာခြင်း၊ အတိုက်အခံများအား ဖမ်းဆီးခြင်း၊ နှိပ်စက်သတ်ဖြတ်ခြင်းများ ပြုလုပ်သည်ဟု စွပ်စွဲခံရသည်၊
အဖြေ။ မှန်

(ခ) လူဖြူလယ်ပိုင်ရှင်များမှ လူမည်းများအား နေရာပိုင်ဆိုင်ခွင့်ပေးသော ဥပဒေသစ်သည် စိုက်ပျိုးရေးကို အကျိုးဖြစ်စေသည်။
အဖြေ။ မှား (ဥပဒေသစ်ကြောင့် စိုက်ပျိုးရေးတွင် ကမောက်ကမများဖြစ်ပေါ်ခဲ့သည်)

(ဂ) စိုက်ပျိုးရေးပိုကုန်များ ကျဆင်းခြင်းသည် ဇင်ဘာဘွေနိုင်ငံခြားဝင်ငွေကို လျော့နည်းစေသဖြင့် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်စေသည်။
အဖြေ။ မှန်

(ဃ) စီးပွားရေးပညာရှင်အချို့က ငွေကြေးဖောင်းပွမှုသည် ၂၀၀၇ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းကြသည်။
အဖြေ။ မှား (၂၀၀၇ ၁ ဒသမ ၅ သန်းအထိ တိုးတက်လာခဲ့သည်)

(င) မူဂါဘီက ဈေးသည်များအား ဈေးနှုန်းများကိုအနည်းဆုံး ၅၀ ရာခိုင်နှုန်း မြင့်တက်ရန် အမိန့်ထုတ်ထားသည်။
အဖြေ။ မှား (မူဂါဘီက ဈေးနှုန်းများကို အနည်းဆုံး ၅၀ ရာခိုင်နှုန်းလျှော့ချရန် အမိန့်ထုတ်ခဲ့သည်)

(စ) ရောင်းကုန်အသစ်များဝယ်ရန် ဆိုင်များမတတ်နိုင်တော့ပါ၊
အဖြေ။ မှန်

(ဆ) မူဂါဘီသည် ထုတ်လုပ်မှုရပ်ဆိုင်းထားသော စက်ရုံများအား အစိုးရကကူညီမည်ဟု ပြောခဲ့သည်။
အဖြေ။ မှား (ထုတ်လုပ်မှုရပ်ဆိုင်းသော စက်ရုံများကို သိမ်းယူမည်ဟုပြောခဲ့သည်)

ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီထားပါ။ မိနစ် ၂၀ မှ ၃၀ အထိ စစ်ဆေးပြီး အဖြေမှန်ကို ရှာခိုင်းပါ။ အဖြေများပါက အမှန်ကို ပြင်ခိုင်းပါ။

# ၁၅။ စီးပွားရေးစနစ်များ

## အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို အုပ်စုခွဲ၍ စီးပွားရေးစနစ်အကြောင်း ဆွေးနွေး၍ ၎င်းတို့အမြင်များကို ချရေးခိုင်းပါ။ အုပ်စုတစ်စုချင်းစီ၏ အမြင်များကို တစ်တန်းလုံး၏ သဘောထားနှင့် တိုက်ဆိုင်ခြင်းရှိမရှိစစ်ဆေးပါ။

**ကြိုတင်ပြင်ဆင်ခြင်း**

| | | |
|---|---|---|
| to interfere (verb) | – | သူများအားလွှမ်းမိုးရန် ကိုယ်တိုင်ပါဝင်ပတ်သက်သည်၊ဝင်ရောက်စွက်ဖက်သည်။ |
| allocation (noun) | – | စီမံဖြန့်ကျက်ထားခြင်း |
| unique (adj) | – | အများနှင့်မတူသော |

စီးပွားရေးစနစ်အကြောင်းရေးထားသော စာပိုဒ်များကို ကျောင်းသားများအား ၁၅မိနစ် ဖတ်ခိုင်းပါ။
မသိသောစကားလုံးများကို မှတ်သား၍ အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

ကျောင်းသားများအား သူတို့၏ကိုယ်ပိုင်နည်းလမ်းဖြင့် ၁၀ မိနစ်ခန့် သတင်းအချက်အလက်များကို ကြည့်ခိုင်းပါ။ ထို့နောက် အုပ်စုများခွဲပြီး သတင်းအချက်အလက်များကို မမြင်အောင်စာအုပ်ပိတ်ခိုင်းထားပါ၊
ဉာဏ်စမ်းပဟေဠိကို သင်ပုန်းပေါ်တွင်ရေးပြီး အုပ်စုတစ်အုပ်စုချင်းအား စာရွက်ပေါ်တွင်ဖြည့်ခိုင်းပါ။ ယင်းလေ့ကျင့်ခန်းအတွက် ၁၅ မိနစ် အချိန်ပေးပါ။

(က) **စီမံကိန်းစနစ်စီးပွားရေးတွင် ပုဂ္ဂလိကတစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဆုံးဖြတ်ချက်ချသည်။ ယင်း အဆိုပြုချက်သည် မှားပါက အမှန်ပြင်ရေးပေးပါ။**
အဖြေ။ မှား (စီမံကိန်းစနစ်စီးပွားရေးတွင် အစိုးရကသာ ဆုံးဖြတ်ချက်ချသည်)

(ခ) **ပေါင်းစပ်စီးပွားရေးတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ကုန်စည်နှင့်ဝန်ဆောင်မှုများ မည်သို့မည်ပုံထုတ်လုပ်မည်ကို မဆုံးဖြတ်ပေ။**
အဖြေ။ မှား (ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အစိုးရက မည်သို့ထုတ်လုပ်မည်ကို ပူးပေါင်းစဉ်းစားကြသည်)

(ဂ) **လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရက စီးပွားရေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ထိန်းချုပ်မှု မရှိ။**
အဖြေ။ မှား (ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများက စီးပွားရေးဆုံးဖြတ်ချက်များကို အစဉ်အမြဲဆုံး ဖြတ်သည်။ သို့သော် တစ်ခါတစ်ရံ အစိုးရကလည်း ဆုံးဖြတ်ချက်ချလေ့ရှိသည်)

(ဃ) **တိုင်းပြည်အားလုံး ပြုလုပ်သော အခြေခံစီးပွားရေးဆုံးဖြတ်ချက် ၄ ရပ်ကိုဖော်ပြပါ။**
၁။ မည်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုကိုထုတ်လုပ်ရန်
၂။ ကုန်စည်နှင့်ဝန်ဆောင်မှုကို မည်ကဲ့သို့ထုတ်လုပ်ရန်
၃။ ကုန်စည်နှင့်ဝန်ဆောင်မှုကို မည်သူက မည်မျှရရန်
၄။ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်အား မည်မျှကုန်ကျမည်ကို သိရှိရန်

၁၅မိနစ်အချိန်ပေးကာ အုပ်စုတစ်စု၏ အဖြေများကို အခြားအုပ်စုတစ်စုနှင့်လဲလိုက်ပါ။ အုပ်စုတစ်စုမှ မေးခွန်း(က)၏ အဖြေကိုတစ်တန်းလုံးနှင့် အဖြေမှန်မမှန်တိုက်ကြည့်ပါ။ အဖြေမှန်ပါကသင်ပုန်းပေါ်တွင်ရေးပါ။ မေးခွန်းအားလုံးကိုဖြေဆိုပါ။
မှတ်သားရန်
သဒ္ဒါနှင့်စာလုံးပေါင်းများသည် အရေးမကြီးပါ။ အကြံဉာဏ်သာ အရေးကြီးသည်။

## ကိုယ်ပိုင်နည်းလမ်း

၁။ က၊ ခ၊ ဂပါ ပေးထားသောအချက်များကို ကျောင်းသားများအား ဖတ်ခိုင်းပါ။ ထို့နောက် ၅ မိနစ် အချိန်ပေးပြီး မည်သည့် ပုဂ္ဂိုလ်က မည်သည့်စီးပွားရေးစနစ်ကို ရည်ညွှန်းသည်ကိုမေးပါ။ အဖြေများမှာ–

(က) ပေါင်းစပ်စီးပွားရေး၊

(ခ) လွတ်လပ်သောဈေးကွက်စီးပွားရေး၊

(ဂ) စီမံကိန်းစီးပွားရေး၊

**စီးပွားရေးလွတ်လပ်မှု**

ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပြီး နားလည်မှုရှိမရှိ စစ်ဆေးပါ။

## ဆွေးနွေးရန်

၂။ ကျောင်းသားများကို အုပ်စုခွဲ၍ မေးခွန်းများကိုဆွေးနွေးရန် အချိန်အနည်းငယ်ပေးပါ။ အုပ်စုတစ်စုချင်းစီ၏ အမြင်ကို တစ်တန်းလုံးနှင့် သဘောတူ မတူမေးပါ။

## အုပ်စုလေ့ကျင့်ခန်း

၃။ ကျောင်းသားများကို အုပ်စုခွဲ၍ လုံးဝလွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်၏ ဖြစ်နိုင်သော အန္တရာယ်များကို စဉ်းစားခိုင်းကာ လုံးဝချုပ်ကိုင်ထားသော စီမံကိန်းစီးပွားရေးစနစ်၏ အန္တရာယ်ကိုပါ ဆက်လက်စဉ်းစားခိုင်း ပါ။

အုပ်စုတစ်စု၏ အမြင်ကို အခြားအုပ်စုက သဘောတူမတူ မေးပါ။ သူတို့၏ အကြံဉာဏ်များသည်ကောင်းမွန်လျှင် သင်ပုန်းပေါ်တွင်ရေးပါ။ အောက်ဖော်ပြပါအချက်များကို စဉ်းစားနိုင်ရန်လမ်းကြောင်းပေးပါ၊

**လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်၏ ဖြစ်နိုင်သော အန္တရာယ်**

- လုပ်ငန်းရှင်များသည် သူတို့အလုပ်သမားများအား လုပ်ခအနည်းငယ်သာပေးနိုင်သည်။
- လုပ်ငန်းရှင်များသည် ယှဉ်ပြိုင်မှုများအားဖျက်ဆီးရန် တရားမမျှတစွာ လုပ်ကိုင်နိုင်သည်။
- အကျိုးအမြတ်ရရှိရေးအတွက် အကန့်အသတ်မဲ့ သဘာဝအရင်းအမြစ်များကို ထုတ်လုပ်သုံးစွဲနိုင်သည်။
- အဓိကဝန်ဆောင်မှုများဖြစ်သည့် ပညာရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများသည် ပိုက်ဆံမပေးနိုင်သော သူများအား မပေးရန် ဆုံးဖြတ်နိုင်သည်။

**စီမံကိန်းစီးပွားရေး၏ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် အန္တရာယ်များ**

- အစိုးရ ဆုံးဖြတ်ချက်မှားယွင်းပါလျှင် ပြည်သူတိုင်းကို ထိခိုက်စေသည်။ ဈေးကွက်စီးပွားရေးတွင် လုပ်ငန်းအများအပြားသည် မတူညီသော စီးပွားရေးဆုံးဖြတ်ချက်များကို ပြုလုပ်ကြရသည်။ ထို့ကြောင့် အန္တရာယ်ပိုကြီးမားသည်။ ယှဉ်ပြိုင်မှုကင်းမဲ့သဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ အရည်အသွေးကျဆင်းလာနိုင်သည်။ ရွေးချယ်မှုအနည်းငယ်သာ ပြုလုပ်နိုင်သည်။ ရောင်းလိုအားမှာလည်း မထိရောက်ချေ။
- အစိုးရသည် စီးပွားရေးအာဏာအလွန်အကျုံရရှိထားသဖြင့် အာဏာကိုအလွဲသုံးစားပြုလုပ်နိုင်သည်။
- ဝယ်လိုအားခန့်မှန်းရန် ခက်ခဲပြီး စီမံကိန်းစီးပွားရေးသည် အလုပ်မဖြစ်၊ ဈေးကွက်စီးပွားရေးတွင်မူ ထုတ်လုပ်သူ အများအပြားရှိသဖြင့် ပြုပြင်ပြောင်းလဲရန် လွယ်ကူသည်။
- ပြိုင်ဆိုင်ခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းစေနိုင်သည်။ သို့ရာတွင် စီမံကိန်းစီးပွားရေးတွင်မူ ပြိုင်ဆိုင်မှုနည်းပါးသည်။ စီးပွားရေးစနစ်တွင် အဓိကစဉ်းစားရမည့်အချက်မှာ ဖြန့်ဝေခြင်းနှင့် စီးပွားရေးလွတ်လပ်မှုအကြား ဆက်သွယ်မှုဖြစ်သည်။

### ဥစ္စာခနခွဲဝေခြင်းနှင့် စီးပွားရေးလွပ်လပ်မှု

**ကြိုတင်ပြင်ဆင်ခြင်း**

to minimise (verb) သေးနိုင်သမျှသေးသေးလုပ်သည်

controvercial (adj) အငြင်းပွားဖွယ်ရာဖြစ်သော

ဥစဏာခွဲဝေခြင်းနှင့် စီးပွားရေးလွပ်လပ်မှုအကြောင်း ရေးထားသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သား၍ အဘိဓာန်တွင် ရှာခိုင်းပါ။

## ၁၆။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများ

**မှတ်ရန်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများမှာ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများအဖြစ် လူသိများ သည်။**

### စဉ်းစားရန်

၁။ ကျောင်းသားများကို အုပ်စုခွဲပြီး၊ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများကို မိနစ်အနည်းငယ် စဉ်းစားခိုင်းပါ။ ရရှိလာသော အကြံဉာဏ်များကို ချရေးစေပါ။

**ကြိုတင်ပြင်ဆင်ခြင်း**

grand (noun) – တိုင်းပြည်တစ်ပြည် (သို့မဟုတ်) လူတစ်ဦးအား ပေးအပ်သောငွေ

condition (noun) – သတ်မှတ်ထားသောအခြေအနေ

asset (noun) – တန်ဖိုးရှိသောအရာ

**ကမ္ဘာ့ဘဏ်**အကြောင်းရေးထားသော စာပိုဒ်အား၁၅မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကား လုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ဉာဏ်စမ်းပဟေဠိ ကျောင်းသားများအား အချက်အလက်ပိုင်းဆိုင်ရာ မေးခွန်း ၃ ခုမေးပါ။ သူတို့ပြီးသည်နှင့် နှစ်ယောက်တစ်တွဲစီထားပြီး တစ်ဦးကိုတစ်ဦး မေးခွန်းများမေးခိုင်းပါ၊

**ကြိုတင်ပြင်ဆင်ခြင်း**

to liveralize (verb) လွတ်လပ်အောင်ပြုလုပ်သည်

**ကမ္ဘာ့ဘဏ်အား ဝေဖန်ထားသော** စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန် တွင်ရှာခိုင်းပါ။

### ကိုယ်ပိုင်နည်းလမ်း

၃။ မှားမှန် အောက်ဖော်ပြပါအချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။ ယင်းတို့အား မှန်မမှန် ဆုံးဖြတ် ခိုင်းပါ။ အချက်များပါက မှန်အောင်ပြန်ပြင်ပေးရမည်။ လေ့ကျင့်ခန်းလုပ်ရန် ၁၀ မိနစ် အချိန်ပေးပါ။

(က) အခြေအနေအရဆိုသည်မှာ ကမ္ဘာ့ဘဏ်က ဆင်းရဲသောနိုင်ငံများအား ပိုက်ဆံချေးရန် ကိုက်ညီသည့် အခြေအနေဖြစ်သည်။
အဖြေ။ မှား (အခြေအနေအရဆိုသည်မှာ ဆင်းရဲသောနိုင်ငံများ ပိုက်ဆံမရရှိမီ သူတို့အနေဖြင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးနှင့် လူမှုရေးမူဝါဒကို သဘောတူရခြင်းဖြစ်သည်)

(ခ) ကမ္ဘာ့ဘဏ်၏ ဆင်းရဲသောအသင်းဝင်များသည် ချမ်းသာသောနိုင်ငံများထက် ကမ္ဘာ့ဘဏ်အပေါ် ပိုမိုလွှမ်းမိုးသည်။
အဖြေ။ မှား (ချမ်းသာသောနိုင်ငံများက ပိုမိုလွှမ်းမိုးနိုင်သည်)

## ဆွေးနွေးချက်

၄။ ကျောင်းသားများအား အုပ်စုခွဲ၍ ရေကာတာအကြောင်းရေးထားသော သတင်းအချက်အလက်များကို ဖတ်ခိုင်းပါ။ သူတို့အုပ်စုတိုင်းတွင် အောက်ဖော်ပြပါအချက်များကို ဆွေးနွေးခိုင်းပါ။

**(၁) ရေကာတာကိစ္စသည် အမျိုးသားရေးနှင့် ဒေသဆိုင်ရာ အကျိုးစီးပွားသာဖြစ်သည်။ သင့်မှာ အာဏာရှိလျှင် ထိုစီမံကိန်းအား ရှေ့တိုးမလား၊ နောက်ဆုတ်မလား စဉ်းစားပါ။ အဘယ့်ကြောင့်နည်း။**

**(၂) ကမ္ဘာ့ဘဏ်သည် ယင်းစီမံကိန်းအား ငွေကြေးထောက်ပံ့ရန် မှန်ကန်ပါသလား။ အဘယ်ကြောင့်နည်း။ ဆွေးနွေးရန် အချိန် မိနစ် ၂၀ ပေးကာ အုပ်စုတစ်အုပ်စုချင်းစီမှ အမြင်ကိုမေးပါ။**

### မှတ်သားရန်

ဆွေးနွေးခြင်း၏ အဓိကအချက်မှာ ကျောင်းသားများအား အမျိုးသားရေးနှင့် ဒေသဆိုင်ရာအကျိုးစီးပွားများ ဖြစ်ခြင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဆုံးဖြတ်ချက်များတွင် ကမ္ဘာ့ဘဏ်လွှမ်းမိုးမှုကို သိရှိရန်၊

# ကြိုတင်ပြင်ဆင်ခြင်း

fixed exchange rate နိုင်ငံအုပ်စုတစ်စု၏ ငွေကြေးလဲလှယ်နှုန်းအား သတ်မှတ်ထားသောနှုန်းထား
ဝေဖန်ချက်ပါသော အိုင်အမ်အက်ဖ်အကြောင်းရေးထားသည့်စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ မှားမှန် အောက်ဖော်ပြပါ အချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

(၁) အိုင်အမ်အက်ဖ်သည် ငွေလိုနေသော နိုင်ငံများကို ပိုက်ဆံချေးသည်။

အဖြေ။ မှန်

(၂) စီးပွားရေးအရွယ်အစားသေးငယ်သော နိုင်ငံများအား စီးပွားရေးကြီးမားသော နိုင်ငံကြီးများထက် ပိုမိုချေးငှားရန် ခွင့်ပြုသည်။

အဖြေ။ မှား (စီးပွားရေးကြီးမားသော နိုင်ငံများအား ဆင်းရဲသောနိုင်ငံများထက် ပိုမိုချေးငှားရန်ခွင့်ပြုသည်)

(၃) စီးပွားရေးကြီးမားသောနိုင်ငံများသည် အိုင်အမ်အက်ဖ်ဆုံးဖြတ်ချက်များကို ဆင်းရဲသောနိုင်ငံများထက် ပိုမိုလွှမ်းမိုးမှုရှိသည်။

အဖြေ။ မှန်

(၄) အိုင်အမ်အက်ဖ်ကို ဝေဖန်သူများက ယင်း၏ပေါ်လစီများသည် ဆင်းရဲသောနိုင်ငံများရှိ ဆင်းရဲမှုကိုလျှော့ချနိုင်ခဲ့ကြောင်း ငြင်းချက်ထုတ်ကြသည်။

အဖြေ။ မှား (အိုင်အမ်အက်ဖ်၏ မူဝါဒများသည် ဆင်းရဲမွဲတေမှုကိုသာ တိုးပွားစေသည်)

အိုင်အမ်အက်ဖ်နှင့် အရှေ့အာရှဘဏ္ဍာရေးအကျပ်အတည်းအကြောင်းရေးသားထားသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထား၍ အဘိဓာန်တွင်ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၂။ မှားမှန်ရောထွေး အမှန်ရွေး အောက်ဖော်ပြပါလေ့ကျင့်ခန်းများကို သင်ပုန်းပေါ်တွင်ရေးပါ။ ယင်း လေ့ကျင့်ခန်းများလုပ်ရန် ၁၅ မိနစ်ခန့်အချိန်ပေးပါ။ ထို့နောက် နှစ်ယောက်တစ်တွဲထားကာ တစ်ဦးနှင့်တစ်ဦး အဖြေတိုက်ခိုင်းပါ။

**၁။ ၁၉၉၇ ဘဏ္ဍာရေး အကျပ်အတည်းတွင် အခံရဆုံးနိုင်ငံမှာ မည်သည့်နိုင်ငံဖြစ်သနည်း။**

(၁)ကမ္ဘောဒီးယား (၂) ထိုင်း (၃) စင်ကာပူ

**ယင်းအကျပ်အတည်းအတွက် အိုင်အမ်အက်ဖ်ကို အပြစ်တင်သူများက**

(၁) နိုင်ငံများ၏ စီးပွားရေးအား တဖြည်းဖြည်းလွတ်လပ်ခွင့်ပေးရန်

(၂) စီးပွားရေးလွတ်လပ်ခွင့်ပေးရန် နိုင်ငံများကို အားမပေးပေ။

(၃) နိုင်ငံစီးပွားရေးများအား လွတ်လပ်ခွင့်ပေးရန် နိုင်ငံများကိုအားပေးသည်။

**၃။ အိုင်အမ်အက်ဖ်၏ နည်းလမ်းများသည် အဝေဖန်ခံရခြင်းသည်**

(၁) အိုင်အမ်အက်ဖ်သည် ပြုပြင်ပြောင်းလဲရန်မတောင်းဆို

(၂) အစိုးရသုံးစွဲငွေများတွင် လျှော့ချခြင်းများပါသော အကျိုးမပြုသည့် ဆောင်ရွက်ချက်များကိုချမှတ်

(၃) အစိုးရငွေ အလွန်အကျွံသုံးစွဲခြင်းနှင့် မအောင်မြင်သောကျောင်းသားများအား တောင်းဆိုသည်။

အဖြေ။ (၁) ထိုင်း (၂) ၃ (၃) ၂

### ကြိုတင်ပြင်ဆင်ခြင်း

| | |
|---|---|
| predictably (adv) | ခန့်မှန်းနိုင်စွာ |
| to comply (verb) | အမိန့်အတိုင်းလိုက်နာသည် |
| dispute (noun) | အငြင်းပွားခြင်း |
| to monitor (verb) | စောင့်ကြည့်သည် |
| transparent (adj) | မြင်သာထင်သာရှိသော |

ဥပမာအား ဝေဖန်ထားသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို အုပ်စုခွဲ၍ စာပိုဒ်များမှ အဓိကအချက်များကို စာဖတ်စဉ်တွင် မှတ်သား၍ချရေးခိုင်းပါ။ အတိအကျဖြစ်ရန်မလိုဘဲ လေ့ကျင့်ခန်းလုပ်ရန် ၁၅ မိနစ်အချိန်ပေးပါ။ ထို့နောက် ကျောင်းသားများကို အချက်အလက်မည်မျှ များများမှတ်နိုင်သနည်းကို စစ်ဆေးပါ။

### ကြိုတင်ပြင်ဆင်ခြင်း

tear gas (noun) မျက်ရည်ယိုဓါတ်ငွေ့

ကျောင်းသားများအား စီအာတဲလ်တိုက်ပွဲအကြောင်း ရေးထားသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားကာ အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၂။ ကျောင်းသားများအား အုပ်စုခွဲကာ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်နှင့် ဒဗလျူတီအို အချက်အလက် များကိုကြည့်ခိုင်းပါ။ အဖွဲ့အစည်းတစ်ခုစီအား ပြောင်းလဲမှုဖြစ်ပေါ်စေသည့် အချက်အလက်များကို ရေးသားထားခိုင်းပါ။ ထို့နောက် တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ပါ၊

## ၁၇။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး

လေ့ကျင့်ခန်း (၁)နှင့် (၂)ကို စာအုပ်ပိတ်၍ လုပ်ခိုင်းပါ။

### အုပ်စုလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို အုပ်စုဖွဲ့ပြီး မြေပုံတစ်ပုံအကြမ်းချဆွဲခိုင်းပါ။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ စိတ်တွေးထင်ချက်များကိုဖြည့်ခိုင်းပါ။ ထိုအဆင့်ကိုအုပ်စုအလိုက်လုပ်ရမည် ဖြစ်သည်။




လေ့ကျင့်ခန်း လုပ်ပြီးသည်နှင့်တပြိုင်နက် စာအုပ်ဖွင့်ခိုင်းပါ။ ကျောင်းသားများအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအကြောင်း ရေးထားသော ပထမစာပိုဒ်ကိုဖတ်ခိုင်းပါ။ ထို့နောက် ကျောင်းသားတစ်ယောက်ကို ရွေးချယ်ပီးရှင်းပြစေပါ။

### ဆွေးနွေးရန်

၂။ နိုင်ငံများသည် ဘာကြောင့်ကုန်သွယ်ရသနည်း။ အမေးများကို သင်ပုန်းပေါ်တွင်ရေးပါ။ ကျောင်းသားများ၏ အကြံဉာဏ်များ ကိုတောင်းယူပါ။ **လိုအပ်ချက်နှင့်လိုအပ်မှုကို ဖြည့်တင်းခြင်း**ဟူသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီထားပြီး မြန်မာနိုင်ငံသို့တင်သွင်းနေသော သွင်းကုန်ပို့ကုန်များကို စဉ်းစားခိုင်း ပါ။

မြန်မာနိုင်ငံသည် အထည်အလိပ်၊ ရေနံထွက်ပစ္စည်းများ၊ ပလတ်စတစ်၊ ယန္တရားများ၊ ပို့ဆောင်ရေးယန္တရား ဆောက်လုပ်ရေး လုပ်ငန်းခွင်သုံးပစ္စည်းများဖြစ်ပြီး မြန်မာနိုင်ငံသို့ သွင်းကုန်များမှာ တရုတ်နိုင်ငံမှ ၂၉ ရာခိုင်နှုန်း။ ထိုင်းနိုင်ငံမှ ၂၂ ဒသမ ၂ရာခိုင်နှုန်း။ စင်ကာပူ ၁၈ ဒသမ ၇ ရာခိုင်နှုန်း၊

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များမှာ အထည်အလိပ်၊ သဘာဝဓါတ်ငွေ့၊ သစ်သောထွက်ပစ္စည်းများ၊ ငါးနှင့် ဆန်တို့ ဖြစ်သည်။ ၂၀၀၅ တွင် မြန်မာ့ပို့ကုန်များမှာ ထိုင်း၊ အိန္ဒိယ၊ တရုတ်နှင့် ဂျပန်သို့တင်ပို့ခဲ့သည်။

လေ့ကျင့်ခန်း ပြုလုပ်ပြီးနောက် ဈေးနှုန်းမြင့်တက်ခြင်းအကြောင်းရေးထားသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသား များအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

**ကြိုတင်ပြင်ဆင်ခြင်း**

to specialize (verb) အလုပ်စူးစူးစိုက်စိုက်လုပ်ကိုင်သည်။

သီးခြားကုန်သွယ်ခြင်းအကြောင်းရေးထားသောစာပိုဒ်ကို ၁၅မိနစ်ခန့် ကျောင်းသားများကို ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သား၍ အဘိဓာန်တွင်ရှာခိုင်းပါ၊

## အုပ်စုလေ့ကျင့်ခန်း

၁။ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့်ပတ်သက်မှ ကောင်းကျိုးနှင့်ဆိုးကျိုးများကိုဖော်ပြပါ။ အုပ်စုများဖွဲ့ကာ မေးခွန်းအကြောင်းကို ၁၀ မိနစ်ခန့်စဉ်းစားပါ။ အကြံဉာဏ်များကို ချရေးစေပြီးအုပ်စုတစ်ခုနှင့် တစ်ခုနှိုင်းယှဉ်ပါ။

**ကောင်းကျိုးများမှာ အောက်ပါအတိုင်းဖြစ်နိုင်သည်။**

- ဈေးပေါသောလုပ်အား၊
- သဘာဝရင်းမြစ်များချမ်းသာမှု
- ပထဝီအနေအထားအရ အရေးပါသော နေရာဖြစ်ခြင်း၊
- မလကာရေလက်ကြားနှင့်နီးစပ်ခြင်း၊

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကုန်သွယ်ရေးကော်မရှင်

ကျောင်းသားများနှစ်ယောက်တစ်တွဲစီထားကာ မြန်မာနိုင်ငံက ဖောက်ချထုတ်လုပ်သင့်သောလုပ်ငန်း ၅ မျိုးကိုဖော်ပြပါ။ အဘယ့်ကြောင့် ယင်းကုန်စည်များကို ပြည်ပပို့ကုန်တိုးမြှင့်သင့်ကြောင်းကို မေးမြန်းပါ။ ကျောင်းသားများအား ဖြေဆိုရန်အတွက် ၁၅ မိနစ်အချိန်ပေးပါ၊

ကုန်သွယ်ရေးချိန်ခွင်လျှာ အကြောင်းရေးထားသောစာပိုဒ်ကို ၁၅မိနစ်ခန့် ကျောင်းသားများအားဖတ်ခိုင်းပါ။ မသိသော စကားလုံးများကို မှတ်ထား၍ အဘိဓာန်တွင်ရှာခိုင်းပါ။

ကုန်သွယ်ရေးလိုငွေပြမှုအကြောင်းရေးထားသောစာပို့အား ၁၅မိနစ်ခန့် ကျောင်းသားများအား ဖတ်ခိုင်းပါ။ မသိသောစကားလုံးများ ကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၁။ တရုတ်နှင့် အမေရိကန်ကြားကုန်သွယ်ရေး၊

ကျောင်းသားများကိုအုပ်စုခွဲပါ။ သူတို့စဉ်းစားရလွယ်ကူစေရန် မိနစ် ၂၀ ခန့်အချိန်ပေး၍ အောက်ဖော်ပြပါ အချက်အလက်များကိုပြောပြပါ။

**လုပ်အား** – တရုတ်ရှိလုပ်အားစုသည် အမေရိကန်ထက်သက်သာသောကြောင့် ထုတ်လုပ်ရေးတွင် ကျွမ်းကျင်မှုနည်းပါးသော လုပ်အားလိုအပ်သည့် ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ပိုမိုဈေးပေါသည်။ အမေရိကန်တွင် လုပ်အားခမှာဈေးကြီးသဖြင့် လုပ်အားအများအပြားသုံးရသော ကုန်စည်များမှာ ဈေးကြီးသည်။

**နည်းပညာ** – အမေရိကန်သည် ကျွမ်းကျင်အလုပ်သမားများ၊ အဆင့်မြင့်နည်းပညာ၊ လိုအပ်သော ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရန် အာရုံစိုက်သည်။ အဘယ့်ကြောင့်ဆိုသော် အမေရိကန်ရှိနည်းပညာနှင့် ပညာရေးသည် တရုတ်နိုင်ငံထက်ပိုမို ကောင်းမွန်သော်လည်း လုပ်အားမှာမူ အမေရိကန်က ပိုဈေးကြီးသည်။ သတ္တုသစ်၊ ဝါဂွမ်းနှင့်သက်ဆိုင်သော ကုန်ပစ္စည်းများကိုမူ နည်းပညာနှင့်အလုပ်သမား အနည်းငယ်သုံး၍ အမြောက်အမြား ထုတ်လုပ်နိုင်သည်။ ဓာတုပစ္စည်းများ၊ လေယာဉ်များ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများအတွက် ကျွမ်းကျင်သော လုပ်သမားများနှင့် အဆင့်မြင့် နည်းပညာလိုအပ်သည်။

**ကြွယ်ဝမှု** – အမေရိကန်သည် ချမ်းသာသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပျမ်းမျှအမေရိကန်တစ်ဦးသည် တရုတ်တစ်ဦး ထက်ပိုက်ဆံပိုရသည်။ ထို့ကြောင့် အမေရိကန်များသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို တရုတ်တို့ထက် ပိုမိုစားသုံးကြသည်။ တရုတ်နိုင်ငံသည် တစ်ဟုန်ထိုးတိုးတက်နေသော်လည်း လူဦးရေအများစုမှာ ဆင်းရဲနေဆဲဖြစ်သည်။ ထို့ကြောင့် တရုတ်လူမျိုးတို့က အမေရိကန်တို့ထက် ကုန်စည်နှင့်ဝန်ဆောင်မှုများကို လျော့နည်းစွာစားသုံးကြသည်။

**ထုတ်လုပ်ခြင်း၊ စားသုံးခြင်း၊ လိုအပ်ချက်များ** – ဈေးပေါသော လုပ်အားများ၏အကျိုးဆက်ကြောင့် တရုတ်နိုင်ငံသည် ထုတ်ကုန်အမြောက်အမြားကို ထုတ်လုပ်နိုင်သည်။ ယင်းသို့ထုတ်လုပ်နိုင်သည့်အတွက် ဝါဂွမ်း၊ သစ်သား၊ ပလတ်စတစ်စသောကုန်ကြမ်းများလိုအပ်သည်။ ထိုလိုအပ်ချက်များကို ပြည်တွင်းမှ မပံ့ပိုးနိုင်သောအခါ ပြည်ပမှဝယ်ယူရသည်။ အမေရိကန်ကမူ ကုန်စည် ပစ္စည်းအမြောက်အမြားမလိုအပ်သောကြောင့် အချို့ကုန်ကြမ်းများကို တရုတ်နိုင်ငံသို့ရောင်းချသည်။ အချို့ကုန်စည်များကို အမေရိကန်တွင် ထုတ်လုပ်ခြင်းထက် တရုတ်နိုင်ငံထုတ်ပစ္စည်းများကိုဝယ်ယူခြင်းက ပို၍ဈေးသက်သာသည်။

## ဆွေးနွေးချက်

**၂။ တရုတ်နှင့်အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုသည် အဘယ်ကြောင့် ကြီးမားသနည်း။**

အမေရိကန်စီးပွားရေးသည် ထုတ်ကုန်များကိုစားသုံးမှုဖြင့် မောင်းနှင်သည်။ သူတို့စားသုံးသော ကုန်စည်များမှာ တရုတ်နိုင်ငံမှ ဖြစ်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးကို ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် မောင်းနှင်သည်။ ထိုသို့ ထုတ်လုပ်ရန် အမေရိကန်မှ ကုန်ကြမ်းအချို့ လိုအပ်သည်။ တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့သောကုန်ပစ္စည်းများ၏တန်ဖိုးသည် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံမှ တင်သွင်းသော ကုန်ကြမ်းများတန်ဖိုးအောက်နည်းသည်။

## ဆွေးနွေးရန်

**၃။ နိုင်ငံတစ်နိုင်ငံအတွက် ကုန်သွယ်ရေး လိုငွေပြမှုမှဖန်တီးသော ပြဿနာများကို ဖော်ပြပါ။**

မေးခွန်းကို ကျောင်းသားများအားမေးပါ။ သူတို့ကကောင်းမွန်စွာ ဖြေကြားနိုင်လျှင် အဖြေများကိုသင်ပုန်းပေါ်တွင်ရေးပါ။ သူတို့ မစဉ်းစားနိုင်ပါက မေးခွန်းများကိုမေးပါ။

**နိုင်ငံအတွင်းသို့ ထုတ်ကုန်အများအပြားတင်သွင်းရသော အလုပ်များမှာအဘယ်နည်း။**
**အခြားနိုင်ငံများအား မှီခိုနေရသည်ဆိုသည်မှာ အဘယ်နည်း။**

ကျောင်းသားများအား ကုန်သည်ရေးလိုငွေပြမှု အကောင်းထဲမှအဆိုးကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

**အတွင်းရင်းနှီးမြှုပ်နှံမှု** – အမေရိကန်တွင် တခြားနိုင်ငံများက ရင်းနှီးမြှုပ်နှံခြင်း
**ပြင်ပရင်းနှီးမြှုပ်နှံမှု** – အမေရိကန်က တခြားနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံခြင်း

## အုပ်စုလေ့ကျင့်ခန်း

ကျောင်းသားများကို အုပ်စုခွဲပါ။ အရေးကြီးသောကုန်စည်နှင့်ဝန်ဆောင်မှု ၅မျိုးကိုစာရင်းလုပ်ခိုင်းပါ။ ထိုပစ္စည်းများသည် သူ့နိုင်ငံက ထုတ်လုပ်ရာတွင် အခက်အခဲရှိသောပစ္စည်းများ ဖြစ်ရမည်။ ထိုပစ္စည်းများအား ထုတ်လုပ်သော နိုင်ငံခြားအစိုးရနှင့်ကုမဏီများက သင့်နိုင်ငံအား တင်ပို့စေရန် မည်သည့်မဟာဗျူဟာများ သူတို့အသုံးပြုမည်နည်း။ သူတို့ အကြံဉာဏ်များကို အတန်းအားတင်ပြရန် ၂ မိနစ်လောက် တင်ဆက်မှုပြုလုပ်ခိုင်းပါ။ သူတို့၏ ရွေးချယ်မှုအတွက် အကြောင်းပြချက်များ ပေးခိုင်းပါ၊ သူတို့၏ အကြံဉာဏ်များနှင့်တစ်တန်းလုံး သဘောတူ မတူမေးမြန်းပါ၊

**ကုန်သွယ်ရေး၊ ကာကွယ်ရေးဝါဒ၊ အခွန်နှင့်ပံ့ပိုးမှု**

ကျောင်းသားများအား ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားစေပြီး အဘိဓာန်တွင် ရှာခိုင်းပါ။

## ဆွေးနွေးရန်

နိုင်ငံ၏စီးပွားရေးကို ကာကွယ်မည့်မဟာဗျူဟာများကို ကျောင်းသားများအားမေးပါ။ သွင်းကုန်အတားအဆီး များဟူသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားခိုင်းပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## ဆွေးနွေးရန်

၁။ ပို့ကုန်အတားအဆီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဘယ်ကြောင့်အသုံးဝင်သနည်း။ ကျောင်းသားများအားအုပ်စုခွဲပြီး ယင်းမေးခွန်းအကြောင်း မိနစ်အနည်းငယ်စဉ်းစားခိုင်းပါ။ အုပ်စုခွဲ၍ ဆွေးနွေးစေပါ၊

**ကြိုတင်ပြင်ဆင်ခြင်း**

to conpete (verb) ယှဉ်ပြိုင်သည်။
to dominate (verb) လွှမ်းမိုးသည်။
liberalization (noun) လွတ်လပ်စေခြင်း

ပို့ကုန်အတားအဆီးများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြောင်းကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သားကာ အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ မှားမှန်ရောထွေး အမှန်ရွေး

ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီထားကာ အောက်ဖော်ပြပါလေ့ကျင့်ခန်းများကို သင်ပုန်းပေါ်တွင်ရေးပါ။ ကျောင်းသားများလေ့ကျင့်ခန်းလုပ်ရန်နှင့် အဖြေများကို သူတို့၏ မှတ်စုစာအုပ်တွင်ချရေးရန်အချိန်ပေးပါ။ ထို့နောက်ကျောင်း သားများ၊ အတွဲများကို ပြောင်းပေး၍ အတွဲများကိုအဖြေများအားနှိုင်းယှဉ်ခိုင်းပါ။

**၁။ ပို့ကုန်အတားအဆီးဆိုသည်မှာ အချို့သောပို့ကုန်များနှင့် ဝန်ဆောင်မှုများသည်**

(က) ပိုမိုဈေးချိုလာသည်

(ခ) ပိုမိုဈေးကြီးလာသည်

(ဂ) နိုင်ငံထဲသို့ မတင်သွင်းခိုင်းပေ

၂။ အချို့က သွင်းကုန်အတားအဆီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို အကျိုးပြုသည်။ အဘယ့်ကြောင့်ဆိုသော်

(က) ပို့ကုန်များတင်သွင်းရန် ကူညီသည်။

(ခ) တခြားနိုင်ငံများသို့ ကုန်စည်ရောင်းချရန်ကူညီသည်။

(ဂ) သူတို့၏ စီးပွားရေးအား ကာကွယ်ရန်အကျိုးပြုသည်။

၃။ ဆီနီဂေါ၊ ယူဂန္ဒာနှင့် မက္ကဆီကိုတို့တွင် ကုန်သွယ်ရေးလွတ်လပ်ခွင့်ပေးခြင်းသည်။

(က) စီးပွားရေးဖွံ့ဖြိုးမှုကိုဖန်တီးသည်

(ခ) စီးပွားရေးပြဿနာများကိုဖန်တီးသည်

(ဂ) နိုင်ငံခြားပို့ကုန်များကို ရပ်ဆိုင်းစေသည်

အဖြေများ ၁။ (ခ) ၂။ (ဂ) ၃။ (ခ)

## ကိုယ်ပိုင်နည်းလမ်း

**၃။ နားလည်မှုကိုစစ်ဆေးခြင်း**

ကျောင်းသားများအား အောက်ဖော်ပြပါမေးခွန်းများကို ဖြေဆိုရန် အချိန်ပေးပါ။ ဖြေဆိုပြီးပါက နှစ်ယောက်တစ်တွဲစီ အဖြေတိုက်ခိုင်းပါ။ သူတို့သဘော တူမတူမေးမြန်းပါ။

အမေးနှင့်အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သွင်းကုန်အတားဆီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကောင်းမွန်ကြောင်း လူအချို့က အဘယ်ကြောင့်ထင်ရသနည်း။
အဖြေ။ ဒေသတွင်းစီးပွားရေးလုပ်ငန်းများအား နိုင်ငံခြားပို့ကုန်များနှင့် အောင်မြင်စွာယှဉ်ပြိုင်နိုင်သောကြောင့် ဖြစ်သည်။

၂။ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အီတလီ။ ဩစတေးလျ၊ ဖင်လန်နှင့် ပြင်သစ်တို့ ကူညီသောအချက်များကို ဖော်ပြပါ။
အဖြေ စီးပွားရေးတိုးတက်မှုအတွက် သွင်းကုန်အတားအဆီးများကို အထက်ပါနိုင်ငံများကအောင်မြင်စွာ အသုံးပြုသည်။

၃။ အိုင်အမ်အက်ဖ်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သွင်းကုန်အတားအဆီးများကို အဘယ်ကြောင့် လျှော့ချစေချင်သနည်း။
အဖြေ။ သွင်းကုန်အတားအဆီးများကို လျှော့ချခြင်းသည် ယင်းနိုင်ငံတို့၏ စီးပွားရေးကို တိုးတက်စေသည်။

၄။ ဆီနီဂေါတွင် ကုန်သွယ်ရေးကို လွတ်လပ်စွာခွင့်ပြုခဲ့သောအခါ ဘာဖြစ်ခဲ့သနည်း။
အဖြေ။ ထုတ်လုပ်မှုတွင် အလုပ်လုပ်နေသော အလုပ်သမားသုံးပုံတစ်ပုံ အလုပ်လက်မဲ့ ဖြစ်သွားသည်။

## အုပ်စုလေ့ကျင့်ခန်း

ကျောင်းသားများကိုအုပ်စုခွဲပါ။ မြန်မာနိုင်ငံသည် သွင်းကုန်တားဆီးရေးကို အဘယ်ကြောင့် အသုံးပြုသင့်သနည်း။ ကျောင်းသားများနှင့် ဆွေးနွေးပါ။

**ကူညီပံ့ပိုးမှု**

ပထမစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားကာ အဘိဓာန် တွင်ရှာခိုင်းပါ။

**ကူညီပံ့ပိုးမှုဆိုသည်မှာအဘယ်နည်း။**

**မည်သည့်စီးပွားရေးတွင် ကူညီပံ့ပိုးမှုများရှိသနည်း။**

**Eu cap ကူညီပံ့ပိုးမှုက မည်သည့်ကုန်ပစ္စည်းများကိုကူညီသနည်း။**

## ဆွေးနွေးရန်

၁။ အီးယူက ယင်း၊လယ်သမားများကို အဘယ့်ကြောင့်ပိုက်ဆံအများအပြား ပေးရသနည်း။

အီးယူက ယင်း၊လယ်သမားများကို မည်သူ့လက်ထဲမှကာကွယ်သနည်း။ ကမ္ဘာပေါ်တွင် မည်သူတို့က သကြား၊ အသားတို့ အားထုတ်လုပ်သနည်း။

အဖြေမှာ အီးယူက လယ်ယာကုန်ပစ္စည်းများကို ပိုမိုဈေးချိုစွာထုတ်လုပ်နိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ လယ်သမားများရန်မှ ကာကွယ်သည်။ အီးယူက ယင်း၊လယ်သမားများကို ငွေကြေးအများအပြားပေးရခြင်းမှာ လယ်ယာထွက်ကုန်တန်ဖိုးများကိုနှိမ့်ချ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင် နိုင်ရန်ဖြစ်သည်၊

**ကူညီပံ့ပိုးမှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ**

ကျောင်းသားများအား ယင်းစာပိုဒ်ရှိ ဝါကျများကို တစ်ယောက်စီဖတ်ခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၂။ မှားမှန်

၁။ ဖွံ့ဖြိုးပီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ စီးပွားရေးကိုကာကွယ်ရန် ကူညီပံ့ပိုးမှုများပြုလုပ်ကြသည်။
အဖြေ။ မှား (ဖွံ့ဖြိုးပြီးနိုင်ငံများက သူတို့၏ စီးပွားရေးအား ကာကွယ်ရန်အတွက်သာ ကူညီပံ့ပိုးမှုများပြုလုပ်သည်)

၂။ ဖွံ့ဖြိုးပီးနိုင်ငံများရှိ ပို့ကုန်တားဆီးရေးနှင့် ကူညီပံ့ပိုးမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအား ယင်းတို့၏ ကုန်ပစ္စည်းများ ရောင်းချနိုင်အောင် ကူညီသည်။
အဖြေ။ မှား (ယင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ယင်းတို့၏ ကုန်ပစ္စည်းများ ရောင်းချရေးမှာ ခက်ခဲသွားသည်)

၃။ ကူညီပံ့ပိုးမှုများသည် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လယ်သမားများအား ယင်းတို့၏ ထုတ်ကုန်စရိတ်များလျှော့ချရန် ကူညီသည်။
အဖြေ။ မှန်

၄။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ယင်းတို့၏ ထုတ်လုပ်သူများကို ကာကွယ်ရန်ကူညီပံ့ပိုးမှုများ မပြုလုပ်ကြ။
အဖြေ။ မှား (ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း အသုံးပြုကြသည်)

## ဆွေးနွေးရန်

၃။ ကျောင်းသားများကိုအုပ်စုခွဲ၍ ရုပ်ပုံကိုကြည့်ခိုင်းပါ။ ထို့နောက် ယင်းရုပ်ပုံကိုဆွေးနွေးပါ။ ထိုရုပ်ပုံက ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ၃၀ ၊ တစ်နှစ်လျှင် ဒေါ်လာ ၃၀၅ ဘီလီယံဖြင့် ယင်းတို့၏ စိုက်ပျိုးရေးအား ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လယ်သမားများရန်မှ ကာကွယ်ရန်အသုံးပြုကြသည်။ အပြန်အလှန်အားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီအနေဖြင့် ဒေါ်လာ ၅၀ ဒသမ ၆ ဘီလီယံ ပြန်လည်သုံးစွဲသည်။ မေးခွန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ လယ်သမားများနှင့် ယှဉ်ပြိုင်နိုင်ဘီဆိုလျှင် ထိုအကူအညီပေးမှုကို လိုအပ်ပါဦးမလား ဟူဖြစ်သည်။

## အီးယူသကြားပံ့ပိုးမှုနှင့် ဖွံ့ဖြိုးဆဲကမ္ဘာ

### ကြိုတင်ပြင်ဆင်ခြင်း

surplues (noun) အပို
todump (verb) လွှင့်ပစ်သည်

ကျောင်းသားများကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်ထားခိုင်းပြီး အဘိဓာန်တွင် ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲထားကာ အောက်ဖော်ပြပါ မေးခွန်းများဖြေရန် မိနစ် ၂၀ ခန့် အချိန်ပေးပါ။

**၁။ အီးယူတွင် အဘယ်ကြောင့် သကြားအရမ်းဈေးကြီးရသနည်း။**
အီးယူသကြားဈေးသည် သွင်းကုန်အတားအဆီးကြောင့် ဈေးကြီးရခြင်းဖြစ်သည်။ ယင်းသွင်းကုန်အတားအဆီးကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဈေးချိုသောသကြားများကို ကန့်သတ်ထားသည်။ အီးယူသကြားသည် အီးယူလယ်သမားများကို ကူညီထောက်ပံ့ရသဖြင့် သကြားဈေးကြီးရခြင်းဖြစ်သည်။

**၂။ အီးယူက နှစ်တိုင်းထုတ်လုပ်သော သကြားအပိုတန်ချိန် ၅ သန်းအား ဘာလုပ်သလဲ။**
အီးယူက အပိုသကြားများကို နိုင်ငံတကာဈေးကွက်သို့ ဈေးနည်းနည်းဖြင့်ရောင်းချသည်။

**၃။ WTO က စုံစမ်းစစ်ဆေးပြီးနောက် အီးယူက ဘာလုပ်ရန်သဘောတူသနည်း။**
အီးယူကလယ်သမားများအားပံ့ပိုးနေမှုအား ၃၆ရာခိုင်နှုန်းလျှော့ရန်၄င်း၊ ၂၀၀၆ မှ ၂၀၀၇တစ်နှစ်အကြာ သကြားထုတ်လုပ်မှုအား ၁၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း လျှော့ချရန်သဘောတူခဲ့သည်။

**၄။ ယခုလုပ်ဆောင်ချက်များက ဖွံ့ဖြိုးဆဲနိုင်ငံများအား မည်သို့အကျိုးသက်ရောက်စေသနည်း။**
ဖွံ့ဖြိုးဆဲနိုင်ငံများအား ယင်းတို့၏ သကြားအား ပိုမိုလွယ်ကူပြီး ပိုမိုကောင်းမွန်သော ဈေးနှုန်းဖြင့်ရောင်းချနိုင်သည်။

## အုပ်စုလေ့ကျင့်ခန်း

၂။ ကျောင်းသားများအား အုပ်စုခွဲပါ။ အုပ်စုတစ်စုစီသည် မြန်မာ့စီးပွားရေး မဟာဗျူဟာကော်မတီတစ် ရပ်ဖြစ်သည်။ အုပ်စုတစ်စုစီအား သွင်းကုန်တားဆီးရေးနှင့် ကူညီပံ့ပိုးမှုများနှင့်သက်ဆိုင်သော ကုန်စည်ငါးခုအားကာကွယ်ရန် ရွေးချယ်ခိုင်းပါ။ အားလုံးအဆင့်သင့်ဖြစ်လျှင် အုပ်စုတစ်စုစီအား ၅ မိနစ်ခန့် အချိန်ပေးပြီး ဆွေးနွေးတင်ပြခိုင်းပါ။ သူတို့ အကြောင်းပြချက်နှင့် ဆုံးဖြတ်ချက်များကိုဖော်ပြခိုင်းပါ။ ပြီးလျှင် နားထောင်နေသော ကျောင်းသားများအား မေးခွန်းမေးခိုင်းပါ။

မြန်မာနိုင်ငံအနေဖြင့် သွင်းကုန်တားဆီးရေးနှင့်ပံ့ပိုးကူညီသော အစီအစဉ်များနှင့် တားဆီးရမည့်ကုန် ပစ္စည်းများမှာ အမျိုးသားစီးပွားရေးကို သီးခြားအရေးကြီးရမည်။ ဥပမာအားဖြင့် ဆန်၊ ပဲ၊ သစ်သီးများ၊ ဓာတ်သတ္တုပစ္စည်းများ၊ သစ်၊ ငါးနှင့် သဘာဝဓာတ်ငွေ့တို့ဖြစ်သည်။

### လွတ်လပ်သောကုန်သွယ်ရေး

လွတ်လပ်သောကုန်သွယ်ရေးကို သင်ပုန်းပေါ်တွင်ရေးပါ။ ကျောင်းသားများအား လွတ်လပ်သော ကုန်သွယ်ရေးဆိုသည်မှာ အဘယ်နည်း ဟုမေးပါ။ အဖြေများမှ အရေးပါသောစကားလုံးများ၊ စကားစုများကို သင်ပုန်းပေါ်တွင်ချရေးပါ။

လွတ်လပ်သောကုန်သွယ်ရေးအကြောင်းရေးထားသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသော စကားလုံးများကို မှတ်ထားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

**၁။ လွတ်လပ်တရားမျှတသောဈေးကွက်**

ကျောင်းသားများအား မာဇာလီရာရှိ ဇာဒီအကြောင်းစာပို့ကိုဖတ်ခိုင်းပါ။ ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ အောက် ဖော်ပြပါအချက်နှစ်ချက်အနက် မည်သည့်အချက်သည် ပိုမိုတရားမျှတသနည်း။ အဘယ့်ကြောင့်နည်း။

**(က) သွင်းကုန်အတားဆီးကို အခြားသောနိုင်ငံများမှ လိမ္မော်သီးစိုက်ပျိုးထုတ်လုပ်သူများ အန္တရာယ်မှ ဇာဒီအား ကာကွယ်ရန် အသုံးပြုသည်။ သို့သော် မာဇာလီရာရှိ စားသုံးသူများက ယင်းတို့၏ လိမ္မော်သီးများ အားဈေးကြီးပေးဝယ် စားရသည်။**

**(ခ) သွင်းကုန်အတားအဆီးကို ဖယ်ရှားလိုက်သဖြင့် မာဇာလီရာရှိလိမ္မော်သီးဈေးမှာ တစ်ဟုန်ထိုးကျဆင်းသွားသဖြင့် ဇာဒီသည် လိမ္မော်သီးဆက်မရောင်းနိုင်တော့ချေ။**

ကျောင်းသားများ ဆုံးဖြတ်ချက်ချနိုင်ရန် အချိန် ၁၀ မိနစ်ခန့်ပေးပါ၊အုပ်စုတစ်စုချင်းစီမှ အမြင်များကို မေးမြန်းပါ။ အဘယ့် ကြောင့်ဆိုသည့်အချက်ကိုပါ မေးမြန်းပါ။

## ကိုယ်ပိုင်နည်းလမ်း

ကျောင်းသားများအား စာလုံးရေ ၂၀၀ အထက် စာစီစာကုံးတစ်ပုဒ်ရေးခိုင်းပါ။ ထိုစာစီစာကုံးသည် လွတ်လပ်သော ကုန်သွယ်ရေးနှင့် ကုန်သွယ်ရေးကာကွယ်ခြင်း ကြောင်းအရာဖြစ်ရမည်။ ခေါင်းစဉ်မှာ လွတ်လပ်သောကုန်သွယ်မှုသည် အပြည် ပြည်ဆိုင်ရာကုန်သွယ်ရေး တရားမျှတဆုံးပုံသဏ္ဍာန်ဖြစ်သည်။

ကျောင်းသားများသည် အထက်ပါဖော်ပြချက်ကို သဘောတူမတူဆုံးဖြတ်ရမည်ဖြစ်ပြီး သူတို့၏ရပ်တည် ချက်ကိုငြင်းဆိုရ မည်။ စာစီစာကုံးသည် ကျောင်းသားများအနေဖြင့် လွတ်လပ်သောကုန်သွယ်မှုနှင့် ကုန်သွယ်ရေးကာကွယ်မှုအကြောင်း အယူအဆများကို ကောင်းစွာနားလည်မှုရှိမရှိ၊ အဆိုတင်သွင်းမှု အမျိုးမျိုးကိုလုပ်နိုင်ခြင်းရှိမရှိ၊ ကိန်းစွများကို စိစစ်နိုင်ခြင်းရှိမရှိ စသည်တို့ကို စာစီစာကုံးမှာပြသနိုင်ရမည်။ စာစီစာကုံးအား မည်သည့်ဘာသာစကားဖြင့် ရေးသားမည်ကို ဆုံးဖြတ်ပါ။ လေ့ကျင့်ခန်းသည် ကျောင်းသားသုံးစာအုပ်မှ စာပိုဒ်ကို အလွတ်ကျက်မှတ်ရန်မဟုတ်သဖြင့် မိခင်ဘာသာဖြင့် ရေးသားပါက ပိုမိုကောင်းမွန်သည်။

**လွတ်လပ်သောကုန်သွယ်မှု**

ကျောင်းသားများအား လွတ်လပ်သောကုန်သွယ်မှုဆိုသည်မှာ အဘယ်နည်းဟု မေးပါ။ ထို့နောက် ကျောင်းသားများအား နှစ် ယောက်တစ်တွဲထား၍ စဉ်းစားခိုင်းပါ။ သူတို့အိုင်ဒီယာများ ချရေးရန် ၁၀ မိနစ်ခန့် အချိန်ပေးပါ။ ထို့နောက် နှစ်ယောက်တစ် တွဲစီမှရရှိသောအမြင်များအား အဓိကစကားလုံးများနှင့်တကွ သင်ပုန်းပေါ်တွင်ရေးပါ။ ကျောင်းသားများအား လွတ်လပ်သော ကုန်သွယ်ရေးအကြောင်း ရေးထားသော စာပိုဒ်ကို ၁၅ မိနစ်ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

၁။ မှတ်ဉာဏ်ကစားနည်း၊

လွတ်လပ်သော ကုန်သွယ်ရေးအကြောင်းရေးထားသည့် စာပိုဒ် ၃ ပိုဒ်ကို ၁၀မိနစ်ခန့် ကျောင်းသားများအား သေသေ ချာချာဖတ်ခိုင်းပါ။ ထို့နောက် စာပိုဒ်များမှ အချက်အလက်အယူအဆကို ကျောင်းသားများအား မေးအဖြေများသင်ပုန်းပေါ်တွင်ရေးပါ။ သူတို့အား စာပိုဒ်ကိုအလွတ်မကျက်စေဘဲ စကားလုံးမှာလည်း အဓိကဖြစ် ရန်မလိုပေ။ ကျောင်းသားများစာပိုဒ် ကြောင်း မည်မျှမှတ်မိနားလည်သည်ကို စစ်ဆေးလေ့လာရန်သာဖြစ်သည်၊

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကင်ညာအကြောင်းရေးထားသည်ကို ဖတ်ခိုင်းပြီး ကျောင်းသားများအား နှစ်ယောက်တစ်တွဲထားပါ။ ထို့ကျွာနောက် စာပိုဒ်ကို သေသေချာချာ ၁၅ မိနစ်ခန့် ပြန်ဖတ်ခိုင်းပြီး သတင်းအချက်အလက်နှင့် ပတ်သက်သော မေးခွန်းနှစ်ခုကိုချရေးခိုင်း ပါ။ ထို့နောက် အဖြေကို နောက်စာမျက်နှာတွင် ရေးခိုင်းပါ။ အားလုံးပြီးသွားလျှင် မေးခွန်းများကိုလဲပါ။ မေးခွန်းရသော နှစ် ယောက်တစ်တွဲက မေးခွန်းကိုဖြေရမည်။ အရင်အဖြေနှင့် မှန်မမှန်တိုက်ကြည့်ပါ။

## အုပ်စုလေ့ကျင့်ခန်း

၃။ ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ၅မိနစ်ခန့်ကြာအောင် ကြိုတင်ပြင်ဆင်စေပါ၊ ထို့နောက်လွတ်လပ်သော ကုန်သွယ်ရေး သည် လူ့အဖွဲ့အစည်းအား မည်ကဲ့သို့အကျိုးပြုသနည်းဆိုသည့် အချက်ကို ထုတ်ဖော်ပြောခိုင်းပါ။ အုပ်စုရှိ အဖွဲ့ဝင်အားလုံး တင်ဆက် ပြောဆိုရာတွင် ပါဝင်ရမည်။ အုပ်စုဝင်များစဉ်းစားသင့်သည့် အဓိကမေးခွန်းများမှာ သင့်ပတ်ဝန်းကျင်တွင်–

လွတ်လပ်သော ကုန်သွယ်ရေးသည် အဘယ်ကြောင့်အသုံးဝင်သနည်း။

မည်သည့် ကုန်ပစ္စည်းအမျိုးအစားများကို ရောင်းဝယ်သင့်သနည်း။

လွတ်လပ်သောကုန်သွယ်ရေးမှ မည်သူတို့က အကျိုးအမြတ်ရသနည်း။

## ၁၈။ ကုန်သွယ်ရေးအုပ်စုများ

**ကြိုတင်ပြင်ဆင်ခြင်း**

integrate (verb) – ပေါင်းစပ်စုစည်းသည်

customs (noun) – အခွန်ဌာန

ကုန်သွယ်ရေး အုပ်စုများအကြောင်းရေးထားသော ပထမစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများကို ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

### စဉ်းစားခိုင်းရန်

၁။ ကုန်သွယ်ရေးအုပ်စုများအကြောင်း ကျောင်းသားများသိသမျှကိုမေးပါ။ သူတို့မစဉ်းစားနိုင်ပါက သူတို့ နားလည်လာစေရန် အာဆီယံ၊ အီးယူ၊ နက်ဖ်တာနှင့် မာကိုစာအဖွဲ့များအကြောင်း ပြောပြပါ။

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကျောင်းသားများအကြောင်းရေးထားသော ပထမစာပိုဒ် နှစ်ပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများကို ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ မှားမှန်

၁။ အာဆီယံ အဖွဲ့တွင် ၁၁ နိုင်ငံရှိသည်။

အဖြေ။ မှား (အာဆီယံတွင် ၁၀ နိုင်ငံသာရှိသည်)

၂။ အာဆီယံသည် စီးပွားရေးတိုးတက်ရေးကိုသာအာရုံစိုက်သည်။

အဖြေ။ မှား (အာဆီယံသည် လူမှုရေးတိုးတက်မှု၊ ယဉ်ကျေးမှုတိုးတက်ခြင်း၊ ဒေသခံငြိမ်းချမ်းရေး မြင့်တင်ရေးတို့ကို ဦးတည်သည်)

၃။ ယနေ့ခေတ်တွင် တစ်ခုတည်းသောအာဆီယံသည် တရုတ်နှင့်အိန္ဒိယသြဇာအား တန်ပြန်တိုက်ခိုက်ရန် အရေးကြီးသော အဖွဲ့အစည်းဖြစ်သည်။

အဖြေ။ မှန်

### အုပ်စုလေ့ကျင့်ခန်း

၃။ စိတ်လေ့ကျင့်ခန်း

ကျောင်းသားများအား အုပ်စုဖွဲ့ပါ။ အုပ်စုတစ်စုချင်းစီကို အာဆီယံအကြောင်းမေးခွန်းသုံးခုမေးပါ။ သူတို့၏ မေးခွန်းများကို စာရွက်တစ်ရွက်ပေါ်တွင်ရေးပါ။ အဖြေကို စာရွက်တစ်ရွက်ပေါ်တွင်ရေးပါ။

ထို့နောက် မေးခွန်းကို အုပ်စု(က)မှ အုပ်စု(ခ)သို့မေးပါ။ မေးခွန်းများကို အချင်းချင်းပြန်လည်မေးမြန်းအဖြေရှာပါ၊

**ဥရောပသမဂ္ဂ**

ဥရောပသမဂ္ဂအကြောင်းရေးထားသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအားကို ဖတ်ခိုင်းပါ။ မသိသောစကားလုံး များကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ နားလည်မှုကိုစစ်ဆေးခြင်း

ကျောင်းသားများအား နှစ်ယောက်တစ်တွဲထားပါ။ အမေးများကိုသင်ပုန်းပေါ်တွင် ချရေးပြီး ကျောင်းသားများအား လိုက်ကူးခိုင်းပါ။ မေးခွန်းများကိုဖြေဆိုရန် အတွက် ၄၅ မိနစ်အချိန်ပေးပါ။

(က) အီးယူတွင် အဖွဲ့ဝင် နိုင်ငံပေါင်း မည်မျှရှိသနည်း။
အဖြေ။ ၂၇ နိုင်ငံ

(ခ) အီးယူ၏ လုပ်ငန်းဆောင်ရွက်ချက်များမှာ မည်သည့်နယ်ပယ်တွင်ဖြစ်သနည်း။
အဖြေ။ စီးပွားရေး၊ နိုင်ငံခြားရေးရာ၊ ကာကွယ်ရေးနှင့် ကျန်းမာရေး။

(ဂ) ဗြိတိန်။ ဒိန်းမတ်နှင့် ဆွီဒင်တို့သည် ယူရိုငွေကြေးထဲဝင်ရန် ဘာကြောင့်ငြင်းဆန်ရသလဲ။
အဖြေ။ သူတို့၏ စီးပွားရေးအား ထိခိုက်နစ်နာသောကြောင့်ဖြစ်သည်။

(ဃ) ဘူလ်ဂေးရီးယားနှင့် ရိုမေးနီးယားလူမျိုးများသည် အီးယူနိုင်ငံများလျင်မြန်စွာ လုပ်ရှားနိုင်ရန် အဘယ်ကြောင့် ခွင့်ပြုလိုက်သနည်း။
အဖြေ။ အစိုးရက လွတ်လွတ်လပ်လပ်မရွှေ့ပြောင်းစေလိုသဖြင့် တောင်းဆိုထားခြင်းဖြစ်သည်။

**၃။ အနောက်အာဖရိက စီးပွားရေးအဖွဲ့အစည်း**

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ရေးသားထားသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား ဖတ်ခိုင်း ပါ။ မသိသောစကားလုံးများကို မှတ်သားထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ မှားမှန်

၁။ **ECOWA သည် အာဖရိကစီးပွားရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းမဟုတ်**
အဖြေ။ မှန်

၂။ **ပြည်တွင်းစစ်ပွဲနှင့် ဒေသတွင်းနိုင်ငံရေး ပြဿနာများကြောင့် ECOWAS ၏ တိုးတက်မှုကို မထိခိုက်ခဲ့ချေ။**
အဖြေ။ မှား (အထက်ပါအကြောင်းအချက်များကြောင့် ECOWA ၏ တိုးတက်မှုကိုထိခိုက်ခဲ့သည်)

၃။ **ECOWA တွင် ယူရိုကဲ့သို့ ငွေကြေးရှိပါသလား။**
အဖြေ။ မှား (Ecows တွင် အီကိုအား ၂၀၀၉တွင်စတင်မိတ်ဆက်ရန် စီစဉ်နေသည်)

၄။ **ECOWS** တွင် **အီကိုမော့ဟုခေါ်သော ငြိမ်းချမ်းရေးထိန်းသိမ်းရေး အဖွဲ့ဖြစ်သည်။**
အဖြေ။ မှန်

**၄။ မာကိုဆာ**

မာကိုဆာအကြောင်းရေးထားသော စာပိုဒ်အား ကျောင်းသားများကို ၁၅ မိနစ်ခန့် ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၂။ ဉာဏ်စမ်းပဟေဠိ

ကျောင်းသားများကိုအုပ်စုခွဲကာ အေ၊ ဘီ၊ စီ၊ ဒီ ဟုအမည်ပေးပါ။ အုပ်စုတစ်စုစီတိုင်းကို မာကိုဆာစာပို့မှ မေးခွန်းနှစ်ခု ထုတ်ခိုင်းပါ။ သူတို့သည် မေးခွန်းများကို စာရွက်အလွတ် တစ်ခုပေါ်တွင်ရေးပြီး။ အဖြေများကို ကျန်စာရွက်တွင်ရေးပါ။ ပြင်ဆင်လုပ်ကိုင်ချိန် ၁၀ မိနစ်ပေးပါ။

ထို့နောက် အုပ်စုများအား တစ်ဦးနှင့်တစ်ဦးမျက်နှာချင်းဆိုင်ထိုင်ခိုင်းပါ။ အုပ်စုအေမှ သူ၏ ပထမဦးဆုံးမေးခွန်းကို အုပ်စုဘီအားမေးခိုင်းပါ။ အုပ်စုဘီက စာပိုဒ်ကိုကြည့်ဖြေဆိုနိုင်သည်။ အုပ်စုဘီက ဖြေပြီးသောအခါ အဖြေမှန်မမှန် တိုက်ကြည့်ရမည်။ ထို့နောက် အုပ်စုဘီက အုပ်စုအေကို ပြန်မေးရမည်။ ထို့နောက် အုပ်စုများ ကိုတစ်ခုနှင့်တစ်ခု ပြောင်းပေးရမည်။

# ၁၉။ ဂလိုဘယ်လိုက်ဖေးရှင်း

## စဉ်းစားရန်

၁။ ဂလိုဘယ်လိုက်ဖေးရှင်းအဓိပ္ပာယ်အား ကျောင်းသားများအားမေးပါ။ အဓိကအချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

### ကြိုတင်ပြင်ဆင်ခြင်း

Unificaion (noun) အတူတကွပေါင်းစည်းခြင်း

ဂလိုဘယ်လိုက်ဖေးရှင်းအကြောင်းရေးထားသောစာပိုဒ်အား။ ကျောင်းသားများကို ၁၅မိနစ်ခန့် ဖတ်ခိုင်းပါ။ မသိသော စကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ၊

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကျောင်းသားများအား နှစ်ယောက်တွဲထားပါ။

ထို့နောက် ကျောင်းသားများအား စာသင်ခန်းပတ်လည်ရှိ ပစ္စည်းများကိုကြည့်ခိုင်းပါ။ ဥပမာအားဖြင့် တရုတ်နိုင်ငံတွင်လုပ်သည်ဟူသော ပစ္စည်းများကိုတွေ့ရပါသလား။ တွေ့ရပါက ထိုပစ္စည်းများအကြောင်းကို သူတို့၏ မှတ်စုစာအုပ်တွင်ရေးခိုင်းပါ။ ထို့နောက် သူတိုရရှိသော စာရင်းကို အတန်းအားဖတ်ပြခိုင်းပါ။

### ကြိုတင်ပြင်ဆင်ခြင်း

garage (noun) ဂိုဒေါင်

amazon.com အကြောင်းရေးထားသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား ဖတ်ခိုင်းပါ။ မသိသောစကား လုံးများကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ မှားမှန်

၁။ အမေဇုံ (amazon.com) သည် အင်တာနက်မှ ကုန်ပစ္စည်းများကိုသာရောင်းချသည်။
အဖြေ။ မှန်

၂။ အမေဇုံ (amazon.com) သည် ယခုအခါ ကမ္ဘာပေါ်တွင် ခြောက်နိုင်ငံသာရှိသည်။
အဖြေ။ မှား (ခုနစ်နိုင်ငံဖြစ်သည်)

၃။ အမေဇုံ (amazon.com) သည် စာအုပ်များကိုသာရောင်းချသည်။
အဖြေ။ မှား (ပစ္စည်းမျိုးစုံရောင်းချသည်)

၄။ ၂၀၀၆ တွင် ကုန်ပစၥည်းတန်ဖိုးပေါင်းဒေါ်လာ ၈ ဘီလီယံကျော်ရောင်းချခဲ့သည်။
အဖြေ။ မှား (ကန်ဒေါ်လာ ၁၀.၇၁ ဘီလီယံ)

၅။ အင်တာနက်က အမေဇုံ (amazon.com) သည် ကမ္ဘာတစ်ဝန်းလုံးရှိလူများအား ကုန်ပစ္စည်းများရောင်းရန်ကူညီသည်။
အဖြေ။ မှန်

## ကြိုတင်ပြင်ဆင်ခြင်း

| | |
|---|---|
| isolated (verb) | ခွဲခြားထားသော |
| relative (adj) | ကိုက်ညီသော |
| to relax (verb) | စိတ်ပြေလျှော့သည် |
| technique (noun) | နည်းလမ်းကောင်း |
| repetitive (adj) | ထပ်ခါထပ်ခါဖြစ်သော |
| plentiful(adj) | အမြောက်အမြားဖြစ်သော |

## အုပ်စုလေ့ကျင့်ခန်း

၁။ ဉာဏ်စမ်း

ကျောင်းသားများအားအုပ်စုခွဲပါ။ လေကြောင်းနှင့်ပတ်သက်ပြီး တရုတ်နှင့် နိုင်ငံယာအကြောင်း ရေးထားသော စာပိုဒ်ကို ဖတ်ရန်အတွက် ကျောင်းသားများကို ၁၅ မိနစ်အချိန်ပေးပါ။ အချိန်စေ့လျှင် စာအုပ်ကိုကြည့်ခွင့် ရတော့မည်မဟုတ်ပဲ မေးခွန်းများကို ဖြေဆိုရမည်ဖြစ်ကြောင်း ကြိုတင်ပြောကြားထားပါ။

အချိန်စေ့သွားလျှင် ပထမဦးဆုံးမေးခွန်းကို သင်ပုန်းပေါ်တွင်ရေးပါ။ ထို့နောက် အတန်းကိုဖတ်ပြပါ။ ၂ မိနစ်ခန့် ပြင်ဆင်ခွင့်ပေးပြီး အဖြေကိုရေးခိုင်းပါ။ အုပ်စုတစ်စုချင်းစီမှအဖြေကိုမေးပါ။ တစ်တန်းလုံး သဘောတူမတူမေးပါ။ အခြားအုပ်စုရဲ့ အဖြေနဲ့တူ မတူတိုက်ကြည့်ပါ။ ဉာဏ်စမ်းပွဲတွင် အိုင်ဒီယာသာအရေးကြီး ဆုံးဖြစ်ကြောင်းရှင်းပြပါ။

၁။ ခရီးသည်မည်မျှကို သက္ကရာဇ်၂၀၀၀ ပြည့်နှစ်အတွင်း လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးနိုင်ခဲ့ပါသနည်း။
အဖြေ။ ယမန်နှစ်ကပင် ခရီးသည် ၁ ဒသမ ၆ ဘီလီယံအား ပို့ဆောင်ပေးခဲ့သည်။

၂။ ၁၅ နှစ်အတွင်း တရုတ်စီးပွားရေးသည် အဘယ်ကြောင့်တိုးတက်ခဲ့ရသနည်း။
အဖြေ။ အစိုးရက စီးပွားရေးဥပဒေများအား ဖြေလျှော့ခဲ့ပြီး နောက်တိုးတက်လာခြင်းဖြစ်ပါသည်။ (တံခါးပိတ်စီးပွားရေး စနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းလာခြင်း)

၃။ တရုတ်နိုင်ငံ၏ မည်သည့်ပစ္စည်းများသည် စားသုံးသူအများဆုံးဖြစ်သနည်း။
အဖြေ။ တရုတ်နိုင်ငံ၏အဓိက သုံးစွဲမှုမှာ သစ်သား၊ သံ၊ ကျောက်မီးသွေး၊ အသားနှင့် ဂျုံစပါးတို့ဖြစ်သည်။

၄။ နိုကီရာစက်ရုံတွင် လုပ်ငန်းမကျွမ်းကျင်သော်လည်းအဘယ့်ကြောင့် လုပ်ကိုင်နိုင်သနည်း။
အဖြေ။ လုပ်ငန်းမကျွမ်းကျင်သော အလုပ်သမားပင်လျှင် ခေတ်မီထုတ်လုပ်ရေး နည်းပညာများကြောင့် အလုပ်လုပ်ကိုင်နိုင်သည်။

၅။ ဒေါင်ကန်ရှိ စက်ရုံအားတည်ထောင်သော ကောင်းကျိုးများကိုဖော်ပြပါ။
အဖြေ။ စက်ရုံမြေငှားခ အလုပ်သမားခအလွန်သက်သာသဖြင့် နိုကီရာအတွက် အလွန်အကျိုးဖြစ်ထွန်းသည်။

**နိုင်ငံစုံကော်ပိုရေးရှင်းများ**

ယင်းအကြောင်းကိုရေးသားထားသော စာပိုဒ်အား ၁၅ မိနစ်ခန့် ကျောင်းသားများ အားဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သား ထားပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## စဉ်းစားရန်

၁။ ကျောင်းသားများအား နိုင်ငံစုံကော်ပိုရေးရှင်းများ၏ အကျိုးအပြစ်များကို ဖော်ပြပါ။ ထို့နောက် ၅ မိနစ်၊ ၁၀ မိနစ်ခန့်ဆွေးနွေးခိုင်းပါ။ သူတို့အား စိန်ခေါ်မှုနှင့်အကျိုးခံစားခွင့်များတို့ကို စာရင်းပြုစုစေပါ။

**ပြဿနာ**

နိုင်ငံပေါင်းစုံကော်ပိုရေးရှင်းများသည် စီးပွားရေးလုပ်ငန်းပိုင်ဆိုင်သည်။အစိုးရများအား လွှမ်းမိုးနိုင်သည်။ သူတို့သည် စီးပွားရေးပညာအားအသုံးပြုကာ ဒေသတွင်းပစ္စည်းများကို ဆန့်ကျင်မှုပြုမည်ဖြစ်သည်။ အချို့နေရာများတွင် အလုပ်သမားအခွင့်အရေးမရှိသဖြင့် လေဆိပ်ကိုပါပိတ်လိုက်ကြရသည်။

**အကျိုး**

ရရှိဖွယ်အကျိုးအမြတ်များမှ ဈေးသက်သာသောကုန်ပစ္စည်းများ၊ အလုပ်အကိုင်များကြောင့် တိုင်းပြည်ကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ လုပ်ခလစာမရသောစက်ရုံများက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဒေသခံ မီဒီယာများကိုပါ နှိပ်ကွပ်ကြသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ပတ်ဝန်းကျင်အားကာကွယ်သင့်သည်၊

ဂလိုဘယ်ဇေးရှင်းသည် ကောင်းသလားမကောင်းဘူးလား။

ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်းရေးထားသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား ဖတ်ခိုင်းပါ။ မသိသော စကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

## အုပ်စုလေ့ကျင့်ခန်း

၂။ နိုင်ငံပေါင်းစုံနှင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ အားသာချက်နှင့် အားနည်းချက်ဟူသော ကော်လံနှစ်ခု သင်ပုန်းပေါ်တွင်ဆွဲပါ။ ကျောင်းသားများကို အုပ်စုခွဲပါ။ တစ်အုပ်စုလျှင် ကောင်းကျိုးဟု အမည်ပေးပြီး ကျန်တစ်အုပ်စုကို ဆိုးကျိုးဟုအမည်ပေးပါ။ သူတို့သည် မိမိကျရာတာဝန်များကို ကျေလည်စွာဆွေးနွေးနိုင်ရမည်။

## အုပ်စုလေ့ကျင့်ခန်း

၁။ မှတ်ဉာဏ်ကစားနည်း ကျောင်းသားများအား အုပ်စုဖွဲ့ပါ။ ထို့နောက် အုပ်စုတစ်အုပ်စုစီအား နံပတ်တစ်ခုချင်းစီပေးပါ။ သူတို့သည် ဂလိုဘယ်လိုက်ဖေးရှင်း၊ ကောင်းကျိုးများကို မှတ်မိအောင်ကြိုးစားရမည်။ ကျောင်းသားများသည် စကားလုံးအတိအကျဖြစ်စရာမလိုပေ။ အချိန်စေ့သွားလျှင် အုပ်စုတစ်အုပ်စုက တခြားအုပ်စုအား သင်ကြားရေးအစီအစဉ်အတွက် မှန်ကန်သော ရလဒ်တစ်ခုရရှိစေရမည်။

ကိုကာကိုလာ ကျောင်းသားများ ကုတ်ကြိုက်မကြိုက်မေးပါ။ တစ်နေ့ကို ဘယ်နှစ်ကြိမ်သောက်သလဲ။ ကျောင်းသားများ ကိုအုပ်စုခွဲပါ။ အရေးကြီးအချက်များကို စာအုပ်ပေါ်တွင်မှတ်ထားပါ။ ထို့နောက် အိုင်ဒီယာများကိုချရေးနိုင်ရန်စဉ်းစားချိန် ၁၀ မိနစ်ခန့်ပေးပါ။ ရရှိလာသောအချက်များကို တစ်တန်းလုံးနှင့်သဘောတူမတူ မေးကြည့်ပါ။

ဂလိုဘယ်လိုက်ဖေးရှင်း၊ဆိုးကျိုးများ

ကျောင်းသားများအား မည်သူထိန်းချုပ်ထားသလဲဟူသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသော စကားလုံးများကို မှတ်သားစေပီး အဘိဓာန်တွင်ရှာခိုင်းပါ။

## ကြိုတင်ပြင်ဆင်ခြင်း

elite (noun) – အခွင့်ထူးခံလူတန်းစား

ကျောင်းသားများအား လူချမ်းသာများကို အလုပ်အကျွေးပြုနေသောဆင်းရဲသားဟူသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

ကျောင်းသားများအား ရုပ်ပုံကိုကြည့် ယင်း၊ဆိုလိုချက်အားစဉ်းစားခိုင်းပါ။ ထိုရုပ်ပုံသည် အရွယ်အစားကိုချိန်ထိုးပြခြင်း ဖြစ်သည်။ ဖွံ့ဖြိုးပြီး (လူချမ်းသာလေးဦး)က ဘယ်ဘက်အခြမ်းတွင်မတ်တပ်ရပ်နေသည်။ ဖွံ့ဖြိုးဆဲ (လူဆင်းရဲများ) ၂၀ က ညာဘက်ခြမ်းတွင် မတ်တပ်ရပ်နေသည်။ သို့သော် ညီတူမျှတူ ဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ဖွံ့ဖြိုးပီးနိုင်ငံမှလူများ၊ ပျမ်းမျှစားသုံးမှုသည် ဆင်းရဲသောနိုင်ငံများရှိလူများ စားသုံးမှုထက် အဆများစွာသာလွန်သောကြောင့်ဖြစ်သည်။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီထားကာ ကမ္ဘာ့အချမ်းသာဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံများတွင် နေထိုင်သော ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းက စားသုံးမှုကိုဖော်ပြသည့် ဂရပ်နှစ်ခုဆွဲခိုင်းပါ။ ထိုဂရပ်တွင် အုပ်စုနှစ်စု၏ ကွာခြားချက်များကို ထင်ရှားစွာပြသရမည်။ ဂရပ်ဆွဲရန် အချိန် ၁၅ မိနစ်ပေးပါ။ ဂရပ်များဆွဲ ပြီးလျှင် အုပ်စုတစ်စုစီရှေ့သို့ ထွက်၍ ယင်းတို့ဏ္ဍ၊ဂရပ်များအကြောင်းကို ရှင်းပြခိုင်းပါ။

**ဂလိုဘယ်လိုက်ဇေးရှင်းနှင့် လူ့အခွင့်အရေး**ဟူသော စာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## ဘီဟိုပယ်၏ ရင်နင့်စရာဖြစ်ရပ်

### ကြိုတင်ပြင်ဆင်ခြင်း

| | | |
|---|---|---|
| toxic (adj) | – | အဆိပ်ရှိသော |
| catastrophic (adj) | – | လွန်စွာစိုးရွားသော |
| pesticite (noun) | – | ပိုးသတ်ဆေး |
| ineffective (adj) | – | အလုပ်မဖြစ်သော |
| to devastate (verb) | – | ပျက်စီးစေသည် |
| compensation (noun) | – | လျော်ကြေး |
| to maintain (verb) | – | အခြေအနေကောင်းကိုထိန်းသိမ်းသည် |
| sabotage (noun) | – | တစ်ခုခုကိုပျက်စီးစေသည် |
| clain (noun) | – | တောင်းဆိုချက် |

ကျောင်းသားများအား သီဟိုပယ်၏ ရင်နင့်စရာဖြစ်ရပ် စာပိုဒ်ကို ၁၅ မိနစ်ခန့် အချိန်ပေးမှု ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

အောက်ဖော်ပြပါမေးခွန်းများကို သင်ပုန်းပေါ်တွင်ရေးပါ။

(က) ဘီဟိုပယ်တွင် ဓာတ်ငွေ့ယိုစိမ့်ပြီး ရက်အနည်းငယ်ကြာသောအခါ လူမည်မျှသေဆုံးခဲ့သနည်း။
အဖြေ။ လူပေါင်း ၇၀၀၀ ခန့် သေဆုံးခဲ့သည်။

(ခ) ရှင်သန်သူများက မည်သည့်အရာအား စောင့်မျှော်နေသနည်း။
အဖြေ။ ရှင်သန် သူတို့က နစ်နာကြေး၊ ဆေးဝါး၊ လူမှုရေးနှင့် စီးပွားရေးအကူအညီများကို စောင့်မျှော်နေကြသည်။

(ဂ) ဘီဘီစီက ၂၀၀၄ နိုဝင်ဘာတွင် ဘာကိုရှာဖွေတွေ့ရှိခဲ့သနည်း။
အဖြေ။ ထိုသေရှိ သောက်ရေတွင် ဓာတုပစ္စည်းများပါဝင်နေကြောင်း တွေ့ရှိခဲ့သည်။

(ဃ) ထိုမြို့မှစက်ရုံအားရွှေ့ပြောင်းရန် ကာဗိုက်သမဂ္ဂက အဘယ်ကြောင့်ငြင်းဆန်ခဲ့သနည်း။
အဖြေ။ စက်ရုံရွှေ့ရန်မှာ ဈေးအရမ်းကြီးသောကြောင့်ဖြစ်သည်။

(င) ယူစီနှင့်ဒေါင်း ဓာတုပစ္စည်းများက အန္တရာယ်ဖြစ်ပွားမှုအတွက် မည်ကဲ့သို့အကြောင်းပြခဲ့သနည်း။
အဖြေ။ ကိစ္စသည် စက်ရုံရှိအလုပ်သမားတစ်ဦးက ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သော ကိစ္စဖြစ်သည်။

(စ) ၂၀၀၅ ခုနှစ်စောစောပိုင်းတွင် အိန္ဒိယဘက်က နစ်နာကြေးမည်မျှ ပေးလျော်ခဲ့သနည်း။
အဖြေ။ အမေရိကန်ဒေါ်လာသန်း ၃၃၀ ပေးခဲ့သည်။

ကျောင်းသားများအားနှစ်ယောက်တစ်တွဲစီအုပ်စုခွဲထားကာ အဖြေရေးရန် မိနစ် ၂၀ ခန့်အချိန်ပေးပါ။ ထို့နောက် သူတို့အဖြေများကို နှိုင်းယှဉ်ခိုင်းပါ။ တစ်ယောက်ချင်းစီထံမှ အဖြေများကို အတန်းနှင့်အဖြေတိုက်ပါ။

## ဆွေးနွေးရန်

၂။ လူ့အခွင့်အရေးချိုးဖောက်ရာမှ အမြတ်အစွန်းရရှိနေသော စီးပွားရေးလုပ်ငန်းများနှင့် အစိုးရလုပ်ငန်းများအား ရပ်တန့်ရန် အကောင်းဆုံး နည်းလမ်းများကိုဖော်ပြပါ။ ကျောင်းသားများအား အုပ်စုခွဲထားပြီး ထိုမေးခွန်းအတွက် အဖြေရှာခိုင်းပါ။ အုပ်စုတစ်စုချင်းစီမှ အကြံဉာဏ်များကို သင်ပုန်းပေါ်တွင်ချရေးပြီး အလုပ်ဖြစ်နိုင်မဖြစ်နိုင်ဆွေးနွေးပါ၊

ကျောင်းသားများအား အစိုးရနှင့်ပတ်ဝန်းကျင်ဟူသောစာပိုဒ်ကို ၁၅ မိနစ်ခန့်ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန် တွင်ရှာခိုင်းပါ။

ကျောင်းသားများအား **ပဲပိစပ်နှင့် အမေဇုံ မှတ်သုံသစ်တော**စာပိုဒ်ကို ၁၅ မိနစ်ခန့် ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ကျောင်းသားများကို နှစ်ယောက်စီတွဲထားပြီး စာပိုဒ်အကြောင်း နားလည်မှုရှိမရှိစစ်ဆေး နိုင်ရန်အတွက် မေးခွန်းသုံးရပ် စဉ်းစားခိုင်းပါ။ ထိုမေးခွန်းများကို စာရွက်လွတ်နှစ်ရွက်ပေါ်တွင် ရေးခိုင်းပါ။ အချိန် ၁၅ မိနစ်ခန့် ပေးပါ။ ပြင်ဆင်ပြီးပါက အတွဲတစ်တွဲစီအား အခြားအုပ်စုအား လက်ဆင့်ကမ်းခိုင်းပါ။ မိမိတို့ရရှိသော အမေးများကိုဖြေကြားရမည်။ ထိုသို့ပြုလုပ်ရန် အချိန် ၁၅မိနစ်ခန့်ပေးပါ။ ဖြေဆိုပြီးလျှင် အဖြေများကိုတိုက်ကြည့်ပါ။ အဖြေများမတူပါက မည်သူကမှန်သည်ကို ဆုံးဖြတ်ခိုင်းပါ။ သို့ဖြစ်နေချိန်တွင် သင်ကအတန်းထဲသို့လျှောက် မေးခွန်းနှင့်အဖြေကိုစစ်ဆေး၍ အငြင်းပွားမှုကို ဖြေရှင်းပေးပါ။

## ဆွေးနွေးချက်

၂။ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အာရှတိုက်တွင် ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက် မှုအကြောင်းကို သင်သိပါသလား။ နိုင်ငံစုံ ကော်ပိုရေးရှင်းများက သတ္တုတွင်းတူးဖော်ခြင်း။ သစ်တောပြုန်းတီးခြင်း။ ရေနံနှင့် သဘာဝဓာတ်ငွေ့တွင် ပါဝင်ပတ်သက်နေပုံကို သင်သိပါသလား။ ကျောင်းသားများအား အထက်ပါဖြစ်ရပ်များနှင့်ပတ်သက်၍ ဗဟုသုတရှိမရှိမေးပါ။ အောက်ဖော်ပြပါစာပိုဒ်ကို သူတို့အား မေးမြန်းရာတွင်သုံးနိုင်သည်။

### တရုတ်နိုင်ငံ။ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်

တရုတ်စီးပွားရေးသည် ဂလိုဘယ်လိုက်ဇေးရှင်းမှ အကျိုးအမြတ်များစွာရရှိသည်။ တရုတ်နိုင်ငံရှိ လုပ်အားဈေးနှုန်း ချိုသာမှုကြောင့် နိုင်ငံစုံကော်ပိုရေးရှင်းများက တရုတ်နိုင်ငံ တွင်အခြေစိုက်ကြသည်။ ထို့နောက် တရုတ်နိုင်ငံမှ ထုတ်ကုန်များကို ကမ္ဘာတစ်ဝန်းလုံးသို့ တင်ပို့သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးမှာ တစ်ဟုန်ထိုးတိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံ၏ ၁ဒသမ ၆ ဘီလီယံနိုင်ငံသားများမှာ ပိုမိုချမ်းသာလာခဲ့ပြီး ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပိုမိုစားသုံးလာခဲ့သည်။ စီးပွားရေးတိုးတက်မှု ကို တွန်းအားပေးရန် တရုတ် သည်သဘာဝအရင်းအမြစ်များစွာ လိုအပ်သည်။ တရုတ်နိုင်ငံသည် သတ္တု၊ ဓာတ်သတ္တုများ၊ သစ်၊ ကျောက်မီးသွေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အဓိကသုံးစွဲသူဖြစ်လာသည်။ ယင်းသဘာဝ အရင်းအမြစ်များသည် ကမ္ဘာတစ်ဝန်းမှရရှိလာပြီး တရုတ်နိုင်ငံ့ဝယ်လိုအားက ပတ်ဝန်းကျင်ဆိုင်ရာပျက်စီးမှုကို ဖျက်ဆီးခဲ့သည်။ စက်မှုလုပ်ငန်းများ တစ်ဟုန်ထိုးတိုးတက်မှုနှင့် မြို့ပြများဖြစ်ထွန်းမှုတို့ကလည်း ညစ်ညမ်းခြင်းကို ပိုမိုဖြစ်စေသည်။ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အရှိန်အဟုန်ကောင်းလာသော တရုတ်နိုင်ငံ၏ တိုးတက်မှုသည် ကမ္ဘာ့ပတ်ဝန်းကျင်ပေါ်တွင် အကြီးမားဆုံးအကျိုးသက်ရောက်စေခဲ့သည်။

**ဂလိုဘယ်လိုက်ဇေးရှင်းနှင့် နေရာပိုင်ဆိုင်ခွင့်** ဟူသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများအား ဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

**ဖရီးပို့မိုင်း၊ ပါပူးဝါးအနောက်ပိုင်း အီရန်ကြိုတင်ပြင်ဆင်ခြင်း**

တွဲစပ်ထုတ်လုပ်ခြင်း

ကျောင်းသားများအား အထက်ပါခေါင်းစဉ်နှင့် စပ်လျဉ်းသော စာပိုဒ်အား ၁၅ မိနစ်ခန့် ဖတ်ခိုင်းပါ။ မသိသော စကားလုံးများကို မှတ်သားစေပြီး အဘိဓာန်တွင်ရှာခိုင်းပါ။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ မှားမှန်

၁။ အမ်မီလယ်ယာပိုင်ဆိုင်ခွင့်ကို အင်ဒိုနီးရှားအစိုးရက အသိအမှတ်ပြုခြင်းခံရသည်။
အဖြေ။ မှား (လယ်ယာပိုင်ခွင့်များကို အသိအမှတ်ပြုခြင်းမခံရ)

၂။ ဖရီးပို့မိုင်းတွင်းတည်ဆောက်ရေးတွင် အမ်မီအထွတ်အမြတ်ထားသော မိခင်ခေါင်းဖြတ်ခံရသည်။
အဖြေ။ မှန်

၃။ မိုင်းတွင်းသည် ထိုဒေသတွင်ပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးခြင်းမဖြစ်ပေါ်စေခဲ့။
အဖြေ။ မှား (မိုင်းတွင်းသည် လမုတောနှင့် မုတ်သုံသစ်တောများကို ပျက်စီးစေသည့်အပြင် မြစ်များ၊ သန္တာကျောက်တန်းများ ညစ်နွမ်းစေပြီး၊ ရေကြီးမှုများကိုဖြစ်ပေါ်စေသည်။

၄။ ရေပိုင်ရှင်၏ ယုံကြည်မှုကတိကဝတ်သည် အမ်မီနှင့်မိုင်းတွင်းကုမ္ပဏီတို့ကြား အငြင်းပွားမှုကို ဖြေရှင်းပေးခဲ့သည်။
အဖြေ။ မှား (သဘောတူညီချက်၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်တန်ဖိုးများကြောင့် သဘောတူညီမှုမရရှိခဲ့ဘဲ ဆန္ဒပြမှုများပင် ဆက်လက်ဖြစ်ပွားခဲ့သည်)

## စဉ်းစားရန်

၂။ ကျောင်းသားများကို အုပ်စုခွဲပါ။ ထို့နောက် မေးခွန်းများကိုဆွေးနွေးစေပါ။ အကြံဉာဏ်များ ချရေးရန် ၁၀ မိနစ်အချိန်ပေးပါ။
ဖရီးပို့မိုင်းတွင်းသည် အင်ဒိုနီးရှားနိုင်ငံအတွက် ဝင်ငွေရစေသော အရေးကြီးသည့်အရင်းအမြစ်ဖြစ်သည်။ မိုင်းတွင်းကိုပိတ်ပစ်ပါက တိုင်းပြည်နှင့်ဒေသတွင်းအတွက် စီးပွားရေးပြ၏နာများဖြစ်ပွားစေသည်။ သို့သော်လည်း အမ်အီးအား အင်ဒိုနီးရှားအစိုးရက လွဲမှားစွာဆက်ဆံကြသည်။ သူတို့၏ မြေနှင့်ပတ်ဝန်းကျင်ကို ပျက်စီးစေပြီး ထိုလူတို့မှာ လူ့အခွင့်အရေးချိုးဖောက်မှုများခံ စားပြီး ယဉ်ကျေးမှုနှင့်ဘာသာရေး ဆိုင်ရာယုံကြည်မှုများ လျစ်လျူရှုခြင်းခံရသည်။ အဓိကကိစ္စရပ်မှာ အင်ဒိုနီးရှားအစိုးရကို မြေယာအား အမ်မီပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုရန်နှင့်အနာဂတ်အတွက် ဆွေးနွေးညှိနှိုင်းရန် သိမ်းသွင်းခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန် မလိုအပ်ဘဲ မိုင်းတွင်းကိုပိတ်ပစ်ခဲ့သည်။

### ကြိုတင်ပြင်ဆင်ခြင်း

supreme (adj) အဆင့်မြင့်ဆုံးဖြစ်သော
territory (noun) နယ်နိမိတ်
gurisdiction (noun) ဆုံးဖြတ်ချက်ချခြင်း

ဂလိုဘယ်လိုက်ဖေးရှင်းနှင့် အချုပ်အခြာအာဏာဟူသောစာပိုဒ်ကို ၁၅ မိနစ်ခန့် ကျောင်းသားများကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင်ရှာခိုင်းပါ။

### ကိုလံဘီယာ ဂလိုဘယ်လိုက်ဇေးရှင်းသားကောင်

### ကြိုတင်ပြင်ဆင်ခြင်း

| | | |
|---|---|---|
| coub (noun) | – | အာဏာသိမ်းခြင်း |
| cocaine (noun) | – | ကိုကာပင်မှရရှိသော မူးယစ်ဆေးဝါး |
| to destroy (verb) | – | ဖျက်ဆီးသည် |
| unrestriane (adj) | – | သတ်မှတ်ချက်မရှိဘဲ |
| paramilitary (adj/noun) | – | အရံစစ်ဘက်ဆိုင်ရာ |

ကျောင်းသားများကို စာပိုဒ်ဖတ်ရန် ၁၅ မိနစ်ခန့် ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ မသိသောစကားလုံးများကို အဘိဓာန်တွင် ရှာခိုင်းပါ။

## ကိုယ်ပိုင်နည်းလမ်း

**၁။ နားလည်မှုဆိုင်ရာ မေးခွန်းများ**

၁။ ကိုလံဘီယာသို့ နိုင်ငံစုံကုမ္ပဏီများ အဘယ်ကြောင့်တိုး၍တိုး၍လာကြသနည်း။
အဖြေ။ ကိုလံဘီယာ၏ သဘာဝအရင်းအမြစ်များကို အမြတ်ထုတ်ရန် ရောက်လာကြသည်။

၂။ ကိုလံဘီယာအစီအစဉ်ဆိုသည်မှာ အဘယ်နည်း။
အဖြေ။ ကိုလံဘီယာအစီအစဉ်ဆိုသည်မှာ အကြမ်းဖက်အုပ်စုများနှင့် မူးယစ်ဆေးဝါးအား တိုက်ဖျက်ရန် စီးပွားရေး တိုးတက်ဖွံ့ ဖြိုးမှုကို ပိုမိုဖန်တီးရန် ကိုလံဘီယာအစိုးရအား စစ်ရေးနှင့်စီးပွားရေး အကူအညီပေးရန်ဖြစ်သည်။

၃။ ကိုလံဘီယာအစီအစဉ်အား ဝေဖန်သူတို့က မည်ကဲ့သို့သုံးသပ်သနည်း။
အဖြေ။ ကိုလံဘီယာစီးပွားရေးအား အမေရိကန်က ထိန်းချုပ်လိုသည့်အတွက် ဆင်ခြေတစ်ရပ်ဟုသတ် မှတ်သည်။

၄။ ကိုလံဘီယာတွင် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ မည်ကဲ့သို့စွပ်စွဲခံရသနည်း။
အဖြေ။ သူတို့၏အကျိုးစီးပွားကာကွယ်ရန် အရံစစ်မှုထမ်းများကို အသုံးပြုခဲ့ကြောင်းစွပ်စွဲခံရသည်။

၅။ ကိုကာကိုလာကုမ္ပဏီနှင့် ဒရမ်မွန်တို့သည် မည်ကဲ့သို့စွပ်စွဲခံရသနည်း။
အဖြေ။ အလုပ်သမားသမဂ္ဂရှိ အဖွဲ့ဝင်များကို တိုက်ဖျက်ရန် အရံစစ်မှုထမ်းများငှားရမ်းသည်ဟုစွပ်စွဲခံရသည်။

ကိုလံဘီယာ၏ ပြဿနာများကို သင်မည်ကဲ့သို့ဖြေရှင်းမည်နည်း။ ကျောင်းသားများအား အုပ်စုခွဲ၍ မေးခွန်း များကို စဉ်းစားရန်နှင့် အကြံထုတ်ရန် ၁၀ မိနစ်ခန့်အချိန်ပေးပါ။ အကြံရလျှင် အတန်းနှင့်ထိုအကြံများကို တိုင်ပင်ပါ။ အောက်ဖော်ပြပါစာကြောင်းများက သင့်အားကူညီနိုင်သည်။

နိုင်ငံနှင့် ပတ်ဝန်းကျင်ကိုကာကွယ်ရန် အစိုးရကိုဖိအားပေးရမည်။ နိုင်ငံစုံကော်ပိုရေးရှင်းများအား မိမိတို့၏ လုပ်ငန်းတာဝန်ကို နားလည်စွာ ဖြင့် အလုပ်လုပ်ရန် ဖိအားပေးရမည်။

၂၀။ သုံးသပ်ချက်

ကျောင်းသားများအား အောက်ပါလေ့ကျင့်ခန်းများကို ကိုယ်တိုင် သို့မဟုတ် အခြားသူတစ်ယောက်နှင့် ပူးပေါင်းခြင်းရှိမရှိ ဆုံးဖြတ်ခိုင်းပါ။ ဖြေဆိုရမည့်အချိန် ကျောင်းသားသုံးစာအုပ်အား အဖြေအတွက်ပြန် ရှာခြင်းခွင့်ပြုမပြုအား ဆုံးဖြတ်ပါ။ အားလုံး ပေါင်းလျှင် အမှတ် ၅၀ ပေးပါ။ အမှတ်ပေးစည်းမျဉ်းကို သင်ကိုယ်တိုင်သာဆုံးဖြတ်ပါ။

၁။ စီးပွားရေးမြေပုံ ထုတ်လုပ်ခြင်းဆိုင်ရာအဆင့်များ ကျောင်းသားများနားလည်ခြင်းရှိမရှိကိုစစ်ဆေးပါ။ သူတို့မှန်ကန်စွာ ခွဲခြားနိုင်သည့် အပေါ်မူတည်၍ ၁၀ မှတ်ပေးပါ။

၂။ မှား မှန် (၁၃ မှတ်)

မှန်ကန်သောအဖြေမှန် တစ်ခုအတွက် တစ်မှတ်ပေးပြီး၊ မှန်ကန်သော အမှားအဖြေတစ်ခုအတွက် နှစ်မှတ်ပေးပါ။

(က) စီးပွားရေးဆိုသည်မှာ လူတို့လိုချင်သော အရာများအကြောင်းဖြစ်သည်။
အဖြေ။ မှန်

(ခ) ရှားပါးခြင်းဆိုသည်မှာ အခြားသော အရင်းအမြစ် ကုန်စည်နှင့်ဝန်ဆောင်မှုများ အလွန်ပေါများခြင်းဖြစ်သည်။
အဖြေ။ မှား (ရှားပါးခြင်းဆိုသည်မှာ ပေါများခြင်းမဟုတ်)

(ဂ) ထုတ်လုပ်ခြင်းတွင် အရင်းအနှီး၊ လုပ်အားနှင့် လုပ်ငန်းဟူ၍ အဖြေသုံးမျိုးရှိသည်။
အဖြေ။ မှား

(ဃ) လူတစ်ဦးချင်းစီ၏ ဂျီဒီပီသည်နိုင်ငံတစ်နိုင်ငံ၊ ဘဝတန်ဖိုးကိုအမှန်ကန်ဆုံးဖော်ပြနိုင်သော စီးပွားရေးညွှန်ကိန်းဖြစ်သည်။
အဖြေ။ မှား (လူသားတိုးတက်မှုညွှန်ကိန်းက ပိုမိုမှန်ကန်သည်)

(င) အချိုးတူအခွန်တွင် လူတိုင်းသည် မိမိရရှိသောဝင်ငွေ၏ အချိုးတူကိုပေးဆောင်ရသည်။
အဖြေ။ မှန်

(စ) အလွန်အမင်းငွေကြေးဖောင်းပွခြင်းဆိုသည်မှာ ဈေးနှုန်းများလျင်မြန်စွာကျဆုံးပါကဖြစ်ပေါ်သည်။
အဖြေ။ မှား (ဈေးနှုန်းများလွန်စွာ ထိုးတက်ပါကဖြစ်ပေါ်ခြင်းဖြစ်သည်)

(ဆ) လွတ်လပ်သောကုန်သွယ်ရေးတွင် သွင်းကုန်အတားအဆီးများနှင့် ကူညီပံ့ပိုးမှုများပြုလုပ်နိုင်သည်။
အဖြေ။ မှား

(ဇ) စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ ကမ္ဘာ့စီးပွားရေးများပေါင်းစည်းခြင်းဖြစ်သည်။
အဖြေ။ မှန်

၃။ ကွက်လပ်ဖြည့်ပါ။ (၈ မှတ်)

(က) ဝယ်လိုအားဆိုသည်မှာ ကုန်စည်နှင့်ဝန်ဆောင်မှုကို လိုချင်သောလူအရေအတွက်ဖြစ်သည်။ ရောင်းလိုအားဆိုသည်မှာ ရနိုင်သော ကုန်စည်အရေအတွက်ဖြစ်သည်။

(ခ) အလုပ်သမားသမဂ္ဂဆိုသည်မှာ အလုပ်သမားအခွင့်အရေးနှင့် အလုပ်ခွင်အခြေအနေများကို ရရှိတိုး တက်ကာကွယ်ရန် ဖွဲ့စည်းထားသောအလုပ်သမားအဖွဲ့ဖြစ်သည်။

(ဂ) ကုန်သွယ်ရေးလိုငွေပြသည်မှာ တိုင်းပြည်တစ်ပြည်အား ပို့ကုန်များထက် သွင်းကုန်များကိုပိုမိုတင်သွင်းသောအခါ ဖြစ်ပေါ်သည်။

(ဃ) ဘာတာစနစ်တွင် ကုန်စည်များကိုတိုက်ရိုက်လဲလှယ်သည်။ ငွေကြေးကိုကား အသုံးမပြု။

(င) အရင်းအနှီးဆိုသည်မှာ ထုတ်လုပ်ခြင်းအတွက် ငွေကြေးနှင့်ပစ္စည်းများပင်ဖြစ်သည်။

စာစီစာကုံး (၁၉ မှတ်)

စာစီစာကုံးအား မေးရာတွင် အရေးကြီးဆုံးအချက်မှာ သူတို့သည် အယူအဆများ မည်မျှကောင်းကောင်း သဘောပေါက် ၍ တင်ဆက်နိုင်သည့် စွမ်းရည်ပေါ်တွင်မူတည်သည်။ သင့်အနေဖြင့် အိုင်ဒီယာအစစ်အမှန် များနှင့် တင်ဆက်နိုင်စွမ်းအပေါ်အမှတ်ပေးနိုင်သည်။ အမှတ်လျှော့ခြင်းထက် အမှတ်ပိုပေးနိုင်အောင်ကြိုးစားပါ။ သူတို့ရွေးသောခေါင်းစဉ်ကို သင်သဘောတူချင်မှ တူပေလိမ့်မည်။ သူတို့၏ အယူအဆနှင့် ဆွေးနွေးချက်၏ တန်ဖိုးက သူတို့ ရေးသောစာလုံးများထက်ပိုတန်ဖိုးရှိသည်။

## Glossary

activist(noun) – အပြောင်းအလဲများဖန်တီးများ စီမံကွပ်ကဲသောသူ
allocation(noun) – ပေးဝေခြင်း
appropration(verb) – ပေးချေမှုမပြုဘဲ တရားမဝင် ရယူသည်
armed(adj) – လက်နက်တပ်ဆင်ထားသော
asset(noun) – တန်ဖိုးရှိပစ္စည်း
barbed-wire(noun) – အတားအဆီးအဖြစ် အသုံးပြုထားသော ခြံစည်းရိုး
boycott(noun) – မလိုက်နာရန် ဆန္ဒပြမှု
bullodozer(noun) – မြေချိစက်
to censor(verb) – ပုံနှိပ်ရန်မသင့်လျော်သည်များကို စိစစ်သည်။
catastophic(adj) – လွန်စွာဆိုးရွားသော
Chair(noun) – နာယကနေရာ
chaos(noun) – ပရမ်းပတာဖြစ်သော
claim(noun) – တောင်းဆိုချက်
cocaine(noun) – ကိုကာပင်မှ ပြုလုပ်သော မူးယစ်ဆေး
to colonise(verb) – ဒေသတစ်နေရာကို သိမ်းပိုက်၊အုပ်စိုးသည်
compesation(noun) – လျော်ကြေး
to compete(verb) – ယှဉ်ပြိုင်သည်
to comply(verb) – သဘောတူညီသည်
to condemn(verb) – ရှုတ်ချသည်။
condition(noun) – အခြေအနေတစ်ရပ်
constitution(noun) – ဖွဲ့စည်းပုံအခြေခံဥပဒေ
controversial(adj) – အငြင်းပွားဖွယ်ရာဖြစ်သော
corruption(noun) – ကိုယ်ကျိုးအတွက် အာဏာကို အလွဲသုံးစားပြုခြင်း
coup(noun) – အာဏာသိမ်းခြင်း
to cultivate(verb) – စိုက်ပျိုးသည်
customs(noun) – အကောက်ခွန်ဌာန
debt(noun) – အကြွေး
democratise(verb) – ဒီမိုကရေစီဖြစ်အောင်ပြုလုပ်သည်။
demonstration(noun) – မကျေနပ်မှုကို ဆန္ဒပြခြင်း
to devastate(verb) – ပျက်စီးစေသည်
development(noun) – တိုးတက်မှု
discrimination(noun) – ခွဲခြားဆက်ဆံခြင်း
dispute(noun) – အငြင်းပွားဖွယ်ရာ
domestic(adj) – ပြည်တွင်းဖြစ်သော
to dominate(verb) – လွှမ်းမိုးထားသည်။
drastic(adj) – မြန်ဆန်၍ ပြင်းထန်သော
dump(verb) – မလိုအပ်သည်များကို ဖယ်ထုတ်သည်
elite(noun) – လူ့မလိုင်
to eradicate – ဖျက်စီးတိုက်ဖျက်သည်
essential(adj) – မရှိမဖြစ်လိုအပ်သော
to expand(verb) – ကြီးထွားအောင် ပြုလုပ်သည်
exploitation(noun) – ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း
extortion(noun) – အာဏာသုံး၍ ဆက်ဆံရယူခြင်း
fake(adj) – အစစ်အမှန်မဟုတ်သော

to fire(verb) – အလုပ်မှထုတ်ပယ်သည်
fixed exchange rates(noun) – ပုံသေသတ်မှတ်ထားသော ငွေလဲလှယ်နှုန်း
formation(noun) – ဖန်တီးခြင်း
to found(verb) – စတင်သည်။
gargage(noun) – ဂိုဒေါင်
grant(noun) – တိုင်းပြည်(သို့)လူတစ်ဦးချင်းစီအားပေးအပ်သောငွေ
gross(adj) – တစ်ခုလုံးပါဝင်သော
hectare(noun) – မြေဧက(၁၀၀၀၀ မိုင်)
import(noun) – သွင်းကုန်
incentive(noun) – မက်လုံး
income(noun) – ဝင်ငွေ
indicator(noun) – ညွှန်ကိန်း
ineffective(adj) – ကောင်းစွာအလုပ်မလုပ်နိုင်သော
inequality(noun) – မညီမျှခြင်း
to inspire(verb) – တိုက်တွန်းနှိုးဆော်သည်
to integrate(verb) – စုစည်းသည်။
intensive agriculture(noun) – ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်ခြင်း
interest(noun) – အတိုး
to interfere(verb) – ဝင်ရောက်စွက်ဖက်သည်
isolated(adj) – အစစ်အမှန်မဟုတ်သော
to issue(verb) – ထုတ်ပြန်သည်
jurisdiction(noun) – အာဏာအား ကန့်သတ်ခြင်း
landless(adj) – မြေယာမရှိသော
lawsuit(noun) – တရားရေးဖြစ်စဉ်
to lay off(verb) – အလုပ်မှထွက်ရန်ပြောသည်
legitimacy(noun) – အသိအမှတ်ပြုခြင်း
to liberalize(verb) – လွတ်လပ်ခွင့်ပြုသည်
liberalization(noun) – လွတ်လပ်ခွင့်ပြုခြင်း
life expectency(noun) – မျှော်မှန်းသက်တမ်း
literacy(noun) – စာတတ်မြောက်မှုနှုန်းထား
to maintain(verb) – အခြေအနေကောင်းကို ထိန်းသိမ်းသည်။
to maximize(verb) – ဖြစ်နိုင်သမျှကြီးမားအောင်ပြုလုပ်သည်
media(noun) – သတင်းမီဒီယာ
to minimize(verb) – သေးအောင်ပြုလုပ်သည်။
to monitor(verb) – စစ်ဆေးသည်
to nationalize(verb) – နိုင်ငံပိုင်ပြုလုပ်သည်
to negotiate(verb) – ဆွေးနွေးညှိနှိုင်းသည်
non-legitimate(adj) – တရားမဝင်မဟုတ်သော
to obtain(verb) – ရရှိသည်။
to occupy(verb) – သိမ်းပိုက်သည်
opposition(noun) – အတိုက်အခံ
paramilitary(noun;adj) – အရပ်ဖက်မက စစ်ဖက်မကျသော နေရာ
pension(noun) – ပင်စင်
pesticide(noun) – ပိုးသတ်ဆေး
plentiful(adj) – အလွန်များသော
poverty(adj) – ဆင်းရဲမှု

predictably(adverb) – ခန့်မှန်းနိုင်စွမ်းစွာ
product(noun) – ထုတ်ကုန်
to protest(verb) – ဆန့်ကျင်သည်
publicity(noun) – အတိအလင်းသတင်းဖော်ပြမှု
pus(noun) – အနာမှ ထွက်လာသော ပြည်
to rank(verb) – အစဉ်လိုက်စီသည်
relative(adj) – သင့်လျော်သော
to relax(verb) – သက်တောင့်သက်သာနေသည်။
repetitive(adj) – ကြိမ်ဖန်များစွာဖြစ်သော
repressive(adj) – ဖိနှိပ်သော
resource(noun) – ရင်းမြစ်
restriction(noun) – ကန့်သတ်ချက်
to rig(verb) – တရားမမျှတစွာ စီမံသည်
rural(adj) – ကျေးလက်နေ
sabotage(noun) – တစ်စုံတစ်ခုအား ကြီးမားစွာ ပျက်စီးဆုံးရှုံးစေခြင်း
sector(noun) – စီးပွားရေး
to segregate(verb) – ခွဲခြားသည်
to seize(verb) – အင်အားဖြင့်စီးနင်းသည်
self-sufficient(adj) – ကိုယ်တိုင်လုံလောက်သော
servitude(noun) – ကျွန်ဖြစ်ခြင်း
severely – ပြင်းထန်စွာ
to shrink(verb) – သေးငယ်လာသည်
slave(noun) – ကျွန်
slum(noun) – လူနေထူထပ်သော ဆင်းရဲသားရပ်ကွက်
to specialize(verb) – အထူးပြုသည်
specialization(noun) – အထူးပြုခြင်း
stock(noun) – ရောင်းရန်ကုန်စည်
subtitute(verb) – အစားထိုးသည်
substanially(verb) – စဉ်ဆက်မပြတ်
supreme(adj) – အမြင့်ဆုံးဖြစ်သော
surplus(noun) – အပိုဖြစ်သော
to survive(noun) – ရှင်သန်နေသည်
techique(noun) – နည်းပညာ
tear gas(noun) – မျက်ရည်ယိုဗုံး
territory(noun) – နယ်နမိတ်
totalitarian(noun) – ထိန်းချုပ်ထားသောအခြေအနေ
toxic(adj) – အဆိပ်ပါသော
transparent(adj) – မြင်သာထင်သာရှိစေသော
unification(noun) – ပေါင်းစည်းခြင်း
unique(adj) – အများနှင့်မတူ
unrestrained(adj) – မချုပ်ကိုင်ထားသော
wages(noun) – လုပ်ခ၊လစာ